# "ပဏာမလူမှုရေးဆိုင်ရာလေ့လာဆန်းစစ်ချက်(မူကြမ်း):

# ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော ကျောင်းရံပုံငွေထောက်ပံ့ခြင်း အစီအစဉ် မြန်မာနိုင်ငံ"

---

ပညာရေးဝန်ကြီးဌာနအတွက်

မြန်မာဖွံ့ဖြိုးရေးသုတေသနအဖွဲ့မှ ပြုစုသည်။

## မာတိကာ

အနှစ်ချုပ်ဖော်ပြချက်

ပညာသင်စရိတ်ထောက်ပံ့ကြေး (စတိုင်ပင်) စီမံချက်

စာသင်ကျောင်းများအထွေထွေအသုံးစရိတ် ထောက်ပံ့ကြေးစီမံချက်

အပိုင်း(၁) မိတ်ဆက်

အပိုင်း (၂) လူမှုရေးဆိုင်ရာ ဆန်းစစ်ခြင်း နည်းစနစ်

ကွင်းဆင်းလေ့လာဆန်းစစ်ရာတွင် ကြုံတွေ့ရသော ကန့်သတ်ချက်များ

အပိုင်း (၃) မှတ်တမ်းများ၊ ရည်ညွှန်းကိုးကားသည့်စာများမှ တွေ့ရှိချက်များ

ဥပဒေနှင့် မူဝါဒပိုင်းဆိုင်ရာ သတ်မှတ်လုပ်ဆောင်ချက်များ

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ

အခြားပညာရေးဆိုင်ရာ ဆက်စပ်ဥပဒေများ

မြန်မာနိုင်ငံရှိ လက်ရှိဥပဒေ နှင့် မူဝါဒရေးရာ ပြုပြင်ပြောင်းလဲရေးအလားအလာ

တိုင်းရင်းသားလူမျိုးများအတွက် အခြေခံဥပဒေနှင့်အညီ သတ်မှတ်ပြဋ္ဌာန်းပေးမည့် ပညာရေး

စနစ်

ပညာရေးကဏ္ဍဆိုင်ရာသုံးသပ်ချက်

ပညာရေးလက်လှမ်းမီမှုနှင့်သက်ဆိုင်သောကိစ္စရပ်များ

အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်နှင့် အထောက်အကူပြုလုပ်ငန်းများ

အပိုင်း (၄) မြို့နယ်အလိုက်လေ့လာခဲ့သည် လူမှုရေးဆိုင်ရာဆန်းစစ်ချက်များ

၁. ကလောမြို့နယ်

ပထဝီဝင်အနေအထားနှင့် လူမှုဘဂအခြေအနေများ

လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

တိုင်းရင်းသားလူမျိုးစုဆိုင်ရာအချက်အလက်များ

မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ

၂. ဆိပ်ကြီးခနောင်တိုမြို့နယ်

ပထဝီဝင်အနေအထားနှင့် လူမှုဘဂအခြေအနေများ

လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

တိုင်းရင်းသားလူမျိုးစုဆိုင်ရာအချက်အလက်များ

မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ

၃. ဇမ္ဗူသီရိမြို့နယ်

ပထဝီဝင်အနေအထားနှင့် လူမှုဘဂအခြေအနေများ

လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

တိုင်းရင်းသားလူမျိုးစုဆိုင်ရာအချက်အလက်များ

မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ

၄. မဟာအောင်မြေမြို့နယ်

ပထဝီဝင်အနေအထားနှင့် လူမှုဘဂအခြေအနေများ

လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

တိုင်းရင်းသားလူမျိုးစုဆိုင်ရာအချက်အလက်များ

မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ

၅. မုဒုံမြို့နယ်

ပထဝီဝင်အနေအထားနှင့် လူမှုဘဂအခြေအနေများ

လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

တိုင်းရင်းသားလူမျိုးစုဆိုင်ရာအချက်အလက်များ

မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ

၆. ရေတာရှည်မြို့နယ်

ပထဝီဝင်အနေအထားနှင့် လူမှုဘဂအခြေအနေများ

လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

တိုင်းရင်းသားလူမျိုးစုဆိုင်ရာအချက်အလက်များ

မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ

အပိုင်း (၅) လူမှုရေးရာဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သောသက်ဆိုင်ရာပုဂ္ဂိုလ် (Stakeholders) များနှင့် လုပ်ငန်းစဉ်တွင်းကိစ္စရပ်များ၊ လုပ်ငန်းရလာဒ်များကို တိုင်ပင်ဆွေးနွေးခြင်း

အပိုင်း (၆) ပညာရေးလက်လှမ်းမီမှုဆိုင်ရာ လူမှုရေးဆန်းစစ်ခြင်းလုပ်ငန်းများတွင် တွေ့ရှိချက်များ

၁. ပညာရေးလက်လှမ်းမီမှုကဏ္ဍကိုသုံးသပ်ခြင်း

၂. ပညာရေးလက်လှမ်းမီမှုအတွက်ကန့်သတ်ချက်များ

ငွေကြေးဆိုင်ရာအခက်အခဲကန့်သတ်မှုများ

ငွေကြေးဆိုင်ရာမဟုတ်သော အခက်အခဲကန့်သတ်မှုများ

ကျား၊ မ ကွဲပြားမှုကြောင့် ဖြစ်ပေါ်လာသည့် ကန့်သတ်ချက်များ

၃. ပညာလက်လှမ်းမီမှုဆိုင်ရာ ကန့်သတ်မှုများအတွက် အခက်အခဲ ဖြေရှင်းခြင်းမှုပုံစံများ

ငွေကြေးဆိုင်ရာ အခက်အခဲဖြေရှင်းခြင်းများ

ဝေးလံခေါင်သီမှုကြောင့်ဖြစ်သည့် အခက်အခဲများကို ဖြေရှင်းခြင်းများ

ဘာသာစကားအခက်အခဲကြောင့်ဖြစ်သည့် ပညာရေးဆိုင်ရာ အခက်အခဲများကို

ဖြေရှင်းခြင်း

၄. ပညာလက်လှမ်းမီမှုကဏ္ဍနှင့်ပတ်သက်၍ အကြံပြုလုပ်ဆောင်ချက်များ

ပညာရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန်အတွက် အကြံပြုချက်များ

ပညာရေးအတွက် အခြေခံဥပဒေပိုင်းဆိုင်ရာ ထောက်ပံ့ကူညီမှု

အပိုင်း (၇) ပညာသင်ထောက်ပံ့ကြေးငွေ (စတိုင်ပင်)လူမှုရေးဆန်းစစ်ချက်တွင် တွေ့ရှိချက်များ

၁. ပညာသင်ကျောင်းများ၏ ဖွဲ့စည်းပုံ

၂. ထောက်ပံ့ကြေးရံပုံငွေ စီးဆင်းပုံ

၃. ထောက်ပံ့ကြေးရွေးချယ်ပေးအပ်မည့် ကဏ္ဍများနှင့် အကျိုးရှိစေမည့်

ကဏ္ဍများရွေးချယ်ခြင်း

ရွေးချယ်ခြင်း လုပ်ငန်းစဉ်

၄. ထောက်ပံ့ကြေးရယူမည့်ဦးရေ၊ ထောက်ပံ့ကြေးပေးအပ်မည့်ပမာဏနှင့် အမှန်တကယ်

လိုအပ်သည့်ပမာဏ

၅. ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းဆိုင်ရာ သတင်းအချက်အလက်များကို အသိပေး

လက်ကမ်းဝေမျှသည့် လုပ်ငန်းစဉ်

၆. ပညာသင်ထောက်ပံ့ကြေးနှင့် ပတ်သက်၍ ကျောင်းကော်မတီ၊ မိဘဆရာအသင်းနှင့်

မိဘပြည်သူများ ပါဝင်ဆောင်ရွက်မှု

- ထောက်ပံ့ကြေးပေးအပ်သည့်ကိစ္စရပ်များ ဆောင်ရွက်ရာတွင် ဆင်းရဲနွမ်းပါးသူများ၊ တိုင်းရင်းသားမျိုးနွယ်စုများ၊ အခြားမျိုးနွယ်စုများနှင့် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှု

၇. ပြန်လှန်သုံးသပ်သည့် လုပ်ငန်းစဉ်

၈. ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် အစီရင်ခံခြင်း

၉. ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပတ်သက်သည့် အကြံပြုချက်များ

၁. မူဝါဒရေးရာများကို အကြံပြုခြင်းများ

အပိုင်း (၈) စာသင်ကျောင်းများကို အစိုးရထောက်ပံ့ကြေးပေးရန်အတွက် ဆန်းစစ်လေ့လာမှုများမှတွေ့ရှိချက်များ

၁. ထောက်ပံ့ကြေးမည်သို့အသုံးပြုမည်ကို မည်သို့ဆုံးဖြတ်မည်နည်း

၂. အစိုးရထောက်ပံ့ကြေးများကို စာသင်ကျောင်းများသို့ မည်သို့ထုတ်ပေးမည်နည်း

၃. စီမံချက်ဆိုင်ရာ ကန့်သတ်ချက်များ

၄. အစိုးရထောက်ပံ့ကြေးများအပေါ် စိစစ်သုံးသပ်ခြင်း

၅. လုပ်ငန်းစဉ်များကို ကြည့်ရှုထိန်းသိမ်းခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း

၁. မူဝါဒရေးရာ သုံးသပ်အကြံပြုခြင်းများ

၆. အစိုးရထောက်ပံ့ကြေးများအပေါ် အကြံပြုတိုက်တွန်းချက်များ

၂. စာသင်ကျောင်းများအလိုက် အကြံပြုချက်များ

## အတိုကောက်စာလုံးများ

ADs - Assistant Director

(လက်ထောက်ညွှန်ကြားရေးမှူး)

ATEOs - Assistant Township Education Officers

(လက်ထောက်မြို့နယ်ပညာရေးမှူး)

BEHS - Basic Ecucation High School

(အစိုးရအထက်တန်းကျောင်း)

CPE - Compulsory Primary Education

(မသင်မနေရမူလတန်းပညာရေးစနစ် )

CESR - Comprehensive Education Sector Review

(ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာဆန်းစစ်မှု)

DEPT - Department of Education Planning and Training

(ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန)

DPs - Development Partners

(ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများ)

DBEs - Department of Basic Educations

( အခြေခံပညာဦးစီးဌာန )

DEOs - District Education Offices

( ခရိုင်ပညာရေးဦးစီးဌာနရုံးများ )

DMERB - Department of Myanmar Education Research Bureau

( မြန်မာနိုင်ငံပညာရေးသုတေသနရေးရာဌာန )

FESR - Framework for Economic and Social Reforms

( စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှုအတွက် အခြေခံမူဘောင်)

GOM - Government Of Myanmar

( မြန်မာနိုင်ငံ အစိုးရအဖွဲ့ )

MOE - Ministry of Education

( ပညာရေးဝန်ကြီးဌာန )

MDGs - Millennium Development Goals

( ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ )

EFA – NAP - Myanmar Education for All-National Action Plan

( မြန်မာနိုင်ငံသား အားလုံးအတွက် ပညာရေးဆိုင်ရာစီမံချက် )

NFPE - Non Formal Primary Education

( ကျောင်းပြင်ပမူလတန်းပညာရေးစနစ် )

NER - Net Enrollment Rate

( အသားတင်ကျောင်းအပ်နှုန်း )

PTA - Parents and Teachers Association

( မိဘဆရာအသင်း )

SBSS/RBSS -State/Region Board for Selection of Students

( ပြည်နယ်နှင့်တိုင်း ကျောင်းသား၊ကျောင်းသူများရွေးချယ်ရေး ဘုတ်အဖွဲ့ )

SEDO/REDOs - State or Region Education Office

( ပြည်နယ်နှင့်တိုင်း အခြေခံပညာရေးရုံး )

SLORC - State Law and Order Restoration Council

( နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ )

TEOs - Township Education Offices

( မြို့နယ်အခြေခံပညာဦးစီးဌာနရုံး )

TMO - Township Medical Officer

( မြို့နယ်ဆရာဝန် )

TBSS - The Township Board for Selection of Students for Scholarships and Stipends

( စကောလားရှစ်နှင့် စတိုင်ပင်ထောက်ပံ့ကြေးပေးရန် ကျောင်းသူကျောင်းသား ရွေးချယ်ရေး မြို့နယ်အဆင့်ဘုတ်အဖွဲ့ )

# အနှစ်ချုပ်ဖော်ပြချက်

အခြေခံပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးသည် မြန်မာနိုင်ငံအစိုးရ၏ အသွင်ပြောင်းလဲရေး လုပ်ငန်းစဉ်များစွာထဲမှ တစ်ခုဖြစ်သည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံပညာရေးဝန်ကြီး၏ဌာနမှ အခြေခံအမျိုးသားပညာရေး မြှင့်တင်ရေးအတွက် အခြေခံပညာရေးကဏ္ဍ အနှစ်နှစ်ဆယ် စီမံကိန်း ၂၀၁၁ - ၂၀၃၁ အခြေခံဥပဒေကြမ်းကို ပြုစုရေးဆွဲလျက်ရှိသည်။ ဤစီမံကိန်း၏ အဓိကရည်ရွယ်ချက်တစ်ခုမှာ ပညာသင်ကြားခွင့်များ တိုးတက်လာစေရန်အတွက် အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်အကောင်အထည်ဖော်ရန်နှင့် ဆင်းရဲနွမ်းပါးသောမိသားစုများမှ ကျောင်းသားကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်သွားရန်ဖြစ်သည်။ တစ်ပြိုင်နက်တည်းမှာပင် အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ပံ့ပိုးရန်၊ သင်ကြားရေးစနစ်များ တိုးတက်လာစေရန်နှင့် သင်ယူမှုပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ မူလတန်းကျောင်းသားရှိသည့်ကျောင်းအားလုံးသို့ ပညာရေးဝန်ကြီးဌာနမှ ကျောင်းထောက်ပံ့ကြေးများ ပေးအပ်သွားမည် ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ အကူအညီတောင်းခံမှုအရ ကမ္ဘာ့ဘဏ်သည် အစိုးရကျောင်းများကို ထောက်ပံ့ကြေးပေးရန်နှင့် ပညာရေးထောက်ပံ့ကြေး (စတိုင်ပင်)များ ပေးအပ်ရေးစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ထွက်ပေါ်လာသည့် လုပ်ဆောင်ချက် ရလာဒ်များအပေါ် မူတည်၍ လိုအပ်သလို ကူညီထောက်ပံ့မည့်စနစ်ဖြင့် မြို့နယ်အဆင့်အရာရှိများနှင့် စာသင်ကျောင်းစီမံခန့်ခွဲရေးအဖွဲ့များ၏ အရည်အသွေးတိုးမြှင့်ရေးဆိုင်ရာ လေ့ကျင့်သင်ကြားမှုများ၊ မူလတန်းဖတ်စာအုပ်များကို ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဒုတိယအဆင့်အနေဖြင့် အစိုးရစီမံချက် များကို အကောင်အထည်ဖော်ခြင်း၊ ကြပ်မတ်ထိန်းသိမ်းခြင်းနှင့် အရည်အသွေးဆိုင်ရာ အကဲဖြတ်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ရန်အတွက် စွမ်းရည်တည်ဆောက်ခြင်းလုပ်ငန်းများတွင် နည်းပညာပိုင်းဆိုင်ရာအကူအညီပေးရန်ဖြစ်သည်။

ဤလူမှုရေးဆိုင်ရာ ပဏာမဆန်းစစ်ချက်ကို အဓိက ရည်ရွယ်ချက် (၃) ခုဖြင့်ဆောင်ရွက်မည်ဖြစ်သည်။ (၁) ဤစီမံချက်ကို ဆန်းစစ်ရာတွင် ကမ္ဘာ့ဘဏ်မှ ချမှတ်ထားသည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒများနှင့်အညီ လုပ်ဆောင်ရန် (၂) ပညာသင် ထောက်ပံ့ကြေးနှင့် စာသင်ကျောင်းများအားထောက်ပံ့ရာတွင် ပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု တိုးမြင့်လာစေရေး (၃) စတိုင်ပင်နှင့် ကျောင်းများထောက်ပံ့ကြေး စီမံချက်နှစ်ခုလုံးတွင် အသုံးပြုမည့် လုပ်ငန်းပိုင်ဆိုင်ရာလမ်းညွှန်တွင် အကြံပြုတိုက်တွန်းချက်များ လုပ်ဆောင်နိုင်ရန်တို့ဖြစ်သည်။

ဤပဏာမလူမှုရေးဆိုင်ရာလေ့လာဆန်းစစ်ချက်သည် စီမံကိန်းများမှ လစ်လျူရှုခြင်းခံထား ရတတ်သော (သို့မဟုတ်) ခံထားရနိုင်ဖွယ်ရှိသော တိုင်းရင်းသားလူနည်းစုများအပါအဝင် ထိခိုက်လွယ်အုပ်စုများကို သိရှိနိုင်ရန်နှင့် ဖြစ်နိုင်ခြေရှိသော လစ်လျူရှုမှုကို ကာကွယ်နိုင်မည့် နည်းလမ်းများကို ရှာဖွေနိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါအချက်များနှင့်ပတ်သက်သော တွေ့ရှိချက်များကို ရပ်ရွာမှပါဝင်သော စီမံကိန်းရေးဆွဲရေးမူဘောင်ပြုစုရန်အတွက်လည်း ရည်ရွယ်သည်။ ယခုလေ့လာဆန်းစစ်ချက်အပြင် ပိုမိုတိကျသော လူမှုရေးလေ့လာဆန်းစစ်ချက်တစ်ရပ်ကို စီမံကိန်းအကောင်အထည်ဖော်စဉ်ကာလအတွင်း စီမံချက်မြို့နယ်တစ်ခုချင်း၌ ပြုလုပ်ဆောင်ရွက် သွားမည်ဖြစ်သည်။ အဆိုပါ လာမည့် လေ့လာဆန်းစစ်ချက်ကို ထိခိုက်လွယ်နှင့် တိုင်းရင်းသားလူနည်းစုများအပါအဝင် စီမံကိန်း အကျိုးခံစားခွင့်ရှိသူများနှင့် ကြိုတင်အသိပေးထားသော လွတ်လပ်ပွင့်လင်းသည့် တိုင်ပင်ဆွေးနွေး မှုများဖြင့် ပြုလုပ်သွားမည်ဖြစ်ပြီး ရပ်ရွာပါဝင်သော စီမံကိန်းရေးဆွဲမှုစနစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် အဆိုပြုချက် များ နှစ်စဉ်ပေးသွားနိုင်ရန် ရည်ရွယ်သည်။ အဆိုပါ လူမှုရေးဆန်းစစ်ချက်သည် ကမ္ဘာ့ဘဏ်၏ လူမှုရေးဆိုင်ရာ လုံခြုံရေးမူဝါဒဖြစ်သော OP 4.10 ၏ သတ်မှတ်ချက်များနှင့်အညီ စီမံကိန်း မြို့နယ်အလိုက် ဖော်ဆောင်မည်ဖြစ်သည်။ သို့သော် လေ့လာမည့်အဂန်းအပိုင်းမှာ ပိုမိုကျယ်ပြန့် မည်ဖြစ်ပြီး OP 4.10 အရ ခြုံငုံမိခြင်းမရှိသည့် ထိခိုက်လွယ်အုပ်စုများရင်ဆိုင်နေရသော အခက်အခဲနှင့် သက်ရောက်မှုများကိုပါ ထည့်သွင်းလေ့လာ သွားမည်ဖြစ်သည်။

ဤပဏာမလူမှုရေးလေ့လာဆန်းစစ်ချက်ကို ဆင်းရဲမွဲတေမှုအဆင့်နှင့် ကျောင်းထွက်မှုအရေအတွက်ကို အခြေခံ၍ ရွေးချယ်ထားသော မြို့နယ် ၆ မြို့နယ်တွင် ပြုလုပ်ထားခြင်းဖြစ်သည်။ လေ့လာမှုပြုရာတွင် စီမံကိန်းနှစ်ရပ်စလုံးနှင့်သက်ဆိုင်သည့် အလားအလာရှိသော အကျိုးခံစားခွင့် ရှိသူများကို ကြိုတင်အသိပေးထားသော လွတ်လပ်ပွင့်လင်းသည့် တစ်ဦးချင်းစီအသေးစိတ်တိုင်ပင် ဆွေးနွေးသည့်ပုံစံဖြင့် လေ့လာခဲ့သည်။ ကွင်းဆင်းလေ့လာခဲ့သော မြို့နယ်များမှာ ပဲခူးတိုင်း ဒေသကြီးရှိ ရေတာရှည်၊ ရှမ်းပြည်နယ်ရှိ ကလော၊ မွန်ပြည်နယ်ရှိ မုဒုံ၊မန္တလေးတိုင်း ဒေသကြီးရှိ မဟာအောင်မြေ၊ နေပြည်တော်ရှိ ဇမ္ဗူသီရိနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ ဆိပ်ကြီးခနောင်တို မြို့နယ်တို့ ဖြစ်ကြသည်။ အဆိုပါ ၆ မြို့နယ်မှာ ဂင်ငွေအရ (သို့မဟုတ်) တိုင်းရင်းသားမျိုးနွယ်စု များအနေဖြင့်သော်လည်းကောင်း အမျိုးမျိုးကွဲပြားကြောင်း တွေ့ရသည်။

ဤပဏာမလူမှုရေးဆိုင်ရာဆန်းစစ်လေ့လာချက်သည် အချက်(၃)ချက်ပေါ်တွင် အဓိကထား လုပ်ဆောင်သည်။ (၁) ပညာရေးလက်လှမ်းမီမှုနှင့်ပတ်သက်သည့် လက်ရှိလုပ်ဆောင်ချက်များ (၂) ပညာသင်ထောက်ပံ့ကြေး(စတိုင်ပင်)အား လက်ရှိအကောင်အထည်ဖော်သည့်အခြေအနေ နှင့်

(၃) စာသင်ကျောင်းများအား ထောက်ပံ့ကြေးပေးသည့် စီမံချက်အပေါ် လက်ရှိအကောင်အထည် ဖော်မှုအခြေအနေ စသည်တို့ဖြစ်သည်။ ၎င်းအချက်သုံးချက်အပေါ်တွင် လေ့လာသုံးသပ်ရာတွင် မူဝါဒရေးရာချမှတ်သည့်အဆင့်မှ ပုဂ္ဂိုလ်များနှင့် လူထုနှစ်ရပ်စလုံးကို တွေ့ဆုံမေးမြန်း၍ လေ့လာ ခဲ့ခြင်းဖြစ်သည်။ အခြေပြုအဆင့် လူမှုရေးဆိုင်ရာဆန်းစစ်ချက်များကို စုဆောင်းပြုစုခဲ့ပါသည်။ မူဝါဒများ သတ်မှတ်အကောင်အထည်ဖော်သည့် စီမံရေးရာအဆင့်များမှ အရေးကြီးပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းရာတွင် စာပေမှတ်တမ်းများသာမက အခြားလိုအပ်သည့် အချက်များကိုလည်း အသေးစိတ်မေးမြန်းခဲ့သလို လူထုနှင့် တွေ့ဆုံမေးမြန်းမှုများကိုလည်း မြို့နယ် ၆ မြို့နယ်တွင် ပြုလုပ်ခဲ့သည်။ ထိုသို့ပြုလုပ်ရာတွင် အဆိုပါ မြို့နယ်(၆) မြို့နယ်မှာ မူဝါဒရေးရာ အကောင်အထည် ဖော်ဆောင်ရွက်သူများဖြစ်သည့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ မိဘဆရာအသင်းဝင်များ၊ အကျိုးခံစားခွင့်ရှိသူပြည်သူ များနှင့် ရပ်ရွာရှိ အခြားပြည်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့၍ အချက်အလက်များ စုဆောင်းခဲ့ပါသည်။ ထိုသို့ ကွင်းဆင်းလေ့လာရာတွင် သုတေသီများသည် ဆင်းရဲနွမ်းပါးသူများ၊ ထိခိုက်လွယ်အုပ်စုများနှင့် တိုင်းရင်းသားလူနည်းစုများကို အထူးအာရုံထား၍ လေ့လာခဲ့ပြီး ၎င်းတို့၏ စီမံချက်နှစ်ရပ်နှင့် ပညာသင်ကြားခွင့်အပေါ် အမြင်သဘောထားနှင့် စီမံချက်အတွင်း ရပ်ရွာပါဝင်မှုကို သိရှိနားလည် အောင် အထူးဂရုပြုလေ့လာခဲ့သည်။

ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှု နှင့် တိုင်းရင်းသားလူနည်းစုများဆိုင်ရာ သတင်းအချက် အလက်များရရှိရန် ခက်ခဲသောကြောင့် ဤပဏာမလူမှုရေးလေ့လာဆန်းစစ်ချက်သည် အဆိုပါ ၆ မြို့နယ်ရှိ လူဦးရေ နှင့် လူမှုစီးပွားရေးဆိုင်ရာ နောက်ခံအခြေခံသတင်းအချက်အလက်များကို တစ်ပါတည်းကောက်ယူမှုပြုခဲ့သည် (အခန်း ၄ တွင် ဖတ်ရှုရန်) ။

**ပညာလက်လှမ်းမီမှု တိုးတက်အောင်လုပ်ဆောင်ခြင်း**

လူမှုရေးဆန်းစစ်လေ့လာမှုမှ ခြုံငုံတွေ့ရှိချက်မှာ လွန်ခဲ့သည့်နှစ်နှစ်ခန့်မှ စတင်ခဲ့သော မူလတန်းအရွယ် ကျောင်းသားကျောင်းသူများ မည်သူမဆို ကျောင်းအပ်နှံနိုင်ရေး အစီအစဉ်အရ ပေးအပ်သည့် ကျောင်းအပ်နှံသော ကလေးတိုင်းအတွက် ငွေ ၁၀၀၀ ကျပ် နှင့် ကျောင်းစာအုပ်များ၊ ဗလာစာအုပ်များ အခမဲ့ပေးခြင်း စသည့်အထောက်အပံ့များကြောင့် မူလတန်းကလေးငယ်များ ပိုမို၍

ကျောင်းအပ်နှံလာကြခြင်းဖြစ်သည်။ သို့သော်လည်း မူလတန်းကို လုံးဝမတက်သည့် ကလေးငယ်များလည်း ရှိနေသေးကြောင်းကိုလည်း တွေ့ရှိရပါသေးသည်။ ထိုကလေးများမှာ အထူးသဖြင့် အလုပ်အကိုင်ရှာဖွေရန်အတွက် မြန်မာနိုင်ငံအရပ်ရပ်မှ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်သို့ လာရောက်ကြသော ရွှေ့ပြောင်းလုပ်သားများ၏ ကလေးငယ်များဖြစ်သည်။ ၎င်းကလေးငယ်များသည် မိဘများ ပြောင်းရွှေ့သွားလာခြင်းဖြင့် ကျောင်းအပ်နောက်ကျကြပြီး နောက်ပိုင်းတွင် သိမ်ငယ်ခြင်းကြောင့် ကျောင်းဆက်မတက်ဖြစ်ကြတော့ဘဲ ရပ်လိုက်ကြသည်များ ဖြစ်ပါသည်။

သုတေသနအရ တွေ့ရှိရသည်မှာ ပညာသင်ကြားမှုသည် အလယ်တန်းနှင့် အလယ်တန်းလွန် အဆင့်များတွင် ပို၍ကျဆင်းလေ့ရှိပြီး ၎င်းအချက်မှန်ကန်ကြောင်းကို လေ့လာပြီး စာပေမှတ်တမ်းများတွင်သာမက ယခုလက်ရှိသုတေသန၏ ကွင်းဆင်းလေ့လာမှုအရ တွေ့ရှိရသည်။ ကွင်းဆင်းလေ့လာရာတွင် ကျောင်းအုပ်ကြီးများနှင့် ပြည်သူလူထုများ၏ အစီရင်ခံချက်အရ ဆင်းရဲနွမ်းပါးသူများနှင့် တိုင်းရင်းသား ကျောင်းသားကျောင်းသူများအနက်မှ အနည်းငယ်သာ မူလတန်းအဆင့်ပြီးဆုံးပါက အလယ်တန်း၊ အထက်တန်းများသို့ ဆက်လက်တက်ရောက်ကြသည်ဟု သိရှိရသည်။ လေ့လာထားရှိပြီးသော စာတမ်းများမှ ဤအချက်ကိုမှန်ကန်ကြောင်း ထောက်ပြသည့်အချက်မှာ ကျောင်းထွက်နှုန်းသည် အထူးသဖြင့် ကျောင်းတွင် ၅ နှစ်တက်ရောက်ပြီး (အလယ်တန်းအဆင့်မတိုင်ခင်တစ်နှစ်)နှင့် ၉တန်း (အထက်တန်းမတိုင်ခင်တစ်နှစ်) တို့တွင် မြင့်မားလေ့ရှိသည်။ လူမှုကူညီရေးအစီအစဉ်မှ တွေ့ရှိသည်မှာ မူလတန်းအဆင့်ထက် ကျော်လွန်၍ ဆက်လက်ပညာသင်ကြားရေးအတွက် အဓိကနှင့် အရေးအပါဆုံးအချက်မှာ ငွေကြေးဆိုင်ရာ ချို့တဲ့မှုပင် ဖြစ်သည်။ ငွေကြေးဆိုင်ရာအခက်အခဲမဟုတ်သည့် အခြားသော အတားအဆီးများမှာ ဝေးလံခေါင်သီခြင်း (စာသင်ကျောင်းနှင့် အလွန်ဝေးကွာခြင်း)၊ ဘာသာစကား (မြန်မာဘာသာစကား ကျွမ်းကျင်မှုအားနည်းခြင်း) နှင့် ကျောင်းသားအရည်အချင်းစစ်သည့်စနစ် (မူလတန်းကျောင်းသားများကို မအောင်မနေရစနစ်ဖြင့် အရည်အချင်းမပြည့်မီဘဲ နောက်တစ်တန်းတက်ပေးခြင်း) စသည်တို့ဖြစ်သည်။

ငွေကြေးဆိုင်ရာအခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ကျောင်းသားများနှင့် မိဘများသည် အသေးစား လောင်းကစားများ (ချဲထီ၊နှစ်လုံးထီ)ပြုလုပ်ခြင်း၊ ကျောင်းသားများသည်လည်း ဝင်ငွေရရန် အလုပ်လုပ်ကြခြင်း၊ မိခင်များသည် စုကြေးအဖွဲ့များဝင်ကြခြင်းဖြင့် အပတ်စဉ်၊ လစဉ်ဝင်ငွေများ ရရှိရန် ကြိုးပမ်းကြခြင်းနှင့် မိဘများသည် ငွေတိုးချေးသူများထံမှ အတိုးဖြင့်ချေးယူကြခြင်းစသဖြင့် ပြုလုပ်ကြသည်။ ရပ်ရွာလူထုမှ ထိုမိသားစုများကို ငွေကြေးဆိုင်ရာ ကူညီကြခြင်းများလည်း ရှိပါသည်။ ကျောင်း

ကော်မတီအဖွဲ့ဝင်များမှ နွမ်းပါးသော ကျောင်းသားကျောင်းသူများအတွက် ကူညီလှူဒါန်းနိုင်ရန် ပွဲများ ကျင်းပပေးပြီး ငွေကြေးနှင့် အခြား (စာအုပ်၊ကျောင်းယူနီဖောင်း) စသည်တို့ကို ကူညီကောက်ခံပေး ကြခြင်းများလည်းရှိပါသည်။ ဆရာ၊ဆရာမများနှင့် ဘုန်းတော်ကြီးများမှ ငွေကြေးအလှူခံ၍ ကျောင်းသူကျောင်းသားများအား ပံ့ပိုးပေးခြင်းဖြင့် တစ်တပ်တစ်အား ပါဝင်ကူညီကြသည်ကိုလည်း တွေ့ရသည်။ ဝေးလံသောဒေသမှ ကျောင်းလာတက်ရခြင်းပြဿနာကို ဖြေရှင်းနိုင်ရန် ယောကျ်ား လေးများသည် ကျောင်းအနီးအနားရှိ ဘုန်းတော်ကြီးကျောင်းများတွင် မှီခိုနေထိုင်ကြပြီး မိန်းကလေး များမှာ နီးစပ်ရာ ဆွေမျိုးများအိမ်တွင် မှီခိုနေထိုင်၍ ကျောင်းတက်ကြသည်။ မိန်းကလေးများအတွက် မိဘများမှ ကျောင်းသို့ပို့ရန် တတ်နိုင်သည်ဆိုလျှင်ပင် ဝေးလံသီခေါင်မှုကြောင့် ၎င်းတို့အတွက် ယောကျ်ားလေးများနှင့် ယှဉ်လျှင် ကျောင်းတက်ရန် ပိုမိုခက်ခဲစေကြောင်း တွေ့ရသည်။ လူမှုကူညီရေး အစီအစဉ်မှတွေ့ရှိရသော ပြဿနာတစ်ခုမှာ အမှန်တကယ် စာမေးပွဲကျရှုံးသော်လည်း ၁ တန်းမှ ၇ တန်းထိ စာမေးပွဲအကျမရှိစေဘဲ အအောင်ပေးသည့်စနစ် (အကျမရှိစနစ်) ဖြစ်သည်။ အဆိုပါစနစ် ကြောင့် ကျောင်းသားကျောင်းသူများ ၈ တန်းရောက်ချိန်တွင် သင်ခန်းစာများကို မလိုက်နိုင်ကြတော့ဘဲ စိတ်ပါဝင်စားမှုအားနည်းလာကာ တဖြည်းဖြည်း ကျောင်းထွက်သွားကြ ခြင်းများဖြစ်ပေါ်စေသည်။

**လက်ရှိအကောင်အထည်ဖော်လျက်ရှိသော ပညာသင်ထောက်ပံ့ကြေး (စတိုင်ပင်) ပေးသည့်အစီအစဉ်**

ဤပညာသင်ထောက်ပံ့ကြေးအစီအစဉ်နှင့်ပတ်သက်၍ လူမှုကူညီရေးဆိုင်ရာ လေ့လာ ဆန်းစစ်ချက် (Social Assessment)မှ အဓိက အကြောင်းအရာသုံးခုကို သုံးသပ်ပါသည်။ ၎င်းတို့မှာ ဤအစီအစဉ်အပေါ် ပြည်သူလူထု၏အမြင်၊ အစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် အစီအစဉ်တွင် ရပ်ရွာလူထုပါဝင် ဆောင်ရွက်ခြင်းတို့ ဖြစ်သည်။ ဤလူမှုစီမံချက်တွင် တွေ့ရှိချက်အရ ဒေသဆိုင်ရာ တိုင်းရင်းသားလူမျိုးစုများနှင့် အခြားလူမျိုးစုငယ်များ [1] သည် ဤပညာသင် ထောက်ပံ့ကြေးအစီအစဉ်ကို ကြိုဆိုကြပြီး အခြားဝေဖန်မှုမရှိကြောင်း သိရှိရသည်။

ဤထောက်ပံ့ကြေးပေးသည့်အစီအစဉ် အကောင်အထည်ဖော်ခြင်းနှင့်ပတ်သက်၍ လူမှုကူညီ ရေး ဆန်းစစ်လေ့လာသည့်အဖွဲ့သည် အဖွဲ့ဖွဲ့စည်းပုံ၊ ရံပုံငွေစီးဆင်းခြင်းများ၊ ဦးစားပေးဆောင်ရွက်ခြင်း နှင့် အကျိုးခံစားရမည့်သူများရွေးချယ်ခြင်း၊ အသိပညာပေးမှုတိုးမြှင့်ခြင်းနှင့် သတင်းအချက်အလက် ပေးပို့ခြင်း၊ ပြန်လည်တုံ့ပြန်ချက်များနှင့် တိုင်ကြားချက်များ၊ စောင့်ကြပ်ထိန်းသိမ်းခြင်း၊

---

[1] အခြားလူနည်းစုများဆိုသည်မှာ လူမျိုး၊ ဘာသာ သို့မဟုတ် ရပ်ရွာလူထုအများစုနှင့် ကွဲပြားသည်ဟု လူများစုမှ သဘောထားသူ အုပ်စုများကိုဆိုလိုသည်။ ဥပမာအားဖြင့် ရှမ်းပြည်တောင်ပိုင်းရှိ တောင်ရိုးလူမျိုးများသည် ရှမ်းလူမျိုးစု အဖြစ်သာ သတ်မှတ်ထားပြီး တောင်ရိုးလူမျိုး အဖြစ် သီးသန့်မသတ်မှတ်ပေ။

အစီရင်ခံခြင်းနှင့် သုံးသပ်အကဲဖြတ်ခြင်း စသည့်လက်တွေ့ ဆောင်ရွက်ချက်များဖြင့် လုပ်ဆောင်သည်။ အားလုံးခြုံငုံ၍ဆိုရသော် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်တွင် တွေ့ရှိမှုများအရ အစီအစဉ်၏ အခြေခံဖွဲ့စည်းပုံသည် အားနည်းလျက်ရှိပြီး အစီအစဉ်အကောင်အထည်ဖော်သူများ ဖြစ်သည့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် ကျောင်းဆရာ၊ ဆရာမများသည်လည်း ဤအစီအစဉ်၏ ဦးတည်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းစွာနားလည်သဘောပေါက်ခြင်းမရှိကြသေးကြောင်း တွေ့ရှိရသည်။

အစီအစဉ်အကောင်အထည်ဖော်ရသူအများစုသည် မြို့နယ်အလိုက် ကွင်းဆင်းလေ့လာထားသည့်အချက်များအလိုက် အမျိုးမျိုးပြောင်းလဲမှုရှိသော အစီအစဉ်ဆိုင်ရာ ဖွဲ့စည်းပုံများအပေါ်၌ ဝေဝါးမှု၊ ကောင်းစွာနားမလည်မှုများရှိသည်။

ရံပုံငွေဖြန့်ဝေရာတွင်လည်း ဖြန့်ဝေပုံနည်းလမ်းနှင့်အချိန်မှာ မြို့နယ်အလိုက် ကွဲပြားခြင်းကြောင့် ရံပုံငွေဖြန့်ဝေပို့ဆောင်ရာတွင် အချိန်မှန်လုပ်ဆောင်မှုအားနည်းကြောင်းတွေ့ရသည်။ ထို့အပြင် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ ဘဏ္ဍာရေးစီမံခန့်ခွဲမှုတွင်လည်း မကိုက်ညီမှုနှင့် စနစ်မကျသော လုပ်ဆောင်မှုများကို တွေ့ရှိရပါသည်။ ပစ်မှတ်ထားဆောင်ရွက်သည့် ကိစ္စရပ်များနှင့် အကျိုးကျေးဇူး ရှိစေမည့်ကဏ္ဍများကို ရွေးချယ်ရာတွင်လည်း အနည်းငယ်သော မြို့နယ်ပညာရေးမှူးများမှလွဲ၍ အခြားမြို့နယ်အဆင့် အကောင်အထည်ဖော်ဆောင်ရွက်နေသူများမှာ အဆိုပါကဏ္ဍများကို ကောင်းစွာ နားလည်သဘောပေါက်ခြင်းမရှိကြပေ။

ဤထောက်ပံ့ကြေးပေးသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ အသိပေးတင်ပြသည့်စနစ်သည်လည်း ကောင်းစွာနေရာမကျသေးသည့်အပြင် ပညာသင်ထောက်ပံ့ကြေးကို အနည်းငယ်မျှသာပေးနိုင်သေးသည့်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသူများမှ ဤစီမံချက်ကို လူထုအား ကျယ်ကျယ်ပြန့်ပြန့် မသိစေလိုသေးသည်ကို တွေ့ရသည်။ ထို့အပြင် ဆန်းစစ်ချက်အရ တွေ့ရှိရသည်မှာ ပြည်သူများ၏တုံ့ပြန်ချက်နှင့် တိုင်ကြားမှုများအပေါ် ပြန်လည်ဖြေရှင်းသည့်စနစ်ကို ကောင်းစွာ မလုပ်ဆောင်နိုင်သေးကြောင်းကိုလည်း တွေ့ရသည်။ တစ်နည်းအားဖြင့် ဤစီမံချက်အကြောင်းကို ပြည်သူလူထုမှ သိရှိထားခြင်းမရှိသောကြောင့် ဝေဖန်အကြံပြုချက်များ ထွက်ပေါ်လာခြင်းမရှိမှုအပေါ် အကောင်အထည်ဖော်ဆောင်ရွက်သူများမှ ပြည်သူလူထုသည် ဤစီမံချက်နှင့် ပတ်သက်၍ စိတ်ဝင်တစားတုံ့ပြန်လိုစိတ်မရှိဟု နားလည်မှုလွဲနေခြင်းလည်း ဖြစ်နိုင်သည်။ သို့ဖြစ်၍ ဤစီမံချက်တွင် ကြပ်မတ်ထိန်းသိမ်းခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် အကဲဖြတ်ခြင်း စသည့် လုပ်ငန်းစဉ်များကို ကောင်းစွာဖွံ့ဖြိုးစေရန် လုပ်ဆောင်ဖို့ လိုအပ်ကြောင်း တွေ့ရသည်။ အချို့သောကိစ္စ

ရပ်များတွင် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ရာ၌ အကျိုးခံစားခွင့်ရရှိသူ၏ လက်မှတ်ကိုသာ မှတ်တမ်းအဖြစ်ရယူထားပြီး အမှန်တကယ် ထိရောက်စွာသုံးစွဲခြင်းရှိမရှိကို လိုက်လံစစ်ဆေးခြင်းမျိုး လုံးဝမရှိသည်ကို တွေ့ရသည်။

ဆန်းစစ်လေ့လာချက်မှ တွေ့ရှိရသည်မှာ စီမံချက်အဆင့်တိုင်းတွင် ပြည်သူလူထု၏ပါဝင် ဆောင်ရွက်မှုနှုန်းမှာလည်း အလွန်နည်းသည်ကိုတွေ့ရသည်။ အချို့သောနေရာများတွင်သာ လူထု ပါဝင်သည့် စာသင်ကျောင်းစီမံခန့်ခွဲရေးအဖွဲ့ ကျောင်းကော်မတီများရှိသည်ကိုတွေ့ရသည်။ ထိုကဲ့သို့ လူထုပါဝင်ကူညီမှု အားနည်းသောကြောင့် ပညာသင်ထောက်ပံ့ကြေးကို အလွဲသုံးစားပြုခြင်း၊ မှားယွင်း စွာအသုံးပြုခြင်း စသည့်ပြဿနာများ ဖြစ်ပေါ်ကြောင်းကို တွေ့ရှိသည်။ နိဂုံးချုပ်အနေဖြင့် အဆင်းရဲဆုံး သော၊ ထိခိုက်လွယ်သော၊ တိုင်းရင်းသားလူမျိုးစုများစသည့်လူထုများ ပါဝင်ဆောင်ရွက်ခြင်းကို အလေးမမူဘဲ စနစ်မကျသော လုပ်ငန်းပိုင်းဆိုင်ရာလုပ်ဆောင်မှုဖြင့် မြို့နယ်အသီးသီးတွင် အကောင် အထည်ဖော်လျက်ရှိသော ပညာသင်ထောက်ပံ့ကြေးပေးသည့် စီမံချက်အဆင့်တိုင်းတွင် လိုအပ်ချက် များ၊ ကွာဟမှုများဖြင့် လွဲမှားစွာလုပ်ဆောင်နေကြောင်း တွေ့ရှိရပါသည်။

**လက်ရှိအကောင်အထည်ဖော်လျက်ရှိသော ကျောင်းများ ထောက်ပံ့ကြေးပေးသည့် အစီအစဉ်**

လေ့လာဆန်းစစ်ချက်များအရ သိရသည်မှာ စာသင်ကျောင်းများကို ထောက်ပံ့ကြေးပေးသည့် စီမံချက်အတွက် လူထုပါဝင်ကူညီမှုအပေါ်တွင် အခြေခံသော လုပ်ငန်းပိုင်းဆိုင်ရာ လမ်းညွှန်ချက် တစ်ရပ် လိုအပ်ပါသည်။ ပညာသင်ထောက်ပံ့ကြေး(စတိုင်ပင်) ပေးသည့် အစီအစဉ်ကဲ့သို့ပင် ကျောင်း များကိုထောက်ပံ့ကြေးပေးရာတွင် နည်းလမ်းအသွယ်သွယ်နှင့် ပုံစံအမျိုးမျိုးတို့မှာ မြို့နယ်အလိုက် ကွဲပြားလျက်ရှိနေကြောင်း တွေ့ရပါသည်။ အရေးအကြီးဆုံးအချက်မှာ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းလုပ်ငန်းစဉ်များမှာ ကိုက်ညီမှု မရှိကြောင်းတွေ့ရှိရပါသည်။ ဥပမာအားဖြင့် ၂၀၁၃-၂၀၁၄ စာသင်နှစ်များအတွက် မူဝါဒရေးရာအဆင့်တွင် သတ်မှတ်ချထားပေးသော ပမာဏနှင့် မြို့နယ်အဆင့်တွင် ပညာရေးဝန်ထမ်းများ ပြန်လည်ချထားပေးသည့်ပမာဏမှာ ကွဲပြားနေကြောင်းကို ကွင်းဆင်းအချက်အလက် ကောက်ယူစဉ် သိရှိခဲ့ရပါသည်။ ( ဇယား ၅ နှင့် ၂၉ ကိုကြည့်ပါ။ )

ပညာသင်ထောက်ပံ့ကြေးပေးသည့် စတိုင်ပင်စီမံချက်ကဲ့သို့ပင် လူထု၏ပါဝင်ဆောင်ရွက်မှုမှာ အလွန်နည်းပါးသည်။ ကျောင်းအတွက်ရသည့် ထောက်ပံ့ငွေကို မည်သို့အသုံးချမည်ဟူသောဆုံးဖြတ် ချက်ကို ကျောင်းအုပ်များကသာ ဆုံးဖြတ်သည်။ အနည်းငယ်မျှသော ကျောင်းအုပ်များသည်သာ ပြင်ပ လူထုများဖြင့် ပါဝင်ဖွဲ့စည်းထားသော ကျောင်းကော်မတီများနှင့် ညှိနှိုင်းတိုင်ပင်သုံးစွဲသည်ကို တွေ့ရသည်။

လူမှုရေးဆိုင်ရာလေ့လာဆန်းစစ်မှုအင်တာဗျူးများအရ ကျောင်းအုပ်များနှင့် မြို့နယ်ပညာရေးအရာရှိများမှ ပြောကြားသည်မှာ စာသင်ကျောင်းထောက်ပံ့ကြေးစီမံချက်၏ တင်းကြပ်သော ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက်များသည် အဓိကအခက်အခဲတစ်ခုဖြစ်နေသည်ဟု သိရသည်။ လေ့လာသည့်အဖွဲ့မှ တွေ့ရှိချက်အရ ကျောင်းထောက်ပံ့ကြေးများကို လျာထားမှုအောက် လျော့နည်းသုံးစွဲခြင်းနှင့် လုံးဝမသုံးစွဲခြင်းများကိုပင်တွေ့ရပြီး အကြောင်းမှာ အဆိုပါ အလွန်တင်းကြပ်သော ဘဏ္ဍာရေးဆိုင်ရာ ကန့်သတ်မှုကြောင့်ဖြစ်သည်ဟုသိရသည်။ အချို့သော မြို့နယ်အဆင့်ပညာရေးအရာရှိများ၏ တင်ပြချက်အရ အချို့သော ကျောင်းအုပ်များတွင် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုစွမ်းရည်မရှိခြင်းကြောင့် ဤစီမံချက်ဖော်ဆောင်ရာတွင် အခက်တွေ့စေသည်ဟု သိရသည်။

ဤစာသင်ကျောင်းထောက်ပံ့ကြေးစီမံချက်တွင် ဝေဖန်အကြံပေးမှုစနစ်ကို စီစဉ်ထားရှိခြင်းမရှိသေးကြောင်း တွေ့ရသည်။ စီမံချက်နှင့် ပတ်သက်သော အဆင်မပြေမှုများကို ကျောင်းအုပ်များမှ မြို့နယ်ပညာရေးမှူးများထံသို့ ပုဂ္ဂိုလ်ရေးအမြင်အရ ဖွင့်ဟပြောဆိုခြင်းများသာရှိကြောင်း သိရသည်။ စီမံချက်ကို ထိန်းသိမ်းကြပ်မတ်ခြင်း၊ အစီရင်ခံတင်ပြခြင်းနှင့် အကဲဖြတ်ခြင်းတို့ကို နိုင်ငံတော်စာရင်းစစ်အဖွဲ့မှ လုပ်ဆောင်ပြီး စစ်ဆေးကြပ်မတ်ခြင်းကို အချို့သောမြို့နယ်များတွင် တစ်နှစ်တစ်ကြိမ်၊ အချို့ဒေသများတွင် တစ်နှစ်နှစ်ကြိမ် အခြေခံပညာရေးညွှန်ကြားမှုဦးစီးဌာနမှ ပုံမှန် လုပ်ဆောင်သည်။ ထို့အပြင် ကျောင်းအုပ်များမှတင်ပြသော အသုံးစရိတ်စာရင်းသည် သတ်မှတ်ထားသည့် ထောက်ပံ့ကြေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမှသာ ထုတ်ပေးကြောင်း သိရသည်။

**နိဂုံးချုပ်**

အစီအစဉ်သည် ကနဦးအဆင့်တွင်ပင်ရှိသေးသဖြင့် ကွာဟချက်များစွာရှိနေကြောင်း နားလည်သိရှိနိုင်ပါသည်။ ပြဿနာအချို့ရှိခဲ့သော်ငြားလည်း သုတေသနအဖွဲ့မှ တွေ့ရှိရသည်မှာ ၎င်းစီမံချက်နှစ်ရပ်ကို အခြေခံပညာဦးစီးဌာနမှ ကောင်းမွန်သောရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်ကို တွေ့ရှိ ခဲ့ရပါသည်။ သို့သော်လည်း ကောင်းမွန်သောရည်ရွယ်ချက်သည် ကောင်းမွန်သောရလာဒ် ထွက်ပေါ်စေရန်အရေးကြီးပါသည်။ မျှတသော၊ လူထုပူးပေါင်းပါဝင်သော၊ ပွင့်လင်းမြင်သာမှုရှိသော စတိုင်ပင်နှင့် ကျောင်းထောက်ပံ့ကြေးဆိုင်ရာ စီမံကိန်းများဖော်ဆောင်နိုင်ရန်မှာ တိုင်းရင်းသားလူနည်းစုများ အပါအဝင် လူထုပူးပေါင်းပါဝင်မှုကို အလေးပေးရေးဆွဲထားသော လူထုအခြေခံ စီမံကိန်းဖော်ဆောင်မှု လမ်းညွှန်တစ်ရပ်ပေါ်ထွက်လာရန် အလွန်အရေးကြီးပေသည်။ ထို့အတူ စီမံချက်နှစ်ရပ်စလုံးတွင် လူထု၏ပါဝင်မှု အားကောင်းစေရန်အတွက်မှာမူ ၎င်းတို့အတွက် ရည်ရွယ်သော စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများဖြင့် ထပ်မံအားဖြည့်ရန် လိုအပ်ပေသည်။

**အပိုင်း (၁) မိတ်ဆက်နိဒါန်း**

၁. ကျောင်းများထောက်ပံ့ကြေးပေးအပ်ခြင်းနှင့် ပညာရေးစရိတ်ထောက်ပံ့ကြေး (စတိုင်ပင်) အစီအစဉ်နှစ်ရပ်လုံးသည် ၂၀၀၉ - ၂၀၁၀ ပညာသင်နှစ်အတွင်း ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုခွင့်ပြုချက်တွင် သုံးစွဲမည့်ငွေကြေးပမာဏနှင့် ထောက်ပံ့ကြေးများ ဝေမျှ စီးဆင်းပုံ အခြေခံသတ်မှတ်ချက်များပါရှိသော်လည်း အစီအစဉ်၏ဦးတည်ချက်၊ တာဝန်ခွဲဝေပုံအသေး စိတ်၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာရည်ညွှန်းချက်များ(သို့) ပညာရေးစနစ်တွင် သက်ရောက်မှုများကို ထိန်းသိမ်းကြပ်မတ်ခြင်း အစရှိသည့် စနစ်တကျရေးဆွဲထားသည့် အစီအစဉ်ပုံစံဖြင့် စတင်ခြင်းများကို မတွေ့ရပါ။

၂. ကျောင်းထောက်ပံ့ကြေးအစီအစဉ်သည် တစ်နိုင်ငံလုံးအတိုင်းအတာကို လွှမ်းခြုံ လျက်ရှိပြီး တိုးတက်လျက်ရှိပါသည်ဟု ဆိုသော်ငြားလည်း စီမံချက်နှစ်ခုလုံးသည် အတိုင်းအတာအားဖြင့် နည်းပါးပြီး ထိရောက်ခြင်း မရှိသေးဟု ဆိုနိုင်ပေသည်။၂၀၁၂/၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာနိုင်ငံ အစိုးရသည် ခန့်မှန်းခြေအားဖြင့် စာသင်ကျောင်းငယ်များသို့ ဒေါ်လာ ၅၀၊ အလယ်အလတ် ကျောင်းများသို့ ဒေါ်လာ ၈၀ နှင့် စာသင်ကျောင်းကြီးများကို ဒေါ်လာ ၁၀၀ သာ ထောက်ပံ့ပေး နိုင်ခဲ့သည်ကိုတွေ့ရပါသည်။ ဤတိုက်ရိုက်ထောက်ပံ့ကြေးများကို ကျောင်းသုံးပစ္စည်း များနှင့် အခြားဂန်ဆောင်မှုများအတွက် အသုံးပြုခဲ့ပါသည်။ ၂၀၁၂/၂၀၁၃ဘဏ္ဍာရေးနှစ် ထုတ်ပြန်ချက်အရ ကျောင်းငယ်များဆိုသည်မှာ မူလတန်းကျောင်းသားဦးရေ ၁၀၀ အောက်လျော့နည်းသည့် ကျောင်းများ ကို သတ်မှတ်သည်။ အလယ်အလတ်ကျောင်းများသည် မူလတန်းကျောင်းသား ၁၀၁ ယောက်မှ ၂၀၀ အထိရှိသောကျောင်းများဖြစ်ပြီး ကျောင်းကြီးများအဖြစ် မူလတန်းကျောင်းသား ၂၀၀ အထက်ရှိသော ကျောင်းများကို သတ်မှတ်ထားသည်။ မူလတန်းအဆင့်ကျောင်းများအတွက် ကျောင်းသုံးပစ္စည်း ဝယ်ယူခြင်းနှင့် အခြားဝန်ဆောင်မှုများအတွက် အသုံးပြုခြင်းမှာ ၂၀၁၂/၂၀၁၃ ဘဏ္ဍာရေးနှစ် ထုတ်ပြန်ချက်များအပေါ်တွင် အခြေခံ၍ သုံးသပ်ထားခြင်းဖြစ်ပြီး စုစုပေါင်း ၁၃.၉ ဘီလီယံကျပ် ရှိပါသည်။ ဤစီမံချက်မှ ကျောင်းပေါင်း (၄၀၀၀၀) ကျော်ကိုပံ့ပိုးခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၅သန်းနှင့် ညီမျှသောငွေကို ၂၀၁၂-၁၃ တွင်သုံးစွဲခဲ့သည်။ ၎င်းပမာဏသည် ၂၀၁၃-၁၄ ဘက်ဂျက်ထက် နှစ်ဆ ပိုများသည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ်နိုင်ငံတို့၏ ထောက်ပံ့ကြေးအစီအစဉ်များတွင်မူ မူလတန်း ကျောင်း တစ်ကျောင်းစီသို့ US$ ၂၀၀၀ မှ ၃၀၀၀ ကြားနှစ်စဉ်ထောက်ပံ့သည်ကို တွေ့ရသည်။

၃. ပထမနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သော စာသင်ကျောင်းများထောက်ပံ့ကြေး အစီအစဉ်၏ တွေ့ရှိချက်အရယခုထက်ပို၍ ကောင်းမွန်သောအစီအစဉ်များရေးဆွဲရန်လိုအပ်သည်။ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်များသည် ဤအစီအစဉ်နှင်ပတ်သက်၍ ပိုမိုတိကျသော အသေးစိတ်လမ်းညွှန်ချက်များသင်တန်းများ ရရှိရန်လိုအပ်သည်။ ဥပမာအားဖြင့် ကျောင်းတစ်ကျောင်းစီမှ မည်မျှရသင့်သည်၊ မည်သည့်အချိန်တွင်ရသင့်သည်၊ မည်သည့်နေရာတွင် သုံးရမည်၊ မည်သည့်အချက်များနှင့်ပြည့်စုံရမည်( ငွေကြေးသုံးစွဲမှုအပေါ်တွင် ရပ်ရွာလူထုမှ ပါဝင်ကြီးကြပ်ခြင်း၊ အစီရင်ခံတင်ပြခြင်း စသည် )။ ယခုသွားရောက်လေ့လာခဲ့သော မြို့နယ်ရုံးများနှင့် ကျောင်းများ၏ အကြံပြုချက်မှာ ယခုလက်ရှိအစီအစဉ်သည် ရှင်းလင်းမှုမရှိကြောင်း၊ အထူးသဖြင့် ၎င်းတို့မျှော်လင့်သည့် ငွေကြေးအတိုင်းအတာနှင့် ပတ်သက်သည့် ကိစ္စရပ်များတွင် ရှင်းလင်းပြတ်သားမှုမရှိကြောင်း အကြံပြုသည်။ယခုလက်ရှိအသုံးပြုခွင့်ပေးထားသောထောက်ပံ့ကြေးများသည် ကန့်သတ်ချက်များ အတွင်းသာဖြစ်ပြီး ကျောင်းများအနေဖြင့် သုံးစွဲရန် ခက်ခဲသော၊ ရှုပ်ထွေးသော ကန့်သတ်ချက်များအောက် တွင်ရှိနေသည်။ ဥပမာအားဖြင့် ဘဏ္ဍာရေးနှစ် ၂၀၁၃-၁၄ တွင် အမေရိကန်ဒေါ်လာ ၁၀၀ သည် ရုံးသုံး အတွက်ဖြစ်ပြီး၊ အခြားနောက်ထပ် ဒေါ်လာ ၁၀၀ သည် ကျောင်းအထွေထွေ အသုံးစရိတ် အတွက် ဖြစ်သည်။ ယခုအစီအစဉ်သည် မြန်မာနိုင်ငံမှ လက်ရှိအကောင်အထည်ဖော်နေသည့် စာသင်ကျောင်း များထောက်ပံ့ကြေးစီမံချက်အား ပိုမိုအားကောင်းလာစေမည်ဖြစ်ပြီး ကျောင်းအုပ်ကြီးများနှင့် ရပ်ရွာလူထုများ ထောက်ပံ့ငွေကို ဒေသဆိုင်ရာ စံချိန်စံညွှန်းများနှင့်အညီ ကျောင်းအုပ်ကြီးများနှင့် ရပ်ရွာလူထုများမှ ကောင်းစွာစီမံခန့်ခွဲသွားနိုင်စေမည်ဖြစ်သည်။

၄. ပညာသင်စရိတ်ထောက်ပံ့ကြေးအစီအစဉ်သည် တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိသော အစီအစဉ်ပင်ဖြစ်သော်လည်း အကျိုးခံစားခွင့်ရှိသူ ကျောင်းသားအရေအတွက်နှင့် ထောက်ပံ့ငွေမှာ နည်းပါးနေဆဲသာ ရှိသေးသည်။ နိုင်ငံတစ်ဝှမ်းလုံးတွင် ထောက်ပံ့ကြေးရရှိပြီးသော ကျောင်းသား ၁၁,၀၀၀ ခန့်ရှိသည်။ ၂၀၁၃-၂၀၁၄ စာသင်နှစ်တွင် နိုင်ငံတော်အစိုးရသည် ပထမတန်းမှ ပဉ္စမတန်း တန်းအထိ ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း ၁၆၀၀၀ ခန့်အထိ တိုးမြှင့်ပေးသွားနိုင်ရန် အစီအစဉ် ချမှတ်ထားသည်။ ထောက်ပံ့ကြေးပမာဏမှာ မူလတန်းကျောင်းသား၊ ကျောင်းသူများအတွက် တစ်လလျှင် ၅ဒေါ်လာနှုန်းနှင့် ၁၀ လ၊ မူလတန်းလွန် ကျောင်းသားကျောင်းသူများအတွက် တစ်လလျှင် ၆ ဒေါ်လာနှုန်း၊ အထက်တန်းကျောင်းသား၊ကျောင်းသူများအတွက် တစ်လလျှင် ၈ ဒေါ်လာနှုန်းခန့် ပေးအပ်သွားရန်ဖြစ်သည်။ ခန့်မှန်းခြေ ဒေါ်လာ ၇၀၀,၀၀၀ ခန့်နှင့်ညီမျှသော ထောက်ပံ့ငွေများကို နှစ်စဉ်ပညာသင်ထောက်ပံ့ကြေးအတွက် သုံးစွဲလျက်ရှိသည်။ စတိုင်ပင်ပေးအပ်ခြင်းဆိုင်ရာ အစီအစဉ်

သည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် ပို၍နိမ့်ကျမှုများရှိနေပြီး မြို့နယ်အလိုက်ထိရောက်ကျယ်ပြန့်စွာ အသုံးပြုနိုင်မှု နည်းပါး လျက်ရှိနေသေးသည်ကို တွေ့ရသည်။

၅. မြို့နယ်တစ်ခုနှင့်တစ်ခုအကြားတွင် စတိုင်ပင်အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် မတူညီ၊ မမှန်ကန်မှုများရှိနေပါသည်။ ၎င်းတို့မှာ မြို့နယ်အဆင့်နှင့် စာသင်ကျောင်းများတွင် အသေးစိတ်လုပ်ငန်းပိုင်းဆိုင်ရာ လမ်းညွှန်ချက်များမရှိခြင်း နှင့် ရှင်းလင်းပြတ်သားမှု မရှိခြင်းတို့ကြောင့်ဖြစ်ပြီး လုပ်ငန်းကို စံသတ်မှတ်ချက်များနှင့်အညီ ပေါ်ထွန်းလာစေရန် အရေးကြီးသော လုပ်ငန်းပိုင်းဆိုင်ရာ အဓိကအချက်များကို ဖြတ်ပယ်ကျော်လွှန်လုပ်ဆောင်ကြခြင်းတို့ကြောင့်ဖြစ်သည်။ စတိုင်ပင် အစီအစဉ်သည် အမျိုးအစားခွဲ၍ ပေါင်းစပ်လုပ်ကိုင်ပြီး မိဘမဲ့များအပေါ်တွင် အာရုံစိုက်လုပ်ဆောင်သလို အတန်းအစားမခွဲခြားဘဲ ဆင်းရဲနွမ်းပါးသူများအပေါ်တွင်လည်း ထောက်ပံ့သည်။ စာသင်ကျောင်းများအားလုံးတွင် စတိုင်ပင်လျှောက်ထားကြရန် တိုက်တွန်းလုပ်ဆောင်သွားပြီး မြို့နယ်မှ ရွေးချယ်သည်။ သို့သော် မြန်မာနိုင်ငံတစ်ဝှမ်းတွင် စတိုင်ပင်ကျောင်းသားရွေးချယ်မှုပုံစံမှာ မတူညီကြပေ။ အချို့တိုင်းနှင့်ပြည်နယ်များတွင် စတိုင်ပင်ရွေးချယ်ရာတွင် ကျောင်းမိဘဆရာအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်ညှိနှိုင်းတိုင်ပင်ရွေးချယ်သည်။ သို့သော်မတိုင်ပင်မနေရမဟုတ်ပါ။ မြို့နယ်များတွင် စတိုင်ပင်ပေးအပ်ရာတွင် လက်ရှိ လမ်းညွှန်ချက်များနှင့်အညီ ပေးအပ်သွားနိုင်ရန်အတွက် ကော်မတီများဖွဲ့၍လုပ်ဆောင်သွားရန် လိုအပ်သည်။ သို့သော် မြို့နယ်အလိုက်ကော်မတီများဖွဲ့၍ လုပ်ဆောင်ရာတွင်တူညီမှုမရှိပေ။ အစီအစဉ်ကို ကြပ်မတ်ထိန်းသိမ်းခြင်းနှင့် အကဲဖြတ်စိစစ်ခြင်းဆိုင်ရာ ဖွဲ့စည်းသတ်မှတ်ချက်များ မရှိသောကြောင့် အမှန်တကယ် အစီအစဉ်များအကောင်အထည်ဖော်ရာတွင် အခြေခံပညာအဆင့်နှင့် DEPT အဆင့်များတွင် အမြင်ကျယ်ပြန့်စွာဖြင့် ဆောင်ရွက်မှု အားနည်းနေသည်ကို တွေ့ရသည်။

## မြန်မာနိုင်ငံ၏ စာသင်ကျောင်းများကို ရံပုံငွေများ ခွဲဝေပေးအပ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များ

ဤစီမံချက်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏လက်ရှိ ကျောင်းထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေးများဆိုင်ရာ အစီအစဉ်များကို တိုးချဲ့လုပ်ဆောင်သွားရန်ဖြစ်သည်။ ဤရည်ရွယ်ချက်ကိုပြည့်မီစေရန် (က) စီမံချက်များ၏ပုံစံကို ယခုထက် ပိုမိုကောင်းမွန်အောင် ရေးဆွဲခြင်း (ခ) စီမံကိန်းလွှမ်းခြုံဧရိယာကို တိုးချဲ့ခြင်း (ဂ) ပံ့ပိုးနိုင်မှု ဘဏ္ဍာရေးစွမ်းရည်ကို စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်း (ဃ) စီမံချက်ကို အကောင်အထည်ဖော်ရန်နှင့် ထိန်းသိမ်းကြပ်မတ်ရန် ပညာရေးဝန်ကြီးဌာန၏ စွမ်းဆောင်ရည်များကိုမြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်ဖြစ်သည်။ ဤ

စီမံချက်သည် ပညာရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါစီမံချက် (၄)ရပ်အတွက် လျာထားငွေပေါ်တွင် ထပ်မံအားဖြည့်ခြင်းဖြင့် ဖော်ဆောင်မည် ဖြစ်သည်။

**၆. ကျောင်းများသို့ ထောက်ပံ့ကြေးပေးအပ်သည့်အစီအစဉ်ကို တိုးချဲ့မြှင့်တင်ခြင်း (US$ ၅၂ သန်း)**

အစိုးရမူလတန်းအဆင့်ကျောင်းများအားလုံးသည် စာသင်ကျောင်းထောက်ပံ့ကြေး အစီအစဉ်တွင် ပါဝင်လျှောက်ထားနိုင်သည်။ တိုးချဲ့မည့်အစီအစဉ်အရ တစ်နှစ်စာ ကျောင်းငယ် အတွက် ၂၅၀$၊ ကျောင်းလတ်အတွက် ဒေါ်လာ ၃၀၀ ၊ ကျောင်းကြီးအတွက် ဒေါ်လာ ၄၀၀ စသည်တို့ကို ကျောင်းအကြီးအငယ်အလိုက် ဒေါ်လာ ၉၀၀၊ ဒေါ်လာ၁၂၀၀၊ ဒေါ်လာ ၁၈၀၀ အထိ (၃)နှစ်အတွင်း တိုးမြင့်ပေးသွားမည် ဖြစ်သည်။ MoE သည် အရွယ်အစားကြီးသောကျောင်းများကို ခွင့်ပြုငွေ ပိုမိုရရှိရန်အတွက် ကြီး၊ ငယ်၊ လတ် အမျိုးအစားခွဲခြားမှုကို ပြန်လည်သတ်မှတ်ရန် စဉ်းစား လျက်ရှိသည်။ ထိုအပိုင်းကို ကမ္ဘာ့ဘဏ်မှ ကူညီမည်ဖြစ်သည်။ အစီအစဉ်ကို တိုးမြှင့်အကောင် အထည်ဖော်သည်ဆိုရာတွင် နိုင်ငံတကာမှ ထူးခြားကောင်းမွန်သည့် လုပ်ငန်းစဉ်များကို ရယူလုပ် ဆောင်ရန်လိုအပ်သလို ဘဏ္ဍာငွေထိန်းသိမ်း စောင့်ရှောက်ရေး၊ တစ်နည်းအားဖြင့် ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုများကို မြှင့်တင်ရန်ဖြစ်သည်။ လုပ်ထုံးလုပ်နည်းဆိုင်ရာ လမ်းညွှန်ချက်နှင့် သင်တန်းများ ပေးခြင်းဖြင့် ထူးခြားကောင်းမွန်သော အစီအစဉ်များကို မိတ်ဆက် ပေးသွားမည်ဖြစ်သည်။ အစီအစဉ်များတွင် (၁) တိကျသေချာစွာသတ်မှတ်ထားသော အစီအစဉ်၏ ရည်ရွယ်ချက်များနှင့် စွမ်းဆောင်ရည်ဆိုင်ရာရည်ညွှန်းကိန်းများ မိတ်ဆက်လုပ်ဆောင်သွားရန် (၂) စာသင်ကျောင်းဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိစ္စရပ်များတွင် ထောက်ပံ့ကြေးအစီအစဉ်နှင့် ပူးတွဲလုပ်ဆောင်သွားမည် (၃) ကျောင်းအဆင့် ရံပုံငွေသုံးစွဲမှု လုပ်ပိုင်ခွင့်တိုးမြှင့်ပေးရန် (၄) မိဘဆရာအသင်းများမှတဆင့် ရပ်ရွာလူထု ပိုမိုပူးပေါင်း ပါဝင်လာနိုင်မှု တိုးမြင့်ဆောင်ရွက်ရန် (၅) ငွေကြေးသုံးစွဲမှုဆိုင်ရာအစီရင်ခံသည့်ပုံစံအား တစ်ပြေးညီ သတ်မှတ်ရန် (၆) စာရင်းစစ်လုပ်ငန်းအတွက်ထောက်ပံ့ပေးရန် (၇) အစီအစဉ်၏ တိုးတက်မှုဆိုင်ရာ အစီရင်ခံတင်ပြခြင်းများကို ပညာရေးဝန်ကြီးဌာန၏ ဌာနတွင်း သတင်းဖလှယ်မှုစနစ်နှင့် ချိတ်ဆက်ရန် တို့ဖြစ်သည်။

**၇. ပညာသင်စရိတ်ထောက်ပံ့ခြင်းအစီအစဉ်ကို တိုးချဲ့မြှင့်တင်ခြင်း (US$ ၂၁ သန်း)** စတိုင်ပင်စီမံချက်အသစ်တွင် ကျောင်းတစ်ကျောင်းစီ၏ စတိုင်ပင်အချိုးအစားကို တိုးမြှင့်သွားရန်နှင့် ပိုမို အသေးစိတ်သော သတ်မှတ်ဆောင်ရွက်ချက်များ၊ စီမံခန့်ခွဲရေးများကို လုပ်ဆောင်သွားမည် ဖြစ်သည်။ ဤစီမံချက်တွင် အချိန်ကာလအပေါ်မူတည်၍ သတ်မှတ်ထားသော မြို့နယ်အလိုက်

စာသင်ကျောင်းများနှင့် ကျောင်းသူကျောင်းသားများ အရေအတွက်ပမာဏကို တိုးချဲ့သွားမည် ဖြစ်သည်။ ပညာရေး ဝန်ကြီးဌာနသည် စတိုင်ပင်ပေးမည့် ကျောင်းသားအရေအတွက်ကို လက်ရှိ ၁၁,၀၀၀ ဦးရေမှ ၃နှစ်အတွင်း ၂၀၀,၀၀၀ အထိ တိုးမြှင့်သွားရန်လျာထားသည်။ (မြန်မာနိုင်ငံတွင် ပညာသင်ကြားနေ သော ကျောင်းသားကျောင်းသူ ၈.၂ သန်းရှိပါသည်။) ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ပညာသင်ထောက်ပံ့ကြေးစရိတ် စီမံချက်ကို မြို့နယ် (၈) မြို့နယ်အထိ တိုးချဲ့သွားမည်ဖြစ်ပြီး ၎င်းတွင် ကျောင်းအားလုံး၏ ၆၀% ပါဝင်သည့် အပြင် မြို့နယ်တစ်ခုစီ၏ စတုတ္ထတန်းမှ ဒသမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၃၀% ခန့်ပါဝင် သည်။ ၂၀၁၅-၁၆ ပညာသင်နှစ်တွင် မြို့နယ် ၁၂ မြို့နယ်ကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် မြို့နယ်၂၀ ကို ထပ်မံ ထည့်သွင်း တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ကြောင့် (၃) နှစ်အတွင်း စုစုပေါင်းမြို့နယ် (၄၀)အထိ ဤစီမံချက်ဖြင့် ပံ့ပိုးသွားနိုင်မည်ဖြစ်သည်။ (မြန်မာနိုင်ငံတွင် မြို့နယ်ပေါင်း(၃၃၀)ရှိသည်။) မြို့နယ်များ ရွေးချယ်သတ်မှတ်ရာတွင် ကျောင်း ထွက်မှုနှုန်းထားနှင့် ဆင်းရဲမွဲတေမှုအညွှန်းကိန်းများကိုအခြေခံ၍ ကမ္ဘာ့ဘဏ်၏ ငွေလွှဲပြောင်းပေးမှုနှင့် ချိတ်ဆက်အညွှန်းကိန်း (Disbursement-linked Indicator, DLI) လုပ်ငန်းစဉ်နှင့်အညီ ရွေးချယ်သွားမည် ဖြစ်သည်။

၈. **ထောက်ပံ့ငွေပေးအပ်သည့် အစီအစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်အကဲခတ်ခြင်းတို့ ပိုမိုနိုင်မာလာစေရန်အတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး အကူ အညီများပေးခြင်း (အမေရိကန်ဒေါ်လာ ၇ သန်း)**

ဤစီမံကိန်းသည် မူလတန်းအဆင့်များ၌ စာဖတ်စွမ်းရည်စစ်ဆေးမှုအတွက် အခြေခံနည်းစနစ်များ လက်ခံကျင့်သုံးသွားနိုင်ရန်နှင့် လေ့ကျင့်သင်တန်းပေးမှုများ ပြုလုပ်သွားနိုင်ရန် ရည်ရွယ်ပါသည်။ ထိုသို့လေ့ကျင့်သင်တန်းပေးရာတွင် ပညာရေးဝန်ကြီးဌာနမှ နိုင်ငံအနှံ့လေ့ကျင့် သင်တန်းပေးရေး အစီအစဉ်အားပုံစံရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကိုလာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး ယင်းမြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်များအားစာသင်ကျောင်းထောက်ပံ့ကြေးပေးအပ်ခြင်းနှင့်ဆိုင်သည့် အစီအစဉ်သစ်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။ ယင်းထောက်ပံ့ငွေပေးအပ်ရေးအစီအစဉ်တွင်ပါဝင်မည့် အ ကြောင်းအရာအဝဝကို ယင်းအစီအစဉ်လမ်းညွှန်းချက်များရေးဆွဲခြင်းလုပ်ငန်း၏ ကဏ္ဍတစ်ခုအနေ ဖြင့် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်သည်။ စာသင်ကျောင်းထောက်ပံ့ငွေများ ပေးအပ်ရာတွင် လည်း UNICEF Myanmar မှပြုလုပ်ထားပြီးဖြစ်သည့် အလားတူလေ့ကျင့်ရေးသင်တန်းများမှ

သာဓကများကို ထုတ်နှုတ်ရယူခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်ပါလိမ့်မည်။ ထိုသို့ အစီအစဉ်နှင့် ပတ်သက်သည့် လေ့ကျင့်သင်တန်းပေးမှုကို UNICEF မှကျင့်သုံးခဲ့သည့် လေ့ကျင့်ရေးပုံစံကိုသာ ပြန်လည် အသုံးပြုသွားမည်ဟု မျှော်လင့်ရပြီးသင်တန်းနည်းပြများကိုမူ ဗဟိုအဆင့်တွင် လေ့ကျင့်သင်ကြားပေးထားပြီး ၎င်းတို့အနေဖြင့် ဒေသတွင်းအဆင့် သို့မဟုတ် မြို့နယ်အဆင့်များ၌ အချိန်ပိုင်း သင်တန်းများပြန်လည်ပြုလုပ်ပေးရန်တာဝန်ယူရမည်ဖြစ်သည်။ သုံးနှစ်တာကာလအတွင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် မြို့နယ်ပညာရေးမှူး၊ လက်ထောက်ပညာရေးမှူးနှင့် ငွေစာရင်း ဝန်ထမ်း စုစုပေါင်း ၁၀၀၀ ခန့်နှင့်ကျောင်းအုပ် ၄၃,၀၀၀ ခန့်တို့အားလေ့ကျင့်သင်တန်းပေးမှုများ ပြုလုပ်သွားနိုင်မည်ဟု ခန့်မှန်းရပါသည်။

၉. ကျောင်းသား/သူများ၏ ပညာသင်ယူရရှိနိုင်မှုနှင့် တိုးတက်မှုကိုဖော်ပြနိုင်မည့် စစ်ဆေးရေး အချက်အလက်များရရှိထားခြင်းသည် ကျောင်းစီမံကိန်းရေးဆွဲခြင်းနှင့် ငွေကြေးအရင်းအမြစ်များ ထိထိရောက်ရောက်ဖြန့်ဖြူးပေးရာတွင် အရေးပါသောအစိတ်အပိုင်းများဖြစ်လျက်ရှိပါသည်။ ဤစီမံ ကိန်း ရေးဆွဲနေစဉ်အတွင်း ကမ္ဘာ့ဘဏ်သည် ပညာရေးဝန်ကြီးဌာနအား အမှတ်-၃ အခြေခံပညာ ဦးစီးဌာန(ရန်ကုန်နယ်နိမိတ်) အတွင်း၌ မူလတန်းအောက်ဆင့် စာဖတ်စွမ်းရည်စစ်ဆေးမှုအတွက် ကနဦးအခြေခံစည်းမျဉ်းများရေးဆွဲဆောင်ရွက်နိုင်ရန်အတွက် နည်းပညာအကူအညီနှင့် ယုံကြည် အပ်နှံဘဏ္ဍာငွေများပေးအပ်သွားမည်ဖြစ်သည်။ အဆိုပါစစ်တမ်းကောက်ယူမှုသည် ဇန်နဝါရီတွင် ပြီးဆုံးမည်ဖြစ်ပြီ အစီရင်ခံစာအပြည့်အစုံတင်ပြခြင်းနှင့် အများပြည်သူအားတင်ပြခြင်းတို့ ၂၀၁၄ ဖွန်လ တွင် အပြီးသတ်နိုင်လိမ့်မည်ဖြစ်ပါသည်။ ထိုသို့ ကနဦးလုပ်ဆောင်မှုအတွက် Save The Children Myanmar မှ နည်းပညာအကူအညီများပေးအပ်ခဲ့ပြီး စစ်တမ်းကောက်ယူမှုတွင်လည်း ကူညီဆောင်ရွက်ပေးခဲ့ပါသည်။ ယင်းစီမံကိန်း ၃ နှစ်တာကာလအတွင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာမူလတန်းဦးစီးဌာန အမှတ် ၁ နှင့် အမှတ် ၂ (အောက်မြန်မာပြည်နှင့် အထက်မြန်မာပြည်) တို့တွင်လည်း အဆိုပါအခြေခံစည်းမျဉ်း စစ်တမ်းကောက်ယူမှုများကို ပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံအနှံ့ရှိ ကလေးငယ်များ၏ မူလတန်းအဆင့် စာဖတ်စွမ်းရည်များကို ကျယ်ကျယ်ပြန့်ပြန့်စစ်ဆေးသွားနိုင်ရန် ရည်ရွယ်ပါသည်။ (ဆရာအတတ်သင်ကောလိပ်မှ ဘွဲ့ရများဖြစ်စေ) သရုပ်ပြအဖြစ် ပါဝင်ထမ်းဆောင်ပေးမည့်ပုဂ္ဂိုလ်အတွက် နေထိုင်စရိတ်နှင့် သွားလာ စရိတ်များအား စီမံကိန်းရန်ပုံငွေများမှ ထုတ်ပေးသွားမည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်အနေဖြင့်လည်း (အောက်ဖော်ပြပါ) တစ်ပြိုင်နက်ဆောင်ရွက်သွားမည့် နည်းပညာအကူအညီပေးရေး အစီ အစဉ်မှတစ်ဆင့် နည်းပညာအကူအညီများပေးအပ်သွားမည်ဖြစ်ပါသည်။

**လူမှုရေးဆိုင်ရာလေ့လာဆန်းစစ်ခြင်း (SA) ၏ရည်ရွယ်ချက်များ**

ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့သည် အောက်ပါလူမှုရေးဆိုင်ရာ ပဏာမလေ့လာဆန်းစစ်ခြင်း ရည်ရွယ်ချက်သုံးရပ်ဖြင့် ဆောင်ရွက်ရန် သဘောတူထားပါသည်။

ရည်ရွယ်ချက် (၁) : အထွေထွေကျောင်းသုံးစရိတ်ထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေး စရိတ်တို့ပေးအပ်ရာတွင် ပညာရေးလက်လှမ်းမီမှုမရှိသည့် လူမှုရေးဆိုင်ရာလိုအပ်ချက်များအပေါ်၌ အဓိကဦးစားပေး လုပ်ဆောင်သွားမည်ဖြစ်ပြီး ဆင်းရဲနွမ်းပါးသူနှင့် ပညာသင်ကြားခွင့်ရရန် ခက်ခဲသော အုပ်စုများ၊ တိုင်းရင်းသားလူမျိုးစုများကို အဓိကပေးအပ်သွားရန်။ လေ့လာဆန်းစစ်မှုများ ပြုလုပ်ရာတွင် ယခင်ပြုလုပ်ထားရှိသော လေ့လာမှု စာတမ်းများ၊ မှတ်တမ်းမှတ်ရာများကို သုံးသပ်ခြင်း၊ ဦးတည်အုပ်စုများနှင့် တွေ့ဆုံဆွေးနွေးခြင်း (FGD)၊ အဓိကပါဝင်သက်ဆိုင်သူများဖြင့် အသေးစိတ် တွေ့ဆုံမေးမြန်းခြင်း စသည်တို့ဖြင့် လုပ်ဆောင် သွားမည် ဖြစ်သည်။)

ရည်ရွယ်ချက် (၂): ပညာရေးကဏ္ဍနှင့် အဓိကသက်ဆိုင်သူ (Stakeholders) များနှင့် စီမံချက် အကောင်အထည်ဖော်မည့်ဒေသများတွင် ရွေးချယ်ထားသော တိုင်းရင်းသားလူထုများဖြင့် လွတ်လပ်စွာတွေ့ဆုံဆွေးနွေးခြင်း၊ ကြိုတင်အသိပေး အကြံဉာဏ်ရယူခြင်းများ လုပ်ဆောင်သွားမည် ဖြစ်ပြီး စီမံချက်အတွက် အထောက်အပံ့ဖြစ်စေမည့် အချက်များကို ရယူသွားနိုင်ရန်။

ရည်ရွယ်ချက် (၃) : ရည်ရွယ်ချက် (၁)ကို ဖော်ဆောင်ရာမှရရှိလာသည့် လူမှုရေးဆိုင်ရာ ဆန်းစစ်ချက်များနှင့် ရည်ရွယ်ချက် (၂)၏ ဆွေးနွေးအကြံပြုချက်များမှ ရရှိလာသော အချက်များအပေါ်အခြေခံ၍ "လူထု ပါဝင်သော စီမံကိန်း မူဘောင်" တစ်ရပ် ရေးဆွဲချမှတ်နိုင်ရန်။

**အပိုင်း (၂) : လူမှုရေးဆိုင်ရာလေ့လာဆန်းစစ်ချက် နည်းစနစ်များ**

ဤဆန်းစစ်ချက်များပြုလုပ်ရာတွင် အရည်အသွေးအခြေပြု သုတေသနနည်းလမ်းကို အဓိက အသုံးပြုခဲ့ပြီး အဓိကအပိုင်းကြီးနှစ်ပိုင်းပါဝင်သည်။ မှတ်တမ်းမှတ်ရာများ၊ ရည်ညွှန်းစာများကိုးကား သုံးသပ်ခြင်းနှင့် အချက်အလက်များကွင်းဆင်းကောက်ယူခြင်းတို့ ဖြစ်သည်။ ဤဆန်းစစ်ချက်တွင် ပါဝင်သော မူဝါဒနှင့် သတ်မှတ်ဖော်ပြချက်များသည် အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများနှင့် ဆက်စပ်သော မှတ်တမ်းများ၊ ရည်ညွှန်းစာများ [၂] နှင့် မူဝါဒရေးရာ ရေးဆွဲသူများ၊ အဓိက အကောင်အထည်ဖော်သူများဖြစ်သည့် ပညာရေးဝန်ကြီးဌာန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးကဲ့သို့သော ပုဂ္ဂိုလ်များ၊ အခြေခံပညာဦးစီးဌာန၊ မြန်မာနိုင်ငံပညာ

ရေးသုတေသနအဖွဲ့ (MERB)၊ စသည်တို့နှင့် အသေးစိတ် မေးမြန်းခြင်းများပေါ်တွင် အခြေခံလေ့လာထားခြင်းဖြစ်သည်။

အချက်အလက်များကွင်းဆင်းလေ့လာကောက်ယူရာတွင် အဓိကအားဖြင့် အရည်အသွေး အခြေပြု နည်းလမ်းများဖြစ်သည့် သက်ဆိုင်ရာဦးတည်အုပ်စုများနှင့် တွေ့ဆုံမေးမြန်းခြင်းများ ( Focus Group Discussions - FGDs) နှင့် အဓိကအရေးပါသူများကို မေးမြန်းခြင်း (Key Informant Interviews - KI) တို့ကိုသုံးခဲ့ပါသည်။ ကွင်းဆင်းသုတေသနပြုရာတွင် FGD (၆၃) ကြိမ်နှင့် KI (၉၃) ကြိမ် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ထို့အပြင် ကွင်းဆင်းသုတေသနလုပ်ဆောင်မှုကို ပိုမိုထိရောက်စေရန်အတွက် ဖြစ်ရပ်၊ အကြောင်းအရာများ(Case Study) လေ့လာခြင်းဖြင့် တွေ့ရှိချက်များကို ထပ်မံစုဆောင်းရယူခဲ့ပါသည်။ လေ့လာခဲ့သော မြို့နယ်များသည် ကွဲပြားသော တိုင်းရင်းသား လူမျိုးများနေထိုင်ရာ ဒေသများဖြစ်သည်။ အထူးသဖြင့် ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တွေ့ဆုံမေးမြန်းခဲ့သူများသည် တိုင်းရင်းသားအများစုဖြစ်ပြီး ထိုဒေသများသည် ဗမာလူမျိုးနည်းပြီး မွန်လူမျိုးနှင့် ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာ ဒေသများဖြစ်သည်။

..........................................................................................

[၂] ရည်ညွှန်းစာများအနေဖြင့်အောက်ပါတို့ကို ကိုးကားလေ့လာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေ

မြန်မာနိုင်ငံ၏ အထွေထွေဥပဒေများရည်ညွှန်း၊ ဆန်းလွင်၊ ဒုတိယအကြိမ်ထုတ်ဝေခြင်း၊ ၂၀၁၀။

JICA မှရံပုံငွေဖြင့် ပြုလုပ်ခဲ့သော မြန်မာနိုင်ငံ၏ပညာရေးကဏ္ဍ ဆိုင်ရာအချက်အလက်ကောက်ယူခြင်း အဆုံးသတ်အစီရင်ခံစာ (၂၀၁၃ ဖေဖော်ဝါရီလ)

ပညာရေးကဏ္ဍသုံးသပ်ချက်အစီရင်ခံစာမူကြမ်း၊ အဆင့် (၁)၊ (မြန်မာဘာသာဖြင့်သာ)

အိမ်ထောင်စုများ၊မိသားစုများ၏စားဝတ်နေရေးဆိုင်ရာ စစ်တမ်း၊ ၂၀၁၀၊ UNDP။

မြန်မာနိုင်ငံအရည်အသွေးအခြေပြုပညာရေးစီမံကိန်း (QBEP) ၊ UNICEF ၊ ဇန်နဝါရီ ၂၀၁၂ - ဒီဇင်ဘာ ၂၀၁၅။

မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန : မြန်မာနိုင်ငံပညာရေးကဏ္ဍ၏ လက်လှမ်းမီမှုနှင့် အရည်အသွေး၊ ဖေဖော်ဝါရီလ ၂၀၁၂။

**မြို့နယ်ရွေးချယ်ခြင်းဆိုင်ရာသတ်မှတ်ချက်များ**

ပညာရေးဝန်ကြီးဌာနမှ လူမှုလေ့လာဆန်းစစ်ခြင်းလုပ်ဆောင်ရန် မြို့နယ်(၆)မြို့နယ်ကို ရွေးချယ်ခဲ့ပါသည်။ ရှမ်းပြည်နယ်ရှိကလော၊ ရန်ကုန်တိုင်းရှိ ဆိပ်ကြီးခနောင်တို၊ နေပြည်တော်ရှိ ဇမ္ဗူသီရိ၊ မွန်ပြည်နယ်ရှိ မုဒုံ၊ ပဲခူးတိုင်းရှိရေတာရှည်နှင့် မန္တလေးတိုင်းရှိ မဟာအောင်မြေမြို့နယ်တို့ဖြစ်သည်။ စီမံချက်အတွက် မြို့နယ်နှင့် ကျောင်းများ ခွဲခြားရွေးချယ်ရာတွင် ဆင်းရဲနွမ်းပါးမှု၊ ဝေးလံသီခေါင်မှု၊ ကျောင်းထွက်နှုန်းမြင့်မားမှု၊ တိုင်းရင်းသားလူမျိုးစုများနှင့် စတိုင်ပင်ရရှိသည့်ကျောင်းများ စသည့် အချက်များအပေါ်တွင် မူတည်ရွေးချယ်ခဲ့ပါသည်။

**ကွင်းဆင်းလေ့လာဆန်းစစ်ရာတွင် ကြုံတွေ့ရသော ကန့်သတ်ချက်များ**

- ဆင့်ပွားအချက်အလက်များရရှိမှုတွင် အကန့်အသတ်များရှိနေပြီး မြို့နယ်ပညာရေးမှူး (TEOs) များသည် အချက်အလက်ကောက်ယူခြင်းနှင့် ပြန်လည်မှတ်တမ်းတင်ရာတွင် စွမ်းဆောင်ရည် လိုအပ်ချက်များ ရှိနေခြင်း။
- အချို့သောအချက်အလက်များမှာ ခိုင်မာမှုမရှိသဖြင့် သုံးသပ်ရန်ခက်ခဲခြင်း။ ဥပမာအားဖြင့် မြို့နယ်ပညာရေးမှူးမှ ပေးလာသော ကျောင်းသား၊ ကျောင်းသူ အရေအတွက်သည် ကျောင်းများမှ ပေးအပ်လာသော ကျောင်းသား၊ကျောင်းသူအရေအတွက်ထက်များနေခြင်း။
- ရပ်ရွာလူထုများသည် စတိုင်ပင်စီမံချက်နှင့်ပတ်သက်၍ အပြုသဘောမဆောင်သည့် တုံ့ပြန်မှုများကို ဖော်ပြခြင်းမရှိကြသော်လည်း ပိုမိုတိုးတက်ကောင်းမွန်စေရန် အကြံ ဉာဏ်တောင်းခံရာတွင် ဤစီမံချက်ရှိကြောင်းကိုပင် လုံးဝမသိရှိဘဲ သုတေသနအဖွဲ့ မေးမြန်းမှသာ သိရှိကြခြင်း။
- ကလောနှင့် ရေတာရှည်မြို့နယ်များရှိ အလွန်ဝေးလံသီခေါင်သောဒေသများသို့ သွားရောက်ရန်ခက်ခဲခြင်း။

**အပိုင်း (၃): မှတ်တမ်းများ၊ ရည်ညွှန်းကိုးကားသည့်စာများမှ တွေ့ရှိချက်များ**

**၁။ ဥပဒေနှင့်မူဝါဒပိုင်းဆိုင်ရာ သတ်မှတ်လုပ်ဆောင်ချက်များ**

**၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ**

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အခြေခံအုတ်မြစ်ဖြစ်သည်။ ၂၀၀၈ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်ထောင်စု၏ ပညာရေးနှင့်ပတ်သက်သော လိုက်နာရမည့်ဝတ္တရားများနှင့်တာဝန်များကို ဖော်ပြထားပြီး မြန်မာနိုင်ငံသားအားလုံး၏ ပညာရေးဆိုင်ရာ ခံစားခွင့်များကိုလည်း ရှင်းလင်းဖော်ပြထားသည်။ အထူးသဖြင့် အရေးအကြီးဆုံးဖော်ပြချက်မှာ အပိုဒ် (၃၆၆) ဖြစ်ပြီး ပညာရေးဆိုင်ရာခံစားခွင့်နှင့် ပတ်သက်၍ နိုင်ငံသားတို့၏ တာဝန်ဝတ္တရားများကို ဖော်ပြထားသည်။ ( အပိုင်း (၈): နိုင်ငံသားများ၊ နိုင်ငံသားတို့၏ အခြေခံ ခံစားခွင့်များနှင့် တာဝန်များ)

အပိုဒ် (၃၆၆) နိုင်ငံသားအားလုံးသည် နိုင်ငံတော်မှ ချမှတ်ထားသည့် အောက်ပါ ပညာရေးဆိုင်ရာ မူဝါဒများကို လေးစားလိုက်နာရမည်ဖြစ်ပြီး :

(က) ပညာသင်ကြားခွင့်ရှိရမည်။

(ခ) နိုင်ငံတော်မှ မဖြစ်မနေလုပ်ဆောင်ရမည့်အချက်အနေဖြင့် ဥပဒေနှင့်အညီပြဋ္ဌာန်းထားသော အခြေခံပညာရေးကို တက်ရောက်ခွင့်ရရှိမည်။

(ဂ) သိပ္ပံပညာရပ်ဆိုင်ရာသုတေသနများ၊ သိပ္ပံပညာရပ်များနှင့်လုပ်ငန်းများ ၊ ရေးသားဖန်တီးသည့် အလုပ်များ၊အနုပညာလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးနှင့် လွတ်လပ်စွာသုတေသနပြုပိုင်ခွင့် (အခြားသော ယဉ်ကျေးမှုလုပ်ငန်းများနှင့်) အစရှိသည်တို့ကို လုပ်ပိုင်ခွင့်ရှိရမည်။

ထို့အပြင် အခန်း(၁)တွင်ထပ်မံ၍ ကျန်းမာရေးကဏ္ဍနှင့်ဆက်စပ်ပြီး ပညာရေးကဏ္ဍဆိုင်ရာ ထောက်ပံ့မှုများနှင့်ပတ်သက်သော နိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဆိုင်ရာ လိုက်နာရမည့် အချက်များကို ဖော်ပြထားသည်။

၂၈.ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် -

(က) ပြည်သူလူထု၏ ပညာရေးနှင့် ကျန်းမာရေးကို တိုးတက်လာစေရန် အားထုတ်ကြိုးပမ်းသွားမည်။

(ခ) ပြည်သူလူထုသည် ၎င်းတို့၏ ပညာရေး၊ကျန်းမာရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်သောဥပဒေများလည်း ပြဋ္ဌာန်းပေးသွားမည်။

(ဂ) အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

(ဃ) နိုင်ငံတည်ဆောက်ရာတွင် မှန်ကန်သောအတွေးအခေါ်၊ ကောင်းမွန်သောစိတ်ဓာတ်နှင့် အကျင့်စာရိတ္တများဖြင့် ပါဝင်တည်ဆောက်သွားနိုင်ရန် ခေတ်သစ်ပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

မှတ်သားရန်မှာ မသင်မနေရမူလတန်းပညာရေးစနစ်သည် နိုင်ငံသားတိုင်း၏ အခြေခံဥပဒေအရ ပြဋ္ဌာန်းထားသော တာဝန်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံတော်အစိုးရသည်လည်း မသင်မနေရမူလတန်းပညာရေးစနစ်ကို အကောင်အထည်ဖော်သွားရန် တာဝန်ရှိသည်။ ပို၍အရေးကြီးသည်မှာ ဒီမိုကရေစီစံနှုန်းအရ ပညာရေးစနစ်နှင့်သက်ဆိုင်သော ကိစ္စရပ်များတွင် နိုင်ငံသားများ ဝင်ရောက်ပါဝင်နိုင်ခွင့်ရှိစေရန် လိုအပ်သောဥပဒေများပြဋ္ဌာန်းပေးရန်လိုအပ်သည်။ ပညာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်၏ ထူးခြားထင်ရှားသည့်အဆင့်မှာ အခမဲ့မသင်မနေရ မူလတန်း ပညာရေးဆိုင်ရာဥပဒေကို ပေါ်ထွက်လာရန် လွှတ်တော်ထဲတွင် ဆွေးနွေးလုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ [၃]

**အခြားပညာရေးဆိုင်ရာဆက်စပ်ဥပဒေများ:** [၄]

- လက်ရှိပညာရေးစနစ်တွင် ပြဋ္ဌာန်းထားသော မူလတန်း (၅)နှစ်၊ အလယ်တန်း (၄)နှစ်နှင့် အထက်တန်း (၂)နှစ်ပါဝင်သောစနစ်ကို စတင်ခဲ့သည့် ၁၉၇၃ အခြေခံပညာရေးဥပဒေ (၁၉၈၉တွင် ပြင်ဆင်ခဲ့)
- ဝန်ကြီးဌာနမှ တက္ကသိုလ်များဆိုင်ရာ စီမံပိုင်ခွင့်ရှိသည့် ကဏ္ဍများ (လက်ရှိတွင် ၁၃ နေရာ) ဖြစ်သည့် တက္ကသိုလ်ပညာရေးဥပဒေ ၁၉၇၃ (၁၉၈၉ တွင်ပြင်ဆင်ခဲ့)
- မြန်မာနိုင်ငံစာစစ်အဖွဲ့ဆိုင်ရာဥပဒေ ၁၉၇၃
- ပညာရေးသုတေသနဥပဒေ ၁၉၇၃
- ပုဂ္ဂလိကပညာရေးဥပဒေ ၁၉၈၄နှင့် ၂၀၀၆ (ကျောင်းဆရာ၊ ဆရာမများကို ကျောင်းစာသင်ချိန်အပြီး ပုဂ္ဂလိကကျောင်းများတွင် အခကြေးငွေဖြင့် စာသင်ကြားခြင်းကို တားမြစ်ထားသည်)
- စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးဥပဒေ ၁၉၇၄ (၁၉၈၉တွင် ပြင်ဆင်ခဲ့)နှင့်
- ပုဂ္ဂလိကကျောင်းများမှတ်ပုံတင်ခြင်းဥပဒေ ၂၀၁၁

- [၃] ဦးကိုလေးဝင်းနှင့်ကိုယ်တွေ့မေးမြန်းခြင်း၊လက်ထောက်ညွှန်ကြားရေးမှူး၊ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာန၊ ပညာရေးဝန်ကြီး ဌာန၊ စက်တင်ဘာ ၂၀၁၃။

- [၄] JICA ထောက်ပံ့မှုဖြင့်ပြုလုပ်သော မြန်မာနိုင်ငံပညာရေးကဏ္ဍအတွက်စစ်တမ်းကောက်ယူခြင်း နောက်ဆုံးအစီရင်ခံစာ (ဖေဖော်ဝါရီ

## မြန်မာနိုင်ငံရှိဥပဒေနှင့်မူဝါဒရေးရာ ပြုပြင်ပြောင်းလဲရေးတွင် တွေ့ရှိရသောပုံစံ

ယခင်အစိုးရပြဋ္ဌာန်းခဲ့သော ပညာရေးဆိုင်ရာဥပဒေများသည် နိုင်ငံ၏လက်ရှိအခြေအနေများနှင့် ဆီလျော်မှုမရှိပေ။ လက်ရှိတွင် အခြေခံပညာရေးဥပဒေအတွက် လွှတ်တော်တွင်ဆွေးနွေးလျက်ရှိပြီး ပညာရေးသုတေသန၊ စာစစ်အဖွဲ့နှင့် တက္ကသိုလ်ပညာရေးနှင့် အရေးအကြီးဆုံးမှာ လွှတ်တော်ကော်မတီမှ စီစဉ်ရေးဆွဲထားသော အမျိုးသားအဆင့် အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေးဖြစ်သည်။ အခမဲ့နှင့်မသင်မနေရပညာရေးဥပဒေအသစ်မူကြမ်းမှာ ရေးဆွဲပြီးဖြစ်ပြီး မြန်မာနိုင်ငံပညာရေးသုတေသနဦးစီးဌာန (DMERB)မှ၂၀၁၃ အစောပိုင်းတွင် အဆင့်-၁ကိုဖော်ဆောင်ပြီးစီးပြီး ဖြစ်မည့် ပညာရေးကဏ္ဍသုံးသပ်ချက် (CESR) ကိုဦးစီးဖော်ဆောင်မည်ဖြစ်သည်။ CESR အဆင့်- ၁ အလုပ်အမှုဆောင်ကော်မတီသည် ပညာရေးကဏ္ဍ (၂၀၁၄) အတွက် လုပ်ငန်းပိုင်းဆိုင်ရာ လုပ်ဆောင်သတ်မှတ်ချက်အသစ်ကို ပြင်ဆင်ဖော်ဆောင်လျက်ရှိသည်။ [၅] မှတ်သားရသည့်အချက်မှာ ဤလုပ်ငန်းသတ်မှတ်ချက်ကိုဖော်ဆောင်ခြင်းဖြင့် စီမံခန့်ခွဲမှုဗဟိုဦးစီးလျှော့ချရေး၊ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့အစည်းများဖြင့်ပူးပေါင်းဆောင်ရွက်ရေးနှင့် ပညာရေးကဏ္ဍကို တိုးတက်စေမည့် အကြံပြုလုပ်ဆောင်ချက်များကို အကျုံးဝင်စေသည်။

ဤထူးခြားထင်ရှားသော ပြုပြင်ပြောင်းလဲရေးအဆင့်များသည် သမ္မတကြီးဦးသိန်းစိန်ခေါင်းဆောင်သော အစိုးရအဖွဲ့အသစ်၏ ပုံဖော်ထုဆစ်မှုဖြင့် ပေါ်ထွန်းလာခြင်းဖြစ်သည်။ သမ္မတကြီး၏ မတ်လ ၂၀၁၁ တွင် လွှတ်တော်၌ ကြေငြာခဲ့သောအချက် ၁၀ ချက်ပါဝင်သည့် ပညာရေးဆိုင်ရာမူဝါဒ[၆] ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲရေးကနဦးလုပ်ငန်းစဉ်ကို ကောင်းစွာအရှိန်မြှင့်တင်ပေးခဲ့သည်။ ဤပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် နိုဝင်ဘာ ၂၀၁၂ တွင် မူကြမ်းရေးဆွဲခဲ့သော အခြားကဏ္ဍများကိုပါ အကျုံးဝင်သက်ရောက်စေသည့် "စီးပွားရေးနှင့် လူမှုရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများဆိုင်ရာ လုပ်ငန်းသတ်မှတ်ချက် - FESR" များနှင့်လည်းဆက်နွယ်လျက်ရှိသည်။ FESR မူကြမ်းအခြေခံအချက်များသည် မြန်မာနိုင်ငံအစိုးရ၏မူဝါဒဖြစ်သည့် "ပညာရေးသည်အစိုးရ၏ထိပ်တန်းဦးစားပေးလုပ်ငန်းဖြစ်သည်" ဟူသောစကားနှင့် "ပြည်သူလူထုအတွက်ပညာရေးကဏ္ဍတွင် အသုံး

စရိတ်ကို သိသာထင်ရှားစွာမြှုပ်နှံသုံးစွဲပြီး လာမည့်နှစ်များတွင်လည်း ပိုမိုသုံးစွဲသွားမည်”[7] ဟူသော အချက်များကို ထင်ရှားစေသည်။

ဤမူဝါဒရေးရာပြုပြင်ပြောင်းလဲရေး၏ ကနဦးအစဖြစ်သည့် ခိုင်မာသောလုပ်ဆောင်ချက်များ အတွက် ပညာရေးဝန်ကြီးဌာနသည် နှစ် (၂၀) စီမံကိန်းမူကြမ်းကို ရေးဆွဲခဲ့သည်။ အဓိက လုပ်ဆောင်ချက် အစီအစဉ်များမှ နိုင်ငံတော်သမ္မတ၏ အချက် (၁၀)ချက်ပါသော မူဝါဒနှင့် ယခင်နှစ် (၃၀) ရေရှည်စီမံကိန်းများပေါ်တွင် အခြေခံသည်။ လက်ရှိအကောင်အထည်ဖော်လျက်ရှိသော စီမံ ချက်များတွင် အောက်ပါ အဓိကလုပ်ဆောင်ချက်များကို လုပ်ဆောင်လျက်ရှိသည်။

(က) မသင်မနေရမူလတန်းပညာရေးစီမံချက်စတင်ခြင်း

(ခ) ပညာတော်သင်ဆုများနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေ (စတိုင်ပင်)များချီးမြှင့်ခြင်း

(ဂ) အခြေခံပညာကျောင်းများတိုးချဲ့ဖွင့်လှစ်ခြင်းနှင့် လက်ရှိကျောင်းများကို အဆင့်တိုးမြှင့်ခြင်း

(ဃ)ခရိုင်အဆင့်ပညာရေးရုံးများဖွင့်လှစ်ခြင်းဖြင့် မြို့နယ်ပညာရေးမှူးများ၏ ကဏ္ဍကိုတိုးတက် စေခြင်း

(င) အခြေခံပညာဆရာ၊ဆရာမများအတွက်ပညာပိုင်းဆိုင်ရာအရည်အချင်းများတိုးမြှင့်ခြင်း

(စ) မူလတန်းအဆင့်တွင် ကလေးသူငယ်ဦးစားပေးချဉ်းကပ်သင်ကြားမှုပုံစံဖြင့်သင်ကြားခြင်း

(ဆ) ပုဂ္ဂလိကကျောင်းများဖွင့်လှစ်ခွင့်ပေးခြင်းနှင့်

(ဇ) ပညာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဆွေးနွေးပွဲများကျင်းပခြင်းတို့ ဖြစ်သည်။

အတိုချုပ်အားဖြင့် အစိုးရ၏ ဥပဒေနှင့် မူဝါဒရေးရာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်သည် ပညာရေးကဏ္ဍ၏ အဓိကအပိုင်းကြီးသုံးပိုင်းဖြစ်သော လက်လှမ်းမီမှု၊ အရည်အသွေးနှင့် စီမံခန့်ခွဲ ရေးတို့ကို တိုးတက်စေမည့် ရေတိုရေရှည် ကြိုးပမ်းအားထုတ်မှုများကို သရုပ်ဖော်ထင်ဟပ်လျက်ရှိ သည်။

**တိုင်းရင်းသားလူမျိုးများ၏ ပညာရေးအတွက် အခြေခံဥပဒေဆိုင်ရာနှင့် ဥပဒေဆိုင်ရာပံ့ပိုးမှုများ**

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၀ကျော်အတူနေထိုင်ကြပြီး တိုင်းရင်းသား (၈) မျိုးကို အဓိကလူမျိုးစုများအဖြစ် သတ်မှတ်ထားသည်။ ဗမာလူမျိုးများသည် အကြီးဆုံးတိုင်းရင်းသား

လူမျိုးစုများဖြစ်ပြီး မြန်မာနိုင်ငံလူဦးရေ၏ ၆၉% ရှိသည်။ အခြားတိုင်းရင်းသားလူမျိုးစုကြီး (၇) မျိုးမှာ ရှမ်း (၈.၅%)၊ ကရင် (၆.၂%)၊ ရခိုင် (၄.၅%)၊ ချင်း (၂.၂%)၊ ကချင် (၁.၄%) နှင့် အခြားတိုင်းရင်းသား (၀.၁%) ရှိသည်။ [၈] သို့သော်လည်း ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ အထက်ပါတိုင်းရင်းသားများကို အမည်နှင့်တကွစာရင်းသွင်းဖော်ပြခြင်းမရှိဘဲ "ဗမာအပါအဝင် အခြားသောတိုင်းရင်းသားမျိုးနွယ်စုများ" ဟုသာ ရည်ညွှန်းဖော်ပြထားသည်ကို တွေ့ရသည်။

[၅] ပညာရေးကဏ္ဍစုပေါင်းခြုံငုံသုံးသပ်မှုအစီရင်ခံစာ (မူကြမ်း) အဆင့်-၁ (မြန်မာဘာသာဖြင့်သာ)

[၆] ထောက်ပံ့မှုဖြင့်ပြုလုပ်သော မြန်မာနိုင်ငံပညာရေးကဏ္ဍအတွက်စစ်တမ်းကောက်ယူခြင်း နောက်ဆုံးအစီရင်ခံစာ (ဖေဖော်ဝါရီ ၂၃)

[၇] Ibid

[၈] ဤအချက်အလက်များသည် ၁၉၈၃ လူဦးရေစာရင်းမှရယူထားခြင်းဖြစ်သည်။ လက်တလော တိုင်းရင်းသားလူမျိုးစုများ၏ အရေအတွက်နှင့်ပမာဏကို ထပ်မံကောက်ယူထားခြင်းမရှိသေးပါ။

မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အခန်း (၁) အပိုဒ် ၂၂ အရ မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံ"တိုင်းရင်းသားလူမျိုးများ"၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုး တိုးတက်လာစေရန် ကူညီလုပ်ဆောင်သွားမည်ဖြစ်သည်။

"ပြည်ထောင်စုမြန်မာနိုင်ငံတော်မှလက်တွဲကူညီရာတွင် :

(က) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများကို ဖွံ့ဖြိုး တိုးတက်အောင်လုပ်ဆောင်သွားမည်။

(ခ) တိုင်းရင်းသားလူမျိုးများအချင်းချင်း စည်းလုံးညီညွတ်မှု၊ အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုနှင့် လေးစားမှု၊ အပြန်အလှန်ကူညီမှုများဖြစ်ပေါ်လာစေရန် တိုးတက်လုပ်ဆောင်သွားမည်။

(ဂ) ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော တိုင်းရင်းသားလူမျိုးစုများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဆက်သွယ်ရေး စသည့်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းမြှင့်တင်သွားမည်။"

လက်ရှိဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ဖော်ပြထားသောထောက်ပံ့ကူညီမှုဆိုင်ရာ စကားလုံးများကို ၁၉၉၁တွင် တပ်မတော်အစိုးရဖြစ်သည့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(SLORC)မှ ပြဋ္ဌာန်းခဲ့သော တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်ဆိုင်ရာ ဥပဒေတွင်လည်းဖော်ပြထားသည်။ ထိုဥပဒေတွင် SLORC မှ တက္ကသိုလ်များကို အောက်ပါ ရည်မှန်းချက်များဖြင့် တည်ထောင်သွားမည်ဟုဖော်ပြထားသည်။ [၉]

က) " တက္ကသိုလ်တွင်ပညာသင်ကြားနေစဉ်အတွင်း ချစ်ကြည်ရင်းနှီးသော ပတ်ဝန်းကျင်တွင် စုပေါင်းနေထိုင်ရင်း တိုင်းရင်းသားလူမျိုးများတွင် ပြည်ထောင်စုစိတ်ဓာတ်အားကောင်းလာစေရန်"

ခ) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စု၏ ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာများ၊ ရိုးရာဓလေ့များကို နားလည်ထိန်းသိမ်းကြရန်။

ဂ) ပြည်ထောင်စုတွင်းရှိ တိုင်းရင်းသားတို့၏ လူနေမှုအဆင့်အတန်းတိုးတက်လာစေရေးအတွက် ထမ်းဆောင်လိုစိတ် မြှင့်တင်သွားရန်။

ဃ) တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးရှိပြီး ထိရောက်သော ခေါင်းဆောင်မှုကို မြှင့်တင်တည်ဆောက်သွားရန်။

င) ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ရန် အတွက် သုတေသနလုပ်ငန်းကို မြှုပ်နှံလုပ်ဆောင်ရန်။

စ) ပါတီနိုင်ငံရေးကင်းရှင်းပြီး စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားသော ပညာရေးဝန်ထမ်းများ မွေးထုတ်ပေးနိုင်ရန်။

ဆ) တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်သွားကြရန်။

ပြည်ထောင်စုအစိုးရမှ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပညာရေးကဏ္ဍကို တိုင်းရင်းသားအားလုံးအတွက် အကောင်အထည်ဖော်လျက်ရှိနေစဉ် တိုင်းရင်းသားလူမျိုးစုများ၏ ပညာရေးဆိုင်ရာကဏ္ဍတွင်လိုအပ်သည့် အချို့သောလိုအပ်ချက်များကို အထောက်အပံ့ဖြစ်စေရန်အတွက် ပြင်ပအကူအညီရယူရန်လိုအပ်ကြောင်း အကြံပေးတိုက်တွန်းပါသည်။[၁၀] လူမှုလေ့လာဆန်းစစ်ချက်သို့ အချို့သောအမေးမြန်းခံပုဂ္ဂိုလ်များအကြံပေးသည့် ပြည်ထောင်စုအဆင့် မူဝါဒရေးရာပြောင်းလဲခြင်းနှင့် ထောက်ပံ့ခြင်းဆိုင်ရာများသည် စိန်ခေါ်မှုများဖြစ်နေပြီး ယခင်နှင့် ယခုလက်ရှိ တိုက်ပွဲဖြစ်ပွားနေသည့် နေရာများ

မှ ကလေးငယ်များ၏ ပညာရေး နှင့် ဝေးလံသီခေါင်သော တောင်ပေါ်ဒေသများ၊ မြန်မာစကားလုံးဝ မပြောသောနေရာဒေသများမှ ကလေးများအတွက်မူ ကောင်းမွန်သော ပညာရေးဆိုင်ရာ အခွင့်အလမ်းများဖြစ်ပေါ်လာစေနိုင်ပါသည်။

[၉]http://www.burmalibrary.org/docs15/1991-SLORC_Law1991-09-University_for_the_Developmennt _of_the_National_Races_Law-en.pdf

[၁၀] တိုင်းရင်းသားလူမျိုးများပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြု သုတေသနနှင့်အကြံဉာဏ်ပေးခြင်းများ လုပ်ဆောင်နေသည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အင်တာဗျူးများမှ ရရှိသည့် အချက်အလက်။

## ၂. ပညာရေးကဏ္ဍဆိုင်ရာ သုံးသပ်ချက်

လက်ရှိအချိန်တွင် ပညာရေးကဏ္ဍသည်မြန်မာနိုင်ငံအစိုးရ၏ အကြီးဆုံးဝန်ဆောင်မှု ပေးနေရသည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ အခြေခံပညာအဆင့်တွင်ပင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်၌ ကျောင်းသား၊ ကျောင်းသူ ၈,၃၆၄,၀၈၁ ယောက်ပညာ သင်ကြားလျက်ရှိသည်။ [၁၁] မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ်အကူးအပြောင်းကာလတွင် ပညာရေးကဏ္ဍတွင်လည်း ကြီးမားသော ပြုပြင်ပြောင်းလဲမှုကို လုပ်ဆောင်လျက်ရှိသည်။ ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲရေးသည် မတ်လ ၂၀၁၁ တွင် ပြည်ထောင်စုလွှတ်တော်၌ သမ္မတကြီး ဦးသိန်းစိန်၏ တရားဝင်ထုတ်ဖော်ကြေငြာချက်ဖြစ်သော "ပညာရေးမူဝါဒ ၁၀ ချက်"ဖြင့် စတင်အကောင်အထည်ဖော်သည်။ (နောက်ဆက်တွဲ(က)) ဤပညာရေးမူဝါဒ ၁၀ ချက်သည် အခြားမူဝါများဖြစ်သော "ဆင်းရဲနွမ်းပါးမှုလျှော့ချရေးမူဝါဒ"၊ "အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း" နှင့် "စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုသတ်မှတ်ချက်များ (FESR)" တို့နှင့်လည်း အဓိပ္ပာယ်ရှိရှိ ဆက်နွယ်လျက်ရှိသည်။ သမ္မတကြီး၏ ပညာရေးဆိုင်ရာမူဝါဒ တစ်စိတ်တစ်ပိုင်းအဖြစ် အခြေခံပညာဖွံ့ဖြိုးတိုးတက်ရေး နှစ် ၂၀ စီမံကိန်း မူကြမ်းထွက်ပေါ်လာခဲ့သည်။ လွှတ်တော်တွင် ဆွေးနွေးကြသည့် အချက်များထဲမှ အခြားထင်ရှားသည့်အချက်မှာ အခမဲ့နှင့်မသင်မနေရ မူလတန်းပညာရေးဥပဒေမူကြမ်း ပေါ်ထွက်လာရေးဖြစ်သည်။

အထောက်အထားများအခြေပြု "အလုံးစုံလွှမ်းခြုံသော ပညာရေးကဏ္ဍသုံးသပ်ချက် (CESR)" သည် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၏ ပထမအဆင့်ဖြစ်ပြီး ထိုပြောင်းလဲရေးကဏ္ဍများအတွက်

ထောက်ပံ့အကူအညီပေးသော နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်အဖွဲ့များနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်သည်။ လူမှုရေးနှင့်စီးပွားရေးဆိုင်ရာကဏ္ဍများကို တပြေးညီမြှင့်တင်ရန် အတွက် လူသားအရင်းအမြစ်ကို အလေးထားဆောင်ရွက်ပြီး ပညာရေးဝန်ကြီးဌာနမှ ဖေဖော် ဝါရီလ၊ ၂၀၁၂ တွင် "အလုံးစုံလွှမ်းခြုံသော ပညာရေးကဏ္ဍ (CESR)" ကို စတင်ခဲ့သည်။ [၃၂] ၂၀၁၂ အစောပိုင်းကာလတွင် CESR ပြင်ဆင်ရေးလုပ်ငန်းများကို စတင်ခဲ့ပြီး ပညာရေးဝန်ကြီးဌာန မှ မိတ်ဖက်အဖွဲ့အစည်းများအားလုံးကို ဖိတ်ခေါ်၍ CESR လုပ်ငန်းစဉ်တွင် ပါဝင်ကူညီရန်နှင့် လုပ်ငန်းစဉ်အကောင်အထည်ဖော်ရေး အောင်မြင်မှုရရှိစေရန် လုပ်ဆောင်ခဲ့သည်။ များစွာသော မိတ်ဖက်အဖွဲ့အစည်းများသည် ဝန်ကြီးဌာနနှင့်တရားဝင်ချိတ်ဆက်၍ ၂၀၁၃ အစောပိုင်းကာလ တွင်ပြီးဆုံးခဲ့သည့် CESR သုံးသပ်ချက်အဆင့် (၁)တွင် နည်းပညာပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေး ဆိုင်ရာအကူအညီများပေးခဲ့ကြပါသည်။ ထို့နောက် CESR အဆင့်(၁) လုပ်ငန်းကော်မတီသည် ပညာရေးကဏ္ဍအသစ်၏ လုပ်ငန်းသတ်မှတ်ချက်များ(၂၀၁၄)ကို ထပ်မံပြင်ဆင်ခဲ့ပါသည်။ [၃၃]

အတိုချုပ်အားဖြင့် လက်ရှိတွင် အစိုးရ၏မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေးအစီအစဉ်များနှင့် နီးကပ်စွာဆက်စပ်လျက်ရှိသော အပိုင်း(၃)ပိုင်းတွင် လျင်မြန်ထိရောက်ပြီး ရေရှည်အတွက် အကျိုး ဖြစ်ထွန်းစေသော ကြိုးပမ်းမှုများကို လုပ်ဆောင်ခဲ့ပါသည်။ ၎င်းတို့မှာ ပညာရေးလက်လှမ်းမီမှု၊ ပညာရေးဆိုင်ရာအရည်အသွေးများနှင့် ပညာရေးကဏ္ဍစီမံခန့်ခွဲရေးတို့တွင် ပြုပြင်ပြောင်းလဲမှုများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။ ယခုလေ့လာသုံးသပ်မှုတွင် ပညာရေးလက်လှမ်းမီမှုနှင့် စပ်လျဉ်းသော အခက်အခဲများ၊ ပြဿနာများကို အဓိကဦးစားပေး ဆောင်ရွက်သွားမည်ဖြစ်သည်။

[၃၁] စကောလားရှစ်နှင့် စတိုင်ပင်စီမံချက်ဆိုင်ရာစာတမ်း (TOR)၊ ပညာရေးဝန်ကြီးဌာန၊ ပညာရေးစီမံချက်ရေးဆွဲခြင်းဌာန၊ ဩဂုတ် ၂၀၁၁။

[၃၂] မြန်မာနိုင်ငံပညာရေးကဏ္ဍသုံးသပ်ချက်စာတမ်း (CESR)၊ ၂၀၁၂ ဇူလိုင် ရက်။

[၃၃] ပညာရေးဆိုင်ရာကဏ္ဍသုံးသပ်ချက်အစီရင်ခံစာမူကြမ်း အဆင့်- ၁ (မြန်မာဘာသာဖြင့်သာ)

## ပညာရေးလက်လှမ်းမီမှုနှင့် သက်ဆိုင်သောကိစ္စရပ်များ

အကျိုးခံစားခွင့်မရှိသောအုပ်စုများဖြစ်သည့် ဆင်းရဲနွမ်းပါးသောမိသားစုမှ ကလေးငယ်များနှင့် ဝေးလံခေါင်သီသောအရပ်မှ ပြည်သူလူထုများသည် ပညာရေးဆိုင်ရာအခွင့်အလမ်းများတွင် လက် လှမ်းမမီဘဲ ကန့်သတ်ချက်များရှိနေပြီး ၎င်းတို့၏ ပညာရေးဆုံးခန်းတိုင်ရန် အခွင့်အလမ်း နည်းပါး

ကြသည်။ ဤပညာရေးဆိုင်ရာရည်ညွှန်းချက်များနှင့် အချက်အလက်များသည် မှတ်တမ်းများ၊ ရည်ညွှန်းကိုးကားသည့်စာတမ်းများမှ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။

**အသားတင်ကျောင်းအပ်နှုန်း (NER- Net Enrollment Rate)** [၁၄]

မြန်မာနိုင်ငံရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာရေးများတွင် အသားတင်ကျောင်းအပ်နှုန်းမှာ အခြားအာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် များစွာလျော့နည်းသည်ကို တွေ့ရပြီး ၂၀၁၁-၂၀၁၂ အသားတင်ကျောင်းအပ်နှုန်းသည် ၁၉၉၈-၁၉၉၉ ကျောင်းအပ် နှုန်းနှင့် နှိုင်းယှဉ်လျှင်မှု တိုးတက်လာသည်ကိုတွေ့ရသည်။ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် အထက်ပါ ပညာရေးအဆင့် (၃)ခု၏ အချိုးအစားမှာ ၈၄.၆%၊ ၄၇%၊ ၃၀% အသီးသီးရှိ ကြပြီး ၁၉၉၈-၁၉၉၉ တွင်မူ များစွာလျော့နည်းပြီး (၇၄.၇%၊ ၂၃.၆%နှင့် ၁၀.၁%) သာရှိခဲ့သည်။ အခြားအာဆီယံနိုင်ငံများတွင်မူ အသားတင်ကျောင်းအပ်နှုန်းမှာ မြင့်မားသည်။ ဗီယက်နမ်နိုင်ငံတွင် ၉၈%၊ ၇၆% နှင့် ၄၁% အသီးသီးရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် မူလတန်းကျောင်းအပ်နှံမှုနှုန်းမှာ ၉၀%နှင့် အလယ်တန်း အပ်နှံနှုန်းမှာ ၆၁% ရှိသည်။

**ကျောင်းထွက်နှုန်း(Drop Out Rate)**

ကျောင်းထွက်နှုန်းသည် မူလတန်း၏နောက်ဆုံးတန်းဖြစ်သော စတုတ္ထတန်းနှစ်တွင် အမြင့်ဆုံးဖြစ် ပြီး ၂၃.၂% ဖြစ်သည်။ အလယ်တန်း၏နောက်ဆုံးတန်းဖြစ်သော အဋ္ဌမတန်းတွင် ၁၈.၄% ဖြစ်ပြီး အထက်တန်း၏ ပထမနှစ်အတန်းဖြစ်သော နဝမတန်းတွင် ကျောင်းထွက်နှုန်းမှာ ၁၁.၈% ရှိသည်။ အထက်တန်း၏နောက်ဆုံးနှစ်ဖြစ်သော ဒသမတန်းတွင်ပင် ကျောင်းထွက်နှုန်းမှာ မြင့်မားပြီး ၁၈.၈% ရှိသည်။[၁၅] ကျောင်းထွက်နှုန်းမြင့်မားရသည့် အဓိကအကြောင်းရင်းမှာ စီးပွားရေးခက်ခဲမှုကြောင့်ဖြစ်ကြောင်း ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများနှင့် တွေ့ဆုံမေးမြန်းမှုများအရ သိရသည်။

အခြေခံပညာဦးစီးဌာန အမှတ်(၃) (DBE 3) မှရရှိလာသော လတ်တလော အချက်အလက်များအရ ဤလေ့လာမှုအတွက် ရွေးချယ်ထားသော မြို့နယ်များရှိ ၂၀၁၃-၂၀၁၄ ပညာနှစ်တွင် ကျောင်းထွက်ထားသော ကျောင်းသူ၊ ကျောင်းသား ၆၅% ၏ဖြေဆိုချက်အရ ကျောင်းထွက်ရခြင်း၏ အကြောင်းရင်းမှာ ငွေကြေးအခက်အခဲနှင့် ၎င်းတို့၏ မိသားစုများအတွက် ကူညီငွေရှာရန် လိုအပ်လာခြင်းကြောင့်ဖြစ်သည်။ ( DBE 3 သည်ကျောင်းပြန်မတက်သော ကျောင်းသား၊ကျောင်းသူများစာရင်းကို ပုံမှန်စုဆောင်းမှတ်တမ်းတင်ထားရှိလေ့ရှိသည် )

မိသားစုကိုလောက်ငယုံမျှသာဝင်ငွေရှာဖွေနိုင်သော မိဘများ၏ ဝင်ငွေအခက်အခဲများသည် မသင်မနေရ အခြေခံပညာမူလတန်းစနစ် ( CPE ) ၏ အကြီးမားဆုံးအခက်အခဲဖြစ်သည်ဟု ပညာရေးဝန်ထမ်းများ၊ အခြေခံပညာရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေး မှူးချုပ်နှင့် လက်ထောက်ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ (DMERB) နှင့် ပညာရေးဆိုင်ရာစီမံချက်နှင့် လေ့ကျင့်ရေးဌာန (DEPT) တို့ထံမှ သိရသည်။ ယခုလက်ရှိတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အခမဲ့မူလတန်းပညာရေးနှင့် ကျောင်းအပ်နှံသော ကျောင်းသူ၊ ကျောင်းသား တိုင်းကို ငွေ (၁၀၀၀)ကျပ်နှင့် မှတ်စုစာအုပ် (၆)အုပ်စီ ထောက်ပံ့နေသော်လည်း ဆင်းရဲသည့် မိသားစုများသည် သားသမီးများကို ကျောင်းထားရန် ခက်ခဲနေဆဲပင်ဖြစ်သည်။

DEPT မှလက်ထောက်ညွှန်ကြားရေးမှူးတစ်ဦး အကြံပြုသည်မှာ အခမဲ့ ဖတ်စာအုပ်နှင့် မှတ်စု စာအုပ်များထောက်ပံ့နေသော်လည်း မူလတန်း ကလေးငယ်တစ်ယောက် တစ်ရက်တွင် ရရှိနိုင်သည့် ဝင်ငွေ ပမာဏများကိုပါ ဆင်းရဲလွန်းသောမိသားစုများသို့ ထပ်ဆောင်းထောက်ပံ့သင့်သည်ဟု ဆို သည်။ ထို့အပြင် မိဘများကျခံရသော ကျောင်းဝတ်စုံများ၊ နေ့လည်စာနှင့် မုန့်ဖိုးများ၊ ကျောင်းအကြို အပို့တို့အတွက်ပါ ထပ်ဆောင်းထောက်ပံ့ရန်လိုအပ်ကြောင်း ထောက်ပြသည်။

[၃၄] ကျောင်းအပ်နှံမှုနှုန်းကို "အားလုံးအတွက်ပညာရေး : မြန်မာနိုင်ငံအရည်အသွေးရှိသော ပညာရေးသို့လက်လှမ်းမီမှု " ဖေဖော်ဝါရီ၊ ၂၀၁၂ ၊ MOE နှင့် အခြားနိုင်ငံများအတွက်မှ ADB ၂၀၁၂၊ "အာရှနှင့် ပစိဖိတ်ဒေသ ညွှန်းကိန်းများ" စာတမ်းနှင့် UNESCO UIS 2011 မှရရှိသည်။

[၃၅] မြန်မာနိုင်ငံပညာရေးကဏ္ဍစစ်တမ်းကောက်ယူခြင်းနောက်ဆုံးအစီရင်ခံစာ (ဖေဖော်ဝါရီ ၂၀၁၃)

## ပညာရေးလက်လှမ်းမီမှုတွင် ဆင်းရဲချမ်းသာကွာဟမှု [၃၆]

မူလတန်းအဆင့်ပညာရေးလက်လှမ်းမီမှုတွင် ဆင်းရဲသူနှင့် မဆင်းရဲသည့်အိမ်ထောင်စုများ အကြား ကွာဟမှုများ ၁၀% ခန့်ရှိသည်။ သို့သော်လည်း ၎င်းရာခိုင်နှုန်းသည် အလယ်တန်းအဆင့် တွင် ၂၄% အထိ ကွာဟသွားသည်။ ဤသို့ဖြစ်ရခြင်းသည် ငွေရေးကြေးရေးအခက်အခဲကြောင့် ဖြစ် နိုင်ဖွယ်ရှိပြီး မူလတန်းမှာ အခမဲ့ဖြစ်သော်လည်း အလယ်တန်းမှာ အခမဲ့မဟုတ်ခြင်းကြောင့်လည်း ဖြစ် နိုင်သည်။

**ပညာရေးလက်လှမ်းမီမှုတွင် ကျေးလက် နှင့် မြို့ပြကွာခြားမှု** [၁၇]

ကျေးလက်နှင့် မြို့ပြကျောင်းအပ်နှံမှုနှုန်းသည် မူလတန်းတွင် ၈၇.၆% နှင့် ၈၄% အသီးသီး ရှိကြပြီး အလယ်တန်းအဆင့်တွင် ၇၅.၂% နှင့် ၄၆.၅% အသီးသီးရှိကြသည်။ မူလတန်းအဆင့်တွင် ကျောင်းအပ်နှံမှုနှုန်းသည် ကျေးလက်နှင့်မြို့ပြ မဆိုစလောက်သာ ကွာခြားမှုရှိသော်လည်း (၃% မျှသာ) အလယ်တန်းအဆင့်တွင် ပို၍ကွာဟသွားသည်ကို တွေ့ရသည်။ ( မြို့ပြနှင့် ကျေးလက် ကွာဟချက် ၃၀% )

**အိမ်ထောင်စုတွင်း ပညာရေးအသုံးစရိတ်မြင့်လာခြင်း**

ကျောင်းလခများ၊ ဖတ်စာအုပ်ဖိုးများနှင့် ကျောင်းသုံးပစ္စည်းများ၏ စရိတ်တိုးမြင့်လာခြင်းမှာ သိသာထင်ရှားပြီး [၁၈] ၁၉၈၉၊ ၁၉၉၇၊ ၂၀၀၁နှင့် ၂၀၀၆ အိမ်ထောင်စုအသုံးစရိတ်များဆိုင်ရာ အချက်အလက်များကို နှိုင်းယှဉ်သိရှိနိုင်သည်။ (၂၀၀၆ ခုနှစ်တွင် တစ်အိမ်ထောင်လျှင် ကျောင်းအတွက် အသုံးစရိတ် ၁၈၃၇ ကျပ်ရှိသည်။ ) လက်ရှိနှစ်များတွင် ပညာရေးအသုံးစရိတ် (အစားအသောက် မပါ) တဖြည်းဖြည်း တိုးမြင့်လာခြင်းမှာ ၃.၆%၊ ၄.၉%၊ ၆.၃%၊ ၆.၄% အသီးသီးရှိသည်။ ထို့အပြင် ၂၀၀၆ခုနှစ် အိမ်ထောင်စုများပညာရေးအသုံးစရိတ်တွင် ထပ်မံတိုးလာသည့်စရိတ်များမှာ ဆေးဝါးကုသစရိတ် (၁၂၈၆ ကျပ်) နှင့် အိမ်ငှားခနှင့် ပြင်ဆင်စရိတ် (၁၄၁၆ကျပ်) တို့ထပ်မံပါဝင်လာခြင်းကြောင့် ပညာရေးစရိတ်သည် ဝန်ထုပ်ဝန်ပိုးတစ်ခုဖြစ်လာခဲ့သည်။

**ဘာသာစကား**

မှတ်တမ်းများပေါ်အခြေခံ၍ သိရသည်မှာ ဘာသာစကားသည် တိုင်းရင်းသားလူမျိုးစု ကျောင်းသားများ တရားဝင်အတန်းပညာသင်ကြားရန်အတွက် အဓိကအခက်အခဲတစ်ခုဖြစ်ကြောင်း တွေ့ရသည်။ မြန်မာတစ်နိုင်ငံလုံးတွင် ဗမာစာ၊ ဗမာစကားသည် အဓိကသင်ကြားရေး ဘာသာဖြစ်သည်။ မူလတန်းတွင် ကနဦးစတင်တက်ရောက်သည့်နှစ်များသည် ဗမာစကားမပြောသော တိုင်းရင်းသားကလေးငယ်များအတွက် အဓိကရင်ဆိုင်ရသောအခက်အခဲဖြစ်ပြီး အလယ်တန်းနှင့် အထက်တန်းတို့ကို ဆက်လက်တက်ရောက်ပညာသင်ကြားရန်အတွက် အတားအဆီးတစ်ခုဖြစ်သည်။ သို့သော်လည်း ပညာရေးဝန်ကြီးဌာနမှ လုပ်ဆောင်နေသော ကျောင်းသင်ရိုးဖတ်စာများကို တိုင်းရင်းသားဘာသာစကားများသို့ ပြန်ဆိုခြင်းလုပ်ငန်းများသည်လည်း မှန်ကန်သောအဖြေမဟုတ်သေးပေ။ [၁၉] စစ်တမ်းအရသိရှိရသည်မှာ ထိုသို့ပြုလုပ်မည့်အစား ကလေးငယ်များကို ဗမာစကားနှင့်ဗမာဘာသာကျွမ်းကျင်မှုရှိလာစေရန်အတွက် ဗမာစကားနှင့် သက်ဆိုင်ရာတိုင်းရင်းသား ဘာသာစကားနှစ်ခုလုံးကို

ကျွမ်းကျင်သော မူလတန်းပြ ဆရာ၊ဆရာမများကို ငှားရမ်းသင်ကြားစေပါက ပို၍ကောင်းမွန်မည်ဟု ပြောကြားကြကြောင်းသိရသည်။

**ပညာရေးလက်လှမ်းမီမှုဆိုင်ရာ အစိုးရမူဝါဒများနှင့် စီမံချက်များ**

ပညာရေးလက်လှမ်းမီမှုကို တိုးမြှင့်ရန်အတွက် ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာရေး စနစ်ဖွံ့ဖြိုးတိုးတက်လာရေး နှစ် (၃၀) စီမံချက် ၂၀၀၁-၂၀၃၁ ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ဤရေရှည်စီမံကိန်းသည် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(MDGs)နှင့် တိုင်းရင်းသားလူမျိုး များအားလုံးအတွက် မြန်မာနိုင်ငံပညာရေးဆောင်ရွက်မှုအစီအစဉ် (EFA-NAP) တို့နှင့် ယှဉ်တွဲ အကောင်အထည်ဖော်လျက်ရှိပြီး ပညာရေးအရည်အသွေးကောင်းမွန်မှုနှင့် အခမဲ့ပညာရေးသည် အဓိကဦးစားပေးလုပ်ငန်းဖြစ်သည်။

ပညာရေးပြုပြင်ပြောင်းလဲမှုကို အထောက်အကူဖြစ်စေရန် နှစ် (၂၀) ရေရှည်စီမံကိန်းဖြစ်သော "အခြေခံပညာရေးကဏ္ဍအမျိုးသားအဆင့် ပညာရေးမြှင့်တင်ရေး ရေရှည်နှစ် (၂၀) စီမံကိန်း ၂၀၁၁-၂၀၃၁"ကိုမူကြမ်းရေးဆွဲပြီးနောက် သမ္မတ၏ မူဝါဒရေးရာ (၁၀) ချက်ကို ထင်ဟပ်စေပြီး နှစ်(၃၀) ပညာရေးစီမံချက်၏ အဓိကအချက်များကိုလည်း ထည့်သွင်းရေးဆွဲထားသည်။ လက်ရှိအကောင် အထည်ဖော်ဆောင်ရွက်နေသောပညာရေးလက်လှမ်းမှီမှု နှစ်(၂၀) စီမံကိန်း၏ အဓိကမူဝါဒများတွင် အောက်ပါတို့ပါဝင်သည်။ (က) အခမဲ့၊ မသင်မနေရမူလတန်းပညာရေးစီမံချက် အကောင်အထည် ဖော်ရန်နှင့် (ခ) ချို့တဲ့သောမိသားစုများမှ ကျောင်းသား၊ကျောင်းသူများကို စတိုင်ပင်များပေးအပ်သွား ရန်ဖြစ်သည်။ [၂၉] ထို့အပြင် အခြားထင်ရှားသည့် လုပ်ဆောင်မှုများမှာ ပညာရေးလက်လှမ်းမီမှု ပြုပြင် ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် အရေးပါသောအဆင့်တစ်ခုဖြစ်သည့် စာသင်ကျောင်းများကို ထောက် ပံ့ကြေးပေးအပ်ခြင်းနှင့် အခြေခံပညာဦးစီးဌာန၏ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ဖွဲ့စည်းပုံကို ဗဟိုဦးစီးစနစ်လျှော့ချရေး အရှိန်မြှင့် လုပ်ဆောင်ခြင်းဖြစ်သည်။

**အခမဲ့နှင့်မသင်မနေရ မူလတန်းပညာရေးစနစ်နှင့် အထောက်အကူပြုလုပ်ငန်းများ**

လွှတ်တော်တွင် အခမဲ့နှင့်မသင်မနေရ မူလတန်းပညာရေးဥပဒေကို သုံးသပ်ဆဲ အနေအထား သာရှိသေးသော်လည်း စီမံချက်အကောင်အထည်ဖော်ခြင်းကို ၂၀၁၁-၂၀၁၂ တွင် စတင်ခဲ့ပြီး မူလတန်းကျောင်းသားကျောင်းသူ (၅)သန်းကျော်ကို ငွေကျပ်သန်းပေါင်း ၁,၈၃၅.၅၁ ကျပ်တန်ဖိုးရှိ ကျောင်းဖတ်စာ စာအုပ်များပေးအပ်နိုင်ခဲ့ပါသည်။ [၃၀] ထို့အပြင် ကလေးငယ်များကို ကျောင်းထားလို

စိတ် ဖြစ်ပေါ်စေရန်အတွက် မိဘများကို မူလတန်းအဆင့် ကျောင်းလာရောက်အပ်နှံချိန်တွင် ကျောင်းသားတစ်ဦးလျှင် ထောက်ပံ့ကြေး ၁၀၀၀ ကျပ်နှုန်း ပေးအပ်ခြင်းကိုလည်း လုပ်ဆောင်ခဲ့သည်။ [၂၂]

## ပညာသင်စရိတ်ထောက်ပံ့ကြေး (စတိုင်ပင်) အစီအစဉ်

ပညာရေးလက်လှမ်းမီမှုတိုးမြှင့်ရန်အတွက် အခြေခံပညာဦးစီးဌာနလက်အောက်ရှိ ကျောင်းများကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ပညာသင်စရိတ်ထောက်ပံ့ကြေး(စတိုင်ပင်)နှင့် စာသင်ကျောင်းများအတွက် အထွေထွေအသုံးစရိတ်ထောက်ပံ့ကြေး ပေးအပ်ခြင်းတို့ကို စတင်ခဲ့ သည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ဤစီမံချက်အတွက် ငွေကျပ်သန်းပေါင်း ၆၅၀ တိတိ သုံးစွဲခဲ့ပြီး ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ငွေကျပ်သန်းပေါင်း ၆၅၁ သန်းသုံးစွဲရန်လျာထားသည်။ [၂၃]

[၁၆] UNDP၊ အိမ်ထောင်စုများ၏ စားဝတ်နေရေးအခြေအနေစုပေါင်းစစ်တမ်း၊ ၂၀၁၀။

[၁၇] Ibid

[၁၈] မြန်မာနိုင်ငံပညာရေးကဏ္ဍစစ်တမ်းကောက်ယူခြင်းနောက်ဆုံးအစီရင်ခံစာ (ဖေဖော်ဝါရီ ၂၀၁၃)။ JICA ၏ရံပုံငွေဖြင့်ထုတ်ဝေခြင်းဖြစ်ပြီး (နှစ်ပတ်လည်စာရင်းစာအုပ်မှအချက်အလက်များအပေါ်တွင်အခြေခံထားသည်၊ ၂၀၁၁)

[၁၉] အထောက်အကူပြုသုတေသနလုပ်ဆောင်ရာတွင် NGO အဖွဲ့အစည်းများနှင့် တိုင်းရင်းသား လူမျိုးစုများ ပညာရေးဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်၍ အင်တာဗျူးရာမှ ရရှိလာသည့် အချက်အလက် များနှင့်အကြံဉာဏ်ပေးချက်များမှ ရယူထားခြင်းဖြစ်သည်။

[၂၀] မြန်မာနိုင်ငံပညာရေးကဏ္ဍစစ်တမ်းကောက်ယူခြင်းနောက်ဆုံးအစီရင်ခံစာ (ဖေဖော်ဝါရီ ၂၀၁၃)။ JICA ၏ရံပုံငွေဖြင့်ထုတ်ဝေခြင်းဖြစ်ပြီး နှစ်ချုပ်စာရင်းစာအုပ်မှ ထုတ်နှုတ်ထားခြင်းဖြစ်သည်၊ ၂၀၁၂။

[၂၁] UNICEF ၊ မြန်မာနိုင်ငံ ပညာရေးအရည်အသွေးမြှင့်တင်မှု စီမံကိန်း(QBEP)၊ ဇန်နဝါရီ ၂၀၁၂ - ဒီဇင်ဘာ ၂၀၁၅။

[၂၂] ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံမေးမြန်းရာမှ ရရှိလာသော အချက်အလက်များ၊ DBE – 3။

[၂၃] လက်ထောက်ညွှန်ကြားရေးမှူးထံမှရရှိသော သတင်းအချက်အလက်များ။ DEPT။

## ပညာသင်စရိတ်ထောက်ပံ့ခြင်း(စတိုင်ပင်) အစီအစဉ်၏ ရည်ရွယ်ချက်များ

ပညာရေးဝန်ကြီးဌာနမှ သတ်မှတ်သော စတိုင်ပင်စီမံချက်၏ အဓိကရည်ရွယ်ချက်မှာ ကျောင်းစာတော်သော်လည်း ကျောင်းဆက်တက်ရန် ငွေကြေးအခက်အခဲရှိသူကျောင်းသားကျောင်းသူများအား ကူညီဖေးမရန် ဖြစ်သည်။

## ဦးစားပေးဆောင်ရွက်ရန် လျာထားသော အခြေအနေ

ပြည်နယ်နှင့်တိုင်းအားလုံးရှိမြို့နယ်များ(မြို့နယ်ခွဲများအပါအဝင်)တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ သို့သော် အတန်းအလိုက် စတိုင်ပင်ရရှိမည့် ခွဲတမ်းသည် ၎င်းမြို့နယ်ရှိ ကျောင်းသား၊ကျောင်းသူ အရေအတွက်အပေါ်မူတည်သည်။ အောက်ပါဇယားတွင် မြို့နယ်အလိုက် ခွဲတမ်းရရှိမည့် ကျောင်းသား အရေအတွက်ကိုပြထားသည်။

ဇယား (၁)။ မြို့နယ်အလိုက် အကျိုးခံစားခွင့်ရရှိမည့် ကျောင်းသား၊ကျောင်းသူ ခွဲတမ်း

| မြို့နယ်အလိုက်<br>ကျောင်းသား၊ကျောင်းသူ အရေအတွက် | မြို့နယ်တစ်ခုတွင်အတန်းအလိုက်<br>အကျိုးခံစားခွင့် ရရှိမည့်ခွဲတမ်း |
|---|---|
| ကျောင်းသား/သူ အယောက်၂၅၀၀၀ အောက်<br>သာရှိသည့်မြို့နယ်များ | အတန်းတစ်ဆင့်တွင် ၂ ယောက် |
| ကျောင်းသား/သူ အရေအတွက် ၂၅၀၀၀ မှ<br>၈၀၀၀၀ ယောက် | အတန်းတစ်ဆင့်တွင် ၃ - ၆ ယောက် |

သတင်းအရင်းအမြစ်: ဦးကိုလေးဝင်း၏ တင်ပြချက်၊ ဒုတိယညွှန်ကြားရေးမှူး၊ စီမံချက်နှင့် လေ့ကျင့်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်တင်ဘာ ၂၀၁၃။

## အကျိုးခံစားခွင့်ရှိသူ အမျိုးအစားရွေးချယ်ခြင်း

အကျိုးခံစားခွင့်ရှိသူ အမျိုးအစားရွေးချယ်သည့်သတ်မှတ်ချက် (၄)ခုရှိပါသည်။

(က) ပထမဦးစားပေးမှာဆင်းရဲနွမ်းပါးသောမိဘမဲ့ကလေးများ

(ခ) ဒုတိယဦးစားပေးမှာ ဖခင်မရှိတော့သော ဆင်းရဲနွမ်းပါးသည့် ကျောင်းသား/သူများ ဖြစ်ပြီး မွေးချင်းမောင်နှမများသော ကလေးများကို ပို၍ဦးစားပေးသည်။

(ဂ) (သူငယ်တန်းမပါဝင်) စာကြိုးစားပြီး ဉာဏ်ရည်ထက်မြက်သော ကျောင်းသား/သူများ

(ဃ) ကျောင်းသား၊ကျောင်းသူများသည် ကျောင်း၏ စည်းမျဉ်း၊စည်းကမ်းများကို လိုက်နာရမည် ဖြစ်ပြီး စိတ်ဓာတ်၊ အကျင့်စာရိတ္တကောင်းမွန်ရမည်။

**အကျိုးခံစားခွင့်ရှိသူရွေးချယ်သည့် လုပ်ထုံးလုပ်နည်းများ**

အကျိုးခံစားခွင့်ရှိသူရွေးချယ်ရေးနှင့်ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကို ပညာရေးဝန်ကြီး ဌာနမှသတ်မှတ်ပြီး စီမံချက်နှင့်လေ့ကျင့်ရေးဌာနမှ ပြည်နယ်နှင့်တိုင်းများ၊ မြို့နယ်ပညာရေးမှူးရုံးများမှ တဆင့် ဆက်လက်ဆောင်ရွက်သည်။ အောက်ပါလုပ်ဆောင်ချက်အဆင့်ဆင့်သည် ပြည်နယ်နှင့်တိုင်း အဆင့်ရှိ အကျိုးခံစားခွင့်ရှိသည့် ကျောင်းသား၊ကျောင်းသူများရွေးချယ်ရာတွင် သတ်မှတ်အသုံးပြု သည်။

- စာသင်ကျောင်းများသည် အတန်းအဆင့် ၁ ဆင့်တွင် ကျောင်းသား/သူ ၁ ယောက်ကို မြို့နယ်ပညာရေးမှူးထံသို့ ရွေးချယ်တင်ပြနိုင်သည်။
- အကျိုးခံစားခွင့်ရှိသော ကျောင်းသား/သူများရွေးချယ်ရေးဘုတ်အဖွဲ့(TBSS) သည် ကျောင်း များမှ ရွေးချယ်တင်ပြသည့် ကျောင်းသား/သူများ၏ အနေအထားကို သုံးသပ်လေ့လာပြီး လိုအပ်ပါက ၄င်းတို့၏ ရပ်ရွာများအထိ သွားရောက်စစ်ဆေးမည်။
- TBSS မှကျောင်းသား/ကျောင်းသူများကို ခွဲတမ်းနှင့်အညီရွေးချယ်ပြီး ပြည်နယ်နှင့်တိုင်း ကျောင်းသား/သူ ရွေးချယ်ရေး ဘုတ်အဖွဲ့( SBSS/RBSS )သို့ ဆက်လက်တင်ပြသည်။
- SBSS/RBSS တို့မှ၄င်းစာရင်းကို အခြေခံပညာဦးစီးဌာန (DBE) သို့ ဆက်လက်တင်ပြသည်။
- ထို့နောက် အခြေခံပညာဦးစီးဌာန (DBE) မှ စတိုင်ပင်ခံစားခွင့်ရရှိသည့် ကျောင်းသား/ သူများစာရင်းကိုကြေငြာပြီး ၄င်းစာရင်းကို ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာနသို့ ဆက် လက်တင်ပြသည်။

**ဇယား ၂ : ပြည်နယ်နှင့်တိုင်းပညာတော်သင်ဆု ရွေးချယ်ချီးမြှင့်ရေးဘုတ်အဖွဲ့(TBSS) ဖွဲ့စည်းပုံပြဇယား**

| TBSS ဖွဲ့စည်းပုံ | | SBSS/RBSS ဖွဲ့စည်းပုံ | |
|---|---|---|---|
| အဖွဲ့ဝင် | တာဝန် | အဖွဲ့ဝင် | တာဝန် |
| TEO | ဥက္ကဋ္ဌ | ပြည်နယ်/တိုင်းပညာရေးမှူး | ဥက္ကဋ္ဌ |
| အထက်တန်းကျောင်းအုပ် ၂ ယောက် | အဖွဲ့ဝင်များ | ပြည်နယ်/တိုင်းပညာရေး စည်းကမ်းထိန်းသိမ်းရေးမှူးများ | အဖွဲ့ဝင်များ |
| အလယ်တန်းကျောင်းအုပ် ၂ ယောက် | အဖွဲ့ဝင်များ | လက်ထောက်ပြည်နယ်/တိုင်း စည်းကမ်းထိန်းသိမ်းရေးမှူးများ | အဖွဲ့ဝင်များ |
| လက်ထောက်ပညာရေးမှူးများ | အဖွဲ့ဝင်များ | ခရိုင်ပညာရေးအရာရှိများ | အဖွဲ့ဝင်များ |

| လက်ထောက်ပညာရေးမှူး ၁ ယောက် | အတွင်းရေးမှူး | လက်ထောက်ပြည်နယ်/တိုင်း ပညာရေးစီမံချက်အရာရှိ | အတွင်းရေးမှူး |
|---|---|---|---|

သတင်းအရင်းအမြစ် ‌: ဦးကိုလေးဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်တင်ဘာ ၂၀၁၃။

ဇယား ၃ : ပညာရေးအဆင့်အလိုက် ပေးအပ်သွားမည့် စတိုင်ပင်နှုန်းများ(ကျပ်ငွေ)

| ပညာရေးအဆင့် | အတန်း | စတိုင်ပင်ပမာဏ |
|---|---|---|
| မူလတန်းအဆင့် | သူငယ်တန်းမှ (၄) တန်း | ၅၀၀၀ ကျပ် |
| အလယ်တန်းအဆင့် | (၅)တန်းမှ (၉)တန်း | ၆၀၀၀ ကျပ် |
| အထက်တန်းအဆင့် | (၉)တန်းမှ (၁၀)တန်း | ၈၀၀၀ ကျပ် |

သတင်းအရင်းအမြစ် ‌: ဦးကိုလေးဝင်း၊လက်ထောက်ညွှန်ကြားရေးမှူး၊ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်တင်ဘာ ၂၀၁၃။

**အကျိုးခံစားခွင့်ရမည့် ကျောင်းသားများလိုက်နာရမည့် အခြေခံအချက်များ**

စတိုင်ပင်အတွက်အရွေးချယ်ခံရသည့် ကျောင်းသား၊ကျောင်းသူများလိုက်နာရမည့် အခြေခံ စည်းမျဉ်း၊ စည်းကမ်း (၆) ချက်ရှိပါသည်။

- ကျောင်းသား/သူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
- သူငယ်တန်းမပါ၊ အခြားအတန်းများကို အတန်းစဉ်အလိုက်အောင်မြင်ရမည်။
- အတန်းစဉ်တိုင်းတွင် စာမေးပွဲအားလုံးကို အောင်မြင်ရမည်။
- စတိုင်ပင်ခံစားခွင့်ရရှိသူသည် နောက်တစ်တန်းတွင်လည်း စတိုင်ပင်ကိုထပ်မံလျှောက်ထား ခံစားနိုင်သည်။ သို့သော် အကယ်၍ ကျန်းမာရေးအရ နောက်တစ်တန်းသို့ မတက်ရောက်နိုင်ခဲ့ ပါက မြို့နယ်ဆရာဝန်၏ ထောက်ခံချက်ဆေးစာတင်ပြနိုင်ရမည်ဖြစ်ပြီး ထိုအတန်းကို စတိုင်ပင် နှင့် ပြန်လည်တက်ရောက်ခွင့်ပြုရန် သုံးသပ်စဉ်းစားပေးသွားမည်ဖြစ်သည်။
- အကယ်၍ စတိုင်ပင်ခံစားနေသူ ကျောင်းသား/သူ ကွယ်လွန်ခြင်း၊ ကျောင်းပျက်ရက်များခြင်း နှင့် ခွင့်တောင်းခံမှုများပါက ထိုစတိုင်ပင်ကို ရပ်တန့်သွားမည်ဖြစ်သည်။
- အကယ်၍ ကျောင်းသား/သူသည် စတိုင်ပင်ခံစားခွင့်နှင့် မကိုက်ညီပါက မြို့နယ်ကျောင်းသား ရွေးချယ်ရေးအဖွဲ့မှ ခံစားခွင့်နှင့်ကိုက်ညီသော အခြားကျောင်းသား/သူ တစ်ယောက်ကို ထပ်မံ ရွေးချယ်သွားမည်ဖြစ်သည်။

## စတိုင်ပင်အစီအစဉ်အတွင်း အကျုံးဝင်သော ကျောင်းသား/သူများ

စတိုင်ပင်စီမံချက်သည် မြို့နယ်အားလုံးတွင် (မြို့နယ်ခွဲများအပါအဝင်) အကျုံးဝင်သော်လည်း အကျိုးခံစားရသော ကျောင်းသား၊ ကျောင်းသူ အရေအတွက်မှာ နည်းပါးလျက်ရှိနေပါသေးသည်။ ယခုလက်ရှိတွင် စာရင်းရှိကျောင်းသား/သူ စုစုပေါင်း ၈.၂၉ သန်းမှ ၁၁,၀၂၂ ယောက် ရာခိုင်နှုန်းအားဖြင့်ဆိုလျှင် (၀.၁၃%) သာ စတိုင်ပင်ခံစားခွင့်ရရှိသေးသည်။ မသင်မနေရ မူလတန်းပညာရေးစနစ်ကို နှစ်စဉ်တိုးတက်ဖော်ဆောင်လျက်ရှိသော်လည်း မူလတန်း အဆင့်စတိုင်ပင် ရရှိမှုမှာ နိမ့်ပါးနေဆဲဖြစ်သည်။ အောက်ပါဇယားတွင် စတိုင်ပင်ခံစားခွင့်ရရှိသည့် အဆင့်များကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

ဇယား ၄ : လက်ရှိပညာသင်ထောက်ပံ့ကြေးခံစားခွင့်ရရှိမှုပြ စာရင်းအကျဉ်းချုပ်

| ပညာရေးအဆင့် | ကျောင်းသား/သူအရေအတွက်စုစုပေါင်း (၂၀၁၁-၁၂) [၂၄] | စတိုင်ပင်ခံစားခွင့်ရသော ကျောင်းသား/သူအရေအတွက် စုစုပေါင်း (၂၀၁၁-၁၂) [၂၅] | ခံစားခွင့်ရရှိသည့် ရာခိုင်နှုန်း |
|---|---|---|---|
| မူလတန်း | ၅,၁၉၅,၉၅၂ | ၅,၀၁၀ | ၀.၀၉% |
| အလယ်တန်း | ၂,၃၃၂,၂၄၉ | ၄,၀၀၈ | ၀.၁၇% |
| အထက်တန်း | ၆၇၂,၃၉၄ | ၂,၀၀၄ | ၀.၂၉% |
| စုစုပေါင်း | ၈,၂၀၀,၅၉၅ | ၁၁,၀၂၂ | ၀.၁၃% |

သတင်းအရင်းအမြစ် : ဦးကိုလေးဝင်း၊လက်ထောက်ညွှန်ကြားရေးမှူး၊ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်တင်ဘာ ၂၀၁၃။

[၂၄] မြန်မာနိုင်ငံပညာရေးဝန်ကြီးဌာန : မြန်မာနိုင်ငံပညာရေးအရည်အသွေးနှင့်လက်လှမ်းမီမှု၊ ဖေဖော်ဝါရီ ၂၀၁၂။

[၂၅] JICA ထောက်ပံ့မှုဖြင့်ပြုလုပ်သော မြန်မာနိုင်ငံပညာရေးကဏ္ဍအတွက်စစ်တမ်းကောက်ယူခြင်း နောက်ဆုံးအစီရင်ခံစာ (ဖေဖော်ဝါရီ ၂၃)

## စတိုင်ပင်အစီအစဉ်၏ ရံပုံငွေစီးဆင်းလည်ပတ်ပုံ

ဤရံပုံငွေစီးဆင်းလည်ပတ်ပုံသည် အုပ်ချုပ်ရေးပိုင်းတွင် ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်လျှော့ချရေး ပြုပြင်ပြောင်းလဲမှုကို ရောင်ပြန်ဟပ်သည်။ ရံပုံငွေများသည် ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာန (DEPT) မှ မြို့နယ်ပညာရေးရုံးများထံသို့ ပြည်နယ်နှင့်တိုင်းပညာရေးရုံးများမှ တဆင့်ပြန်လည်

လွှဲပြောင်းခဲ့ပြီး ယခုလက်ရှိအချိန်တွင် အခြေခံပညာဦးစီးဌာန (DBE)မှ ချမှတ်လိုက်သည့် မူဝါဒအတိုင်း လိုက်နာဆောင်ရွက်ရန်သာလိုအပ်သည်။ အောက်ပါပုံတွင် ရံပုံငွေစီးဆင်းပုံကို ဖော်ပြထားသည်။

ပုံ ၁ : စတိုင်ပင်အတွက်ရံပုံငွေစီးဆင်းလည်ပတ်ပုံ




သတင်းအရင်းအမြစ် : ဦးကိုလေးဝင်း၊လက်ထောက်ညွှန်ကြားရေးမှူး၊ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်တင်ဘာ ၂၀၁၃။

## စာသင်ကျောင်းများသို့ ကျောင်းထောက်ပံ့ကြေးပေးသည့် အစီအစဉ်

စာသင်ကျောင်းများသို့ ကျောင်းထောက်ပံ့ကြေးပေးသည့်အစီအစဉ်သည် ပညာရေး လက်လှမ်းမီမှုကိုမြှင့်တင်ရန်နှင့် အခြေခံပညာရေးကဏ္ဍရှိ စီမံအုပ်ချုပ်ရေးကဏ္ဍပြုပြင်ပြောင်းလဲ ရေးတွင် ဗဟိုဦးစီးစနစ်လျှော့ချရေးကို အထောက်အပံ့ပေးရန်ဖြစ်သည်။ ဤစီမံချက်သည် ၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် သူငယ်တန်းမှ စတုတ္ထတန်းထိ ကျောင်းလခပေးရခြင်းကို အစိုးရမှ ဖျက်သိမ်း လိုက်ပြီး အခမဲ့၊ မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ချိန်တွင် စတင်ခဲ့ခြင်းဖြစ်သည်။ ထိုနည်းတူစွာ အစိုးရအဖွဲ့အသစ်သည် စာသင်ကျောင်းများသို့ ထောက်ပံ့ကြေးပေးအပ်သည့် အစီအစဉ် (School Grants Program) ကို ၂၀၁၂-၂၀၁၃တွင် စတင်ခဲ့ပြီး ယခုလက်ရှိတွင် ထောက်ပံ့ငွေများကို ဗဟိုအဆင့်မှ မြို့နယ်ပညာရေးမှူးများထံသို့ အခြေခံပညာရေး ဦးစီးဌာနမှတဆင့် တိုက်ရိုက်ပေးအပ်ခြင်းကိုလည်း အကောင်အထည်ဖော်လျက်ရှိသည်။ ဤထောက်ပံ့ကြေးများသည် ယခင်က ကျောင်းသားကျောင်းသူများထံမှ ကျောင်းအပ်ချိန်တွင် ပညာရေးကဏ္ဍမဟုတ်သော ကျောင်းအတွက် အခြားကဏ္ဍများတွင်သုံးရန် ကောက်ခံလေ့ရှိသည့် ရံပုံငွေများအစား ထောက်ပံ့ ပေးရန် ရည်ရွယ်သည်။[၂၆]

[၂၆] DEPT မှလက်ထောက်ညွှန်ကြားရေးမှူးနှင့် လူတွေ့မေးမြန်းမှုမှ ရရှိသော သတင်းအချက်အလက်များ။

## စာသင်ကျောင်းများသို့ ထောက်ပံ့ကြေးပေးသည့်အစီအစဉ်၏ အဓိကရည်ရွယ်ချက်များ

ပညာရေးဝန်ကြီးဌာနမှသတ်မှတ်သော အဓိကဦးတည်ချက် ၃ ရပ်မှာ -

- ထောက်ပံ့ကြေးများကို စနစ်တကျပေးအပ်သွားခြင်းဖြင့် စာသင်ကျောင်းများ၏ အရည်အသွေးကိုမြှင့်တင်ရန်
- အရည်အသွေးပြည့်မီသော သင်ကြားမှုပုံစံနှင့်သင်ကြားရေးပတ်ဝန်းကျင်ကို ကလေးများအတွက် ဖန်တီးပေးရန်
- အခမဲ့နှင့်မသင်မနေရ ပညာရေးစီမံချက်ကို အထောက်အပံ့ဖြစ်စေရန်

## ဦးစားပေးဆောင်ရွက်မည့်နေရာများ

အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ကျောင်းများနှင့် မူလတန်းကျောင်းသား/သူများတက်ရောက်နေသည့် ပုဂ္ဂလိကကျောင်းများတွင်ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သည်။

ကျောင်းသား၊ကျောင်းသူအရေအတွက်ပေါ်မူတည်၍ ဦးစားပေးဆောင်ရွက်မည့်ကျောင်းများတွင် ပေးအပ်မည့်ရံပုံငွေပမာဏကို ဆုံးဖြတ်သည်။ အောက်ပါဇယားတွင် ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အခြေခံပညာကျောင်းများကို ပေးအပ်သွားမည့် ထောက်ပံ့ကြေးပမာဏကိုသိရှိနိုင်သည်။

ဇယား ၅ : ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အခြေခံပညာကျောင်းများကို ပေးအပ်သွားမည့် အထွေထွေအသုံးစရိတ်ထောက်ပံ့ကြေးများ

| ၂၀၁၂-၂၀၁၃ | ထောက်ပံ့ကြေးပမာဏ | ၂၀၁၃-၂၀၁၄ | ထောက်ပံ့ကြေးပမာဏ |
|---|---|---|---|
| ကျောင်းသား/သူအရေအတွက် ၁၀၀ ကျော်သည့်ကျောင်းများ | ၅၀,၀၀၀ကျပ် | ကျောင်းသား/သူအရေအတွက် ၁၀၀ ကျော်သည့်ကျောင်းများ | ၂၀၀,၀၀၀ ကျပ် |
| ကျောင်းသား/သူ အယောက် ၁၀၀ မှ ၂၀၀ | ၈၀,၀၀၀ကျပ် | ကျောင်းသား/သူ အယောက် ၁၀၁ မှ ၃၀၀ | ၂၅၀,၀၀၀ ကျပ် |
| အယောက် ၂၀၀ အထက် | ၁၀၀,၀၀၀ကျပ် | အယောက် ၃၀၀ အထက် | ၃၀၀,၀၀၀ ကျပ် |
| | | မူလတန်းကျောင်းခွဲများ | ၁၀၀,၀၀၀ ကျပ် |

သတင်းအရင်းအမြစ် : ဦးကိုလေးဝင်း၊လက်ထောက်ညွှန်ကြားရေးမှူး၊ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်တင်ဘာ ၂၀၁၃။

မှတ်သားရန် : မူလတန်းကျောင်းခွဲများသည် ဝေးလံသီခေါင်သောနေရာများရှိ တိုးချဲ့မူလတန်းကျောင်းများဖြစ်သည်။ ထိုကျောင်းများတွင် မူလတန်းပညာရေး၏ ပထမ သုံးတန်းကို သင်ကြားပေးသည်။

စာသင်ကျောင်းထောက်ပံ့ကြေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ အခြေခံပညာကျောင်းများသည် ရံပုံငွေများကို ဘဏ္ဍာရေးဆိုင်ရာ သတ်မှတ်ချက် (၂)ချက်နှင့် အညီသုံးစွဲရမည်

ဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက် (၁၃၀၅) ဟူသည်မှာ ရုံးသုံးပစ္စည်းများဖြစ်သည့် စာရေးကိရိယာများ၊ မှတ်တမ်းစာအုပ်များနှင့် အခြားရုံးသုံးပစ္စည်းများသုံးစွဲကုန်ကျငွေဖြစ်ပြီး ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက် (၁၃၁၃) သည် ကျောင်းပိုင်းဆိုင်ရာလုပ်ငန်းများ ကုန်ကျငွေဖြစ်သည့် သန့်ရှင်းရေး၊ ကျောင်းဆိုင်ရာပစ္စည်းများပြင်ဆင်ရေး၊ သောက်ရေအိုးများ၊ ရေခွက်များ၊ မြေဖြူ၊ ဘောဖျက်များ၊ ကျောက်သင်ပုန်းဆေးသုတ်ခြင်း အစရှိသည်တို့နှင့် သင်ကြားရေး၊ လေ့လာရေးပစ္စည်းများ အတွက် ကုန်ကျငွေဖြစ်သည်။

**စာသင်ကျောင်းများသို့ ကျောင်းထောက်ပံ့ကြေးပေးသည့်အစီအစဉ်အတွက် ရံပုံငွေစီးဆင်းလည်ပတ်ပုံ**

စာသင်ကျောင်းများအထွေထွေအသုံးစရိတ်ထောက်ပံ့ကြေးစီမံချက်၏ ရံပုံငွေပိုင်းဆိုင်ရာ စီမံခန့်ခွဲရေးတွင် အုပ်ချုပ်ရေး အဆင့် (၁) ဆင့်ကို လျှော့ချလိုက်သည်။ [၂၇] ဤလုပ်ဆောင်ချက်သည် အစိုးရသစ်၏ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဗဟိုဦးစီးချုပ်ကိုင်မှုစနစ်လျှော့ချခြင်း လုပ်ငန်းစဉ်နှင့်အညီ လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။

[၂၇] DEPT မှရသောအချက်။

ပုံ ၂ : စာသင်ကျောင်းများအထွေထွေအသုံးစရိတ်ထောက်ပံ့ကြေးစီမံချက်ရံပုံငွေ လည်ပတ်ပုံ




သတင်းအရင်းအမြစ် : ဦးကိုလေးဝင်း၊လက်ထောက်ညွှန်ကြားရေးမှူး၊ပညာရေးစီမံချက်နှင့် လေ့ကျင့်ရေးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စက်တင်ဘာ ၂၀၁၃။

## အပိုင်း(၄) မြို့နယ်အလိုက်လေ့လာခဲ့သည့် လူမှုရေးဆိုင်ရာ ဆန်းစစ်ချက်များ

လူမှုရေးဆိုင်ရာလေ့လာဆန်းစစ်ချက်ပြုလုပ်ရာတွင် ကွင်းဆင်း၍ အချက်အလက်များကောက်ယူခြင်းကို မြို့နယ်(၆)မြို့နယ်တွင်ပြုလုပ်ခဲ့ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကလော၊ ရန်ကုန်တိုင်းရှိ ဆိပ်ကြီး

ခနောင်တို နေပြည်တော်ရှိ ဇမ္ဗူသီရိ၊ မန္တလေးရှိ မဟာအောင်မြေ၊ မွန်ပြည်နယ်ရှိ မုဒုံနှင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တို့တွင် ဖြစ်သည်။ ၎င်းမြို့နယ်များတွင် အထူးတလည်သိရှိရန်လိုအပ်သော အချက်အလက် (၄)မျိုးကို စုဆောင်းရယူခဲ့ပါသည်။ ပထဝီဝင်အနေအထားနှင့် လူမှုဘဝအခြေအနေများ၊ လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများ၊ တိုင်းရင်းသားရေးရာနှင့် မြို့နယ်တွင်းပညာသင်ကြားရေးတို့ကို မေးမြန်းခဲ့ပါသည်။ အောက်ပါ အချက်အလက်များသည် မြို့နယ်(၆)မြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးမှူးများ ထံမှ ရရှိခဲ့ခြင်းဖြစ်သည်။[၂၈]

[၂၈] ယခုလက်ရှိအခြေအနေနှင့်ပတ်သက်သော အချက်အလက်များမှာ မရရှိနိုင်သေးပါ။

## ၁. ကလော

### ပထဝီဝင်အနေအထားနှင့် လူမှုဘဝအခြေအနေများ

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကလောမြို့သည် ၅၂၈ စတုရန်းမိုင်ကျော်ရှိပါသည်။ လူဦးရေစုစုပေါင်းမှာ ၁၅၂,၄၇၉ ယောက်ရှိပါသည်။ (ကျား ၄၉% နှင့် မ ၅၁%) ။ ၎င်းမြို့နယ်၏ ဒေသတော်တော်များများသည် ဝေးလံသီခေါင်ပြီး တောင်ထူထပ်သည့်နေရာများသလို မိုးရွာသီတွင် သွားလာရန်ခက်ခဲပါသည်။

### လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ တောင်ယာနှင့် နေ့စား(ဘောက်)များသာ ဖြစ်သည်။ စိုက်ပျိုးသည့်သီးနှံမှာတောင်ပိုင်းနှင့်မြောက်ပိုင်းကွဲပြားပါသည်။ မြောက်ပိုင်းတွင် ပြောင်းဖူးနှင့် ဟင်းသီးဟင်း ရွက်များစိုက်ပျိုးကြပြီး တောင်ပိုင်းတွင် လက်ဖက်နှင့် စပါးစိုက်ကြပါသည်။ ပုံမှန်အားဖြင့် မြို့နယ်၏ မြောက်ခြမ်း တွင် နေသူများက ဈေးနှင့်ပိုနီးပါသည်။ လယ်ယာပိုင်ဆိုင်ကြသူများမှာ အနည်းဆုံး (၁)ဧကမှ အများဆုံး (၁၀)ဧကအထိ ပိုင်ဆိုင်ကြပါသည်။

### တိုင်းရင်းသားလူမျိုးစုရေးရာအချက်အလက်များ

ပုံ (၃)တွင်တွေ့နိုင်သော ကလောမြို့နယ်ရှိ တိုင်းရင်းသားလူမျိုးစုများမှာ ဓနု၊ ဗမာနှင့် တောင်ရိုး လူမျိုး များဖြစ်သည်။ ထို့အပြင် ပလောင်ဝ်၊ ရှမ်း၊ ကရင်နှင့် အိန္ဒိယအနွယ်များလည်း နေထိုင်ကြပါသည်။ မြို့နယ်၏ မြောက်ခြမ်းတွင် အများဆုံးနေထိုင်ကြသူများမှာ ဓနုလူမျိုးများဖြစ်ကြပြီး တောင်ပိုင်းတွင်မူ ပအိုးဝ်နှင့် တောင်ရိုး လူမျိုးများပါသည်။ ၎င်းတိုင်းရင်းသားများသည် ၎င်းတို့၏ကိုယ်ပိုင်ဘာသာစကားများရှိကြပြီး နေ့စဉ် ထိုကိုယ် ပိုင်ဘာသာများနှင့်သာ ပြောဆိုလုပ်ကိုင်ကြပါသည်။

ပုံ (၃) ကလောမြို့နယ်ရှိ တိုင်းရင်းသားလူမျိုးများပျံ့နှံ့တည်ရှိပုံ




သတင်းအရင်းအမြစ်: ကလောမြို့နယ်ပညာရေးမှူးရုံး

## မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ

ဤဒေသရှိ ဒေသခံအများစုသည် ပညာသင်ကြားရန်ခက်ခဲကြပြီး အထူးသဖြင့် အလယ်တန်းနှင့် အထက်တန်းများတွင် ပို၍ခက်ခဲပါသည်။ ခက်ခဲရခြင်းမှာ ငွေကြေးအဆင်မပြေမှုများ၊ စာသင်ကျောင်းနှင့် အလှမ်းဝေးလံခြင်းတို့ကြောင့်ဖြစ်သည်။ အချို့သောဒေသများတွင် ကလေးငယ်များအနေဖြင့် မူလတန်းပညာရေးကိုပင် သင်ကြားခွင့်မရကြပေ။

၂၀၁၃-၁၄ ပညာသင်နှစ်တွင် ကလောမြို့၌ အခြေခံပညာကျောင်းပေါင်း ၁၉၂ ကျောင်းရှိပြီး စုစုပေါင်း ကျောင်းသား/သူ ၂၉,၈၈၈ ယောက် ပညာသင်ကြားလျက်ရှိသည်။ ကျောင်း (၂၅) ကျောင်းတွင် အတန်းများ ထပ်ဖြည့်ထားပြီး အချို့သော ရပ်ရွာမှတည်ထောင်သည့် ကျောင်းများတွင်လည်း အစိုးရမှ အသိအမှတ်ပြုပါက အတန်းများ ထပ်ဖြည့်မြှင့်တင်နိုင်သည်။ အောက်ပါဇယားအမှတ် (၆) တွင် ကလောမြို့နယ်၏ အခြေခံပညာဆိုင်ရာအချက်အလက်များကို တွေ့မြင်နိုင်သည်။

ဇယား (၆): ၂၀၁၃-၁၄ ခုနှစ်အတွက် ကလောမြို့နယ်၏ အခြေခံပညာဆိုင်ရာ အချက်အလက်များ

| စုစုပေါင်းကျောင်းအရေအတွက် | ၁၉၂ကျောင်း |
|---|---|

| | |
|---|---|
| အခြေခံပညာအထက်တန်းကျောင်း | ၆ ကျောင်း |
| အခြေခံပညာအထက်တန်းကျောင်းခွဲ[၂၉] | ၆ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်း | ၂ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်းခွဲ | ၈ ကျောင်း |
| တန်းမြင့် မူလတန်းကျောင်းများ[၃၀] | ၂၂ ကျောင်း |
| မူလတန်းကျောင်းများ | ၁၂၉ ကျောင်း |
| အခြေခံပညာမူလတန်းကျောင်းခွဲများ | ၁၉ ကျောင်း |
| တန်းမြင့်ကျောင်း | ၂၅ ကျောင်း |
| ကျောင်းသား/သူ အရေအတွက်(မူလတန်း) | ၁၈,၁၇၆ ယောက် |
| ကျောင်းသား/သူအရေအတွက် (အလယ်တန်း) | ၈,၈၁၁ ယောက် |
| ကျောင်းသား/သူ အရေအတွက် (အထက်တန်း) | ၂,၉၅၆ ယောက် |
| ဆရာ/ဆရာမများ အရေအတွက် | ၁,၁၆၁ ယောက် |

သတင်းအရင်းအမြစ်: ကလောမြို့နယ်ပညာရေးမှူးရုံး

[၂၉] ကျောင်းခွဲဆိုသည်မှာ တရားဝင်အတန်းကျောင်းများ၏ လက်အောက်ခံ အခွဲအဖြစ်သတ်မှတ်ထားသည့် ကျောင်းများဖြစ်သည်။ (အခြေခံပညာအထက်တန်း၊အလယ်တန်း၊မူလတန်း) ထိုကျောင်းများတွင် အတန်းတင်စာမေးပွဲများ စစ်ခွင့်မရှိ။ တွဲထားသည့် အမိက ကျောင်းသို့ သွားရောက်ဖြေဆိုကြရသည်။

[၃၀] တန်းမြင့်ကျောင်းများသည် လက်ရှိကျောင်းအဆင့်ထက် အတန်းများတိုးချဲ့ သင်ကြားပေးနေသည့် ကျောင်းများဖြစ်သည်။

## ၂. ဆိပ်ကြီးခနောင်တို

### ပထဝီဝင်အနေအထားနှင့် လူမှုဘဝအခြေအနေများ

ဤမြို့နယ်သည် ရန်ကုန်တိုင်းတွင်းတည်ရှိပြီး ရန်ကုန်မြို့မှ ကားဖြင့် တစ်နာရီခန့်မောင်းရသည့်အကွာ အဝေးတွင် တည်ရှိသည်။ မြို့ပြ၏အစွန်ပိုင်းဒေသတွင်တည်ရှိပြီး မြို့သည် မြစ်ချောင်းများဖြင့် ကာရံထားသော မြို့တစ်မြို့ဖြစ်သည်။ ဆည်မြောင်းဝန်ကြီးဌာန၏ စီရင်အုပ်ချုပ်မှုအောက်တွင် ရှိကြသည်။ အချုပ်အားဖြင့် ဆိုရသော် အိမ်ယာများတရားဝင်မရှိကြချေ။ မြို့နယ်လူဦးရေစုစုပေါင်းမှာ ၃၂၄၈၀ ယောက်ရှိ ပြီး ကျား၊ မ အရေအတွက် အတူတူခန့်ဖြစ်သည်။

### လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

ဆိပ်ကြီးခနောင်တိုမြို့နယ်သည် အလုပ်သမားများသည့် မြို့နယ်ဖြစ်ပြီး ၈၀% မှာနေ့စား လုပ်သားများ ဖြစ်သည်။ အများစုမှာ ရန်ကုန်သို့သွားရောက်လုပ်ကိုင်ကြပြီး အချို့မှာ ဒေသတွင်း သဘော်ကျင်း၊ ဆိပ်ကမ်း

များတွင် အလုပ်လုပ်ကြသည်။ အခြေချနေထိုင်သူလူနည်းစုမှာ လယ်သမားနှင့် တံငါသည်များဖြစ်ပြီး လယ်လုပ်ငန်းများသည်လည်း လွန်ခဲ့သော (၅)နှစ်ခန့်က လယ်ယာမြေဈေးမြင့်တက်လာသောကြောင့် ရောင်းချလိုက်ကြပြီး လယ်ယာလုပ်ငန်းလုပ်ကိုင်သူများ ပျောက်ကွယ်လုနီးဖြစ်နေပြီဖြစ်သည်။ ကျန်ရှိသော လယ်သမား မိသားစုများသည်လည်း နေ့စားအလုပ်သမားများ၊ လှေသမားနှင့် ဆိုင်ကယ်တက္ကစီဆွဲစားသူများအဖြစ် ပြောင်းလဲလုပ်ကိုင်နေကြပြီဖြစ်သည်။

လူဦးရေ၏ ၈၀% မှာ ဆင်းရဲနွမ်းပါးကြပြီး ဆိပ်ကြီးခနောင်တိုတွင် အလုပ်လုပ်ကြသည့် အလုပ်သမားများသည် ရန်ကုန်မြို့တွင် အလုပ်လုပ်သည့် အလုပ်သမားများထက် ပို၍နွမ်းပါးကြသည်။ ရန်ကုန်တွင် အလုပ်လုပ်သူများမှာ တစ်ရက်လျှင် ၃၀၀၀မှ ၅၀၀၀ ကျပ်အထိ ရကြသော်လည်း ဒေသခံအလုပ်သမားများမှာ တစ်ရက်လျှင် ၅၀၀ ကျပ်ခန့်သာ ရရှိကြသည်။

**တိုင်းရင်းသားလူမျိုးစုဆိုင်ရာ အချက်အလက်များ**

ဆိပ်ကြီးခနောင်တိုရှိ လူအများစုမှာ ဗမာလူမျိုးများဖြစ်ကြပြီး ဗမာစကားကို အဓိကပြောဆိုကြသည်။ သို့သော်လည်း အခြားဒေသမှပြောင်းရွှေ့လာသော တိုင်းရင်းသားလူမျိုးများကိုလည်းတွေ့ရှိရပါသည်။ (ရန်ကုန်တွင် အလုပ်လုပ်ကြသည့် အချို့သောအလုပ်သမားများနှင့် ရွှေ့ပြောင်းလုပ်သားများ)

**မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ**

ဤဒေသရှိလူအများစုအတွက် ပညာသင်ကြားရေးသည် ခက်ခဲသော အချက်တစ်ချက်ဖြစ်ပြီး အဓိကအကြောင်းအရင်းမှာ ငွေကြေးအကြပ်အတည်းကြောင့်ဖြစ်သည်။ ၈၀% ခန့်သောလူအများစုမှာ ဆင်းရဲနွမ်းပါးသော အလုပ်သမားများဖြစ်ကြပြီး ၎င်းတို့၏ သား၊ သမီးများမှာလည်း ဝမ်းစာဝရုံ ရှာဖွေစားသောက်ရသောကျပန်း လုပ်သားကလေးများသာဖြစ်သည်။

ဆိပ်ကြီးခနောင်တိုမြို့နယ်တွင် အခြေခံပညာစာသင်ကျောင်း (၁၇) ကျောင်းရှိပြီး ကျောင်းသား/သူ အယောက်ပေါင်း ၆၈၃၇ ယောက်ရှိသည်။

ဇယား (၇) : ၂၀၁၃-၁၄ ခုနှစ်အတွက် ဆိပ်ကြီးခနောင်တိုမြို့နယ်၏ အခြေခံပညာဆိုင်ရာ အချက်အလက်များ

| စုစုပေါင်းကျောင်းအရေအတွက် | ၁၇ကျောင်း |
|---|---|
| အခြေခံပညာအထက်တန်းကျောင်း | ၁ ကျောင်း |
| အခြေခံပညာအထက်တန်းကျောင်းခွဲ၂၄ | ၁ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်း | ၁ ကျောင်း |
| မူလတန်းကျောင်းများ | ၁၄ ကျောင်း |
| ကျောင်းသား/သူ အရေအတွက်(မူလတန်း) | ၃၈၅၈ ယောက် |
| ကျောင်းသား/သူအရေအတွက် (အလယ်တန်း) | ၂၂၅၉ ယောက် |

| | |
|---|---|
| ကျောင်းသား/သူ အရေအတွက် (အထက်တန်း) | ၇၂၀ ယောက် |
| ဆရာ/ဆရာမများ အရေအတွက် | ၁၉၉ ယောက် |

သတင်းအရင်းအမြစ်: ဆိပ်ကြီးခနောင်တိုမြို့နယ်ပညာရေးမှူးရုံး

# ၃ . ဇမ္ဗူသီရိမြို့နယ်

## ပထဝီဝင်အနေအထားနှင့် လူမှုဘဝအခြေအနေများ

ဇမ္ဗူသီရိမြို့နယ်သည် နေပြည်တော်ကောင်စီနယ်မြေမှ တစ်ခုသောမြို့နယ်ဖြစ်သည်။ ဤမြို့နယ်တွင် အပိုင်း (၁၁) ပိုင်းနှင့် ရွာငယ် (၃)ရွာပါဝင်သည်။ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများ ကောင်းမွန်ပြီး (၁၇မိုင်ခန့် ဝေးလံသည့်နေရာ) သို့ပင် မိနစ် (၃၀) အတွင်းရောက်အောင်သွားနိုင်သည်။ လူဦးရေ စုစုပေါင်း ၈၇၈၆၀ ရှိပြီး နေထိုင်ကြသူအများစုမှာ အစိုးရဝန်ထမ်းများဖြစ်သည်။ မူလဒေသခံများမှာ ၁၀% ခန့်သာရှိပြီး ကျန်လူထုမှာ လွန်ခဲ့သော ၁၅ နှစ်ခန့်က မြို့တော်အသစ်ရွှေ့ပြောင်းရာမှ ရောက်ရှိလာသော ပြောင်းရွှေ့ဝန်ထမ်းများဖြစ်သည်။ အခြားနေရာမှ ရွှေ့ပြောင်းရောက်ရှိလာသော တိုင်းရင်းသား ပြောင်းရွှေ့ လုပ်သား အနည်းငယ်လည်းရှိသည်။

## လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

ဇမ္ဗူသီရိမြို့နယ်တွင် အဓိကအသက်မွေးဝမ်းကျောင်းအုပ်စုပုံစံ (၃)စုရှိသည်။ အစိုးရဝန်ထမ်းများ၊ ရွှေ့ပြောင်းလုပ်သားများနှင့် ဒေသခံလယ်သမားများဖြစ်သည်။ အစိုးရဝန်ထမ်းများတွင် ဒေသမျိုးစုံမှ လာရောက်ကြသော တိုင်းရင်းသားမျိုးစုံပါဝင်သော်လည်း အဓိကအားဖြင့် ဗမာလူမျိုးများဖြစ်ပြီး လူဦးရေ၏ ၈၀% ရှိသည်။ အခြား အုပ်စုနှစ်စုမှာ ၁၀% နှုန်းခန့်စီရှိသည်။

ဒေသခံလယ်သမားများတွင် အုပ်စုနှစ်စု ကွဲသည်။ တစ်စုမှာ လက်ငုပ်လက်ရင်း လယ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်နေသူများနှင့် အခြားတစ်စုမှာ လယ်ယာလုပ်ငန်းမှ အခြားလုပ်ငန်းတစ်ခုသို့ ပြောင်းသွားကြသူများဖြစ်သည်။ နေပြည်တော်မြို့တော်တည်ဆောက်ရန်အတွက် လယ်မြေဧကပေါင်းများစွာကို အစိုးရမှ သိမ်းယူပြီး ထိုလယ်လုပ်ငန်းလုပ်ကိုင်သူများကို လျော်ကြေးငွေများပေးပြီး ပြန်လည်စိုက်ပျိုးနိုင်ရန် အစားထိုး မြေများလည်း ပေးခဲ့သည်။ အချို့သောလယ်ယာတစ်စိတ်တစ်ပိုင်းသာ အသိမ်းခံရသူများမှာ အစိုးရမှ ထောက်ပံ့ ပေးသော ဓာတ်မြေဩဇာ၊ မျိုးစပါးနှင့် လယ်ယာသုံးပစ္စည်းများဖြင့် အဆင်ပြေကြသော်လည်း လယ်ယာမြေ အားလုံး သိမ်းခံရသူများမှာ လျော်ကြေးငွေများကို သုံးစွဲပြီးနောက် အလုပ်သမားများအနေဖြင့်သာ ဆက်လက် ရုန်းကန် နေကြသည်။ အချို့ကံကောင်းသော လယ်သမားများသည်လည်း နေပြည်တော်မြို့ပြဖွံ့ဖြိုးတိုးတက် လာသည်နှင့်အမျှ မြေဈေးကောင်းလာချိန်တွင် အစားရသောမြေများကို ပြန်လည်ရောင်းချခြင်းဖြင့် ငွေပိုငွေလျှံ

ရရှိကြသည်။ သို့သော်လည်း လက်ရှိတွင် ထိုငွေများကို ဈေးဆိုင်လုပ်ငန်းနှင့် အစိုးရကန်ထရိုက် လုပ်ငန်းများတွင် ပြန်လည်မြှုပ်နှံကြသူများသာ အဆင်ပြေကြသည်။

တတိယအုပ်စုဖြစ်သည့် ရွှေ့ပြောင်းလုပ်သားများမှာ နေ့စားလုပ်သားများဖြစ်ပြီး ဤဒေသတွင် ထိခိုက်မှုအခံရဆုံးအုပ်စုဖြစ်သည်။ ၎င်းတို့သည် နံချာသည့် ဆင်းရဲသားရပ်ကွက်နှင့် ကျူးကျော်ရပ်ကွက်များတွင် နေကြရပြီး တရားဝင်နေထိုင်နိုင်ခြင်းမရှိသောကြောင့် (လျှပ်စစ်မီး) ကဲ့သို့သော အခြေခံလိုအပ်ချက်ကိုပင် ခံစားခွင့်မရကြပေ။ အရေးအကြီးဆုံးအချက်မှာ ရွှေ့ပြောင်းလုပ်သားများ၏ ကလေးငယ်များသည် ကျောင်းအပ်ခွင့်မရသကဲ့သို့ ကျောင်းပြောင်းအထောက်အထားများလည်း မရှိကြပေ။ ဤကျောင်းပြောင်း အထောက်အထားများသည် သက်ဆိုင်ရာရပ်ကွက် (သို့) ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ဖြင့်သာ ရနိုင်ပြီး ဤဒေသတွင် အိမ်ထောင်စုဇယားမရှိသည့် ကလေးငယ်များမှာ ထိုအထောက်အထားများရရန် မလွယ်ကူပေ။ ထို့အပြင် ကလေးငယ်များသည့် ဤဒေသမှ အိမ်ထောင်စုဇယားဝင်များ မဟုတ်ပါက သက်ဆိုင် ရာ အုပ်ချုပ်ရေးမှူးများမှလည်း အလွယ်တကူထုတ်ပေးရန် မလွယ်ပေ။ ၎င်းရွှေ့ပြောင်းလုပ်သားများသည် လယ်လုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ ထွန်းကားခဲ့သည့် လွန်ခဲ့သော ၄ နှစ် ၅ နှစ်ကထက် အလုပ်အကိုင်ပိုမိုရှားပါးလာကြပြီး အလုပ်ရှင်များက လုပ်ခအပြည့်ရှင်းမပေးခြင်း စသည့် အဆင်မပြေမှုများကိုလည်း ခံစားရသည်။

**တိုင်းရင်းသားလူမျိုးစုဆိုင်ရာ အချက်အလက်များ**

ဤဇမ္ဗူသီရိမြို့နယ်ရှိ ၈၀ %သောလူများမှာ ဗမာလူမျိုးများဖြစ်ကြပြီး ကျန်သူများမှာမည်သည့်လူမျိုးဖြစ်သည်ကိုမသိရပေ။ ဒေသခံများမှာလည်း ဗမာလူမျိုးများဖြစ်ကြပြီး ထပ်မံရောက်ရှိလာသည့် အစိုးရဝန်ထမ်းများနှင့် မြို့တော်တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ကိုင်ရန်လာရောက်ကြသည့် ရွှေ့ပြောင်းလုပ်သားအများစုသည်လည်း ဗမာလူမျိုးများဖြစ်ကြသည်။ ထပ်မံရွှေ့ပြောင်းရောက်ရှိလာသူအများစုမှာ မြန်မာနိုင်ငံအပူပိုင်းဒေသများနှင့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းများမှဖြစ်သည်။

**မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာ အချက်အလက်များ**

ဇမ္ဗူသီရိမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူများသည် ကလော၊ ဆိပ်ကြီးခနောင်တို၊ မုဒုံနှင့် ရေတာရှည်မြို့နယ်များမှ ကျောင်းသားများနှင့် နှိုင်းယှဉ်လျှင် ပညာသင်ကြားရန်အခွင့်အလမ်းပိုရကြသည်။ အဘယ့်ကြောင့်ဆိုသော် စာသင်ကျောင်းများမှာ အနီးနားတွင်ရှိသောကြောင့်ဖြစ်သည်။ သို့သော်လည်း ရွှေ့ပြောင်းလုပ်သားများ၏ကလေးငယ်များအနေဖြင့် ၎င်းတို့၏မိသားစုဘဝများသည် မတည်ငြိမ်သောကြောင့် ပညာသင်ကြားခွင့်ရရန် ခက်ခဲနေဆဲပင် ဖြစ်သည်။

(၂၀၁၃-၂၀၁၄) ပညာသင်နှစ်တွင် ဇမ္ဗူသီရိမြို့နယ်၌ စာသင်ကျောင်း (၂၀) ရှိပြီး ကျောင်းသားအရေအတွက် (၁၄၉၁၀) ဦးနှင့် ဆရာ/မ (၅၂၈)ယောက်ရှိသည်။

ဇယားအမှတ်(၈) ၂၀၁၃-၁၄ ခုနှစ်အတွက် ဇမ္ဗူသီရိမြို့နယ်၏ အခြေခံပညာဆိုင်ရာ အချက်အလက်များ

| စုစုပေါင်းကျောင်းအရေအတွက် | ၂၀ကျောင်း |
|---|---|
| အခြေခံပညာအထက်တန်းကျောင်း | ၉ ကျောင်း |
| အခြေခံပညာအထက်တန်းကျောင်းခွဲ | ၁ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်း | ၀ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်းခွဲ | ၁ ကျောင်း |
| တန်းဖြည့် မူလတန်းကျောင်းများ | ၆ ကျောင်း |
| မူလတန်းကျောင်းများ | ၃ ကျောင်း |
| အခြေခံပညာမူလတန်းကျောင်းခွဲများ | ၀ ကျောင်း |
| တန်းဖြည့်ကျောင်း | ၃ ကျောင်း |
| ကျောင်းသား/သူ အရေအတွက်(မူလတန်း) | ၇၈၄၆ ယောက် |
| ကျောင်းသား/သူအရေအတွက် (အလယ်တန်း) | ၄၉၈၅ ယောက် |
| ကျောင်းသား/သူ အရေအတွက် (အထက်တန်း) | ၂,၀၇၉ ယောက် |
| ဆရာ/ဆရာမများ အရေအတွက် | ၅၂၈ ယောက် |

သတင်းအရင်းအမြစ်: ဇမ္ဗူသီရိမြို့နယ်ပညာရေးမှူးရုံး

## ၄. မဟာအောင်မြေမြို့နယ်

### ပထဝီဝင်အနေအထားနှင့် လူမှုဘဝအခြေအနေများ

မဟာအောင်မြေမြို့နယ်သည် မန္တလေးမြို့ရှိ မြို့နယ် (၅)မြို့နယ်မှ (၁)မြို့နယ်ဖြစ်သည်။ ရပ်ကွက်ပေါင်း (၁၈)ရပ်ကွက်ပါဝင်ပြီး လူဦးရေ စုစုပေါင်း (၁၆၃၀၉၄)ရှိသည်။

### လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

မန္တလေးမြို့သည် မြို့ပြလူနေမှုပုံစံဖြစ်သည့်အတွက် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလုပ်ကိုင်ကြသည်။ အခြားသောအလုပ်များထက် ကုန်သည်များ၊ အလုပ်သမားများ၊ သားသတ်သမားများ၊ လက်သမားများ၊ လက်မှုပစ္စည်းရောင်းချသူများ၊ လက်ဝတ်ရတနာလုပ်ငန်းလုပ်ကိုင်သူများ၊ ကျောက်ဆစ်လုပ်ငန်းလုပ်ကိုင်သူများ၊ အိမ်တွင်းလုပ်ငန်းအလုပ်သမားများနှင့် မူးယစ်ဆေးဝါးအရောင်းအဝယ်လုပ်သူများပင်ရှိသည်။ ကမ္ဘာပေါ်ရှိ မြို့တော်ကြီးများကဲ့သို့ပင် ငွေကြေးတတ်နိုင်သူများသည် မြို့လယ်ခေါင်တွင်နေထိုင်ကြပြီး ဆင်းရဲနွမ်းပါးသော အလုပ်သမားလူတန်းစားများမှာ ဆင်ခြေဖုံးရပ်ကွက်များတွင်နေထိုင်ကြသည်။

**တိုင်းရင်းသားလူမျိုးစုဆိုင်ရာအချက်အလက်များ**

မဟာအောင်မြေမြို့နယ်တွင် ဗမာလူမျိုးအများစုနေထိုင်ကြသော်လည်း ရှမ်း၊ ကရင်၊ ကယား၊ ရခိုင်၊ မွန်၊ တရုတ်၊ အိန္ဒိယနွယ်ဖွားများနှင့် မြန်မာမွတ်စလင်များလည်းနေထိုင်ကြသည်။ အိန္ဒိယနွယ်ဖွားများ၊ မွတ်စလင်အုပ်စုများ၊ ကယား၊ မွန်နှင့် ရခိုင်တို့သည် လူမှုရေးတောင့်တင်းသော၊ အိမ်ယာပိုင်ဆိုင်သော၊ စီးပွားရေးနှင့် ရောင်းဝယ်ရေးအဆက်အသွယ် ပိုများသော ဗမာလူမျိုးများထက် ပိုမို၍နွမ်းပါးလေ့ရှိသည်။ ရှမ်း၊ တရုတ်နှင့် ကချင်တို့သည် အချမ်းသာဆုံးသောအုပ်စုများဖြစ်ပြီး စီးပွားရေးအကွက်ကွင်းကျသော နေရာများတွင် အိမ်ယာနှင့်လုပ်ငန်းများပိုင်ဆိုင်ကြသည်။ ၎င်းတို့သည် ကျောက်မျက်ရတနာရောင်းဝယ်ရေးကို လုပ်ကိုင်ကြပြီး တရားမဝင်မူယစ်ဆေးဝါးများပါရောင်းသည်ဟု အချို့ကယုံကြည်ကြသည်။

**မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာအချက်အလက်များ**

အလုပ်သမားလူတန်းစားသားသမီးများအနေဖြင့် မူလတန်းကိုကျော်လွန်၍ ပညာသင်ကြားရန်မှာအခက်အခဲများစွာရှိသည်။ များသောအားဖြင့် ကလေးငယ်များသည် ၎င်းတို့၏မိသားစုကို ဝင်ငွေရရှိရန် ကူညီလုပ်ကိုင်ပေးရလေ့ရှိသည်။ ပုဂ္ဂလိကကျောင်းများဖွင့်ခွင့်ကို ၂၀၁၂ခုနှစ်တွင် ခွင့်ပြုလိုက်သည့်နောက်ပိုင်း မြို့ပေါ်ရှိသူအများစုသည် ၎င်းတို့၏ကလေးငယ်များကို ပုဂ္ဂလိကကျောင်းများတွင် ပိုမိုအပ်နှံကြသည်။ အစိုးရစာသင်ကျောင်းများမှ ဆရာ/မများသည် ပုဂ္ဂလိကပညာရေးစနစ်ကို အားမပေးကြောင်းနှင့် ထူးချွန်သောကျောင်းသားများကိုလည်း ပုံမှန်ကျောင်းနေသည့်စနစ်မှ ကင်းကွာစေသည်ဟု ပြောကြားသည်။ မေးမြန်းချက်များကို ဖြေကြားသူများမှ ပြောကြားသည်မှာ ဆင်းရဲနွမ်းပါးသူများသည် ၎င်းတို့၏သားသမီးများကို အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတွင် အလုပ်သင်အနေဖြင့် လုပ်ကိုင်စေခြင်းက တက္ကသိုလ်မှပေးသောဘွဲ့များထက်ပို၍ ဝင်ငွေရရှိစေလိမ့်မည်ဟု ယုံကြည်ကြသည်။

၂၀၁၃-၂၀၁၄ စာသင်နှစ်တွင် မဟာအောင်မြေမြို့နယ်၌ အခြေခံပညာကျောင်း (၃၈)ကျောင်းရှိပြီး၊ ကျောင်းသား/သူအရေအတွက်စုစုပေါင်း (၂၀၆၉၁)ယောက်နှင့် ဆရာ/မ (၉၂၄)ယောက်ရှိသည်။

ဇယားအမှတ်(၉) ၂၀၁၃-၁၄ ခုနှစ်အတွက် မဟာအောင်မြေမြို့နယ်၏ အခြေခံပညာဆိုင်ရာ အချက်အလက်များ

| **စုစုပေါင်းကျောင်းအရေအတွက်** | **၃၈ ကျောင်း** |
|---|---|
| အခြေခံပညာအထက်တန်းကျောင်း | ၃ ကျောင်း |
| အခြေခံပညာအထက်တန်းကျောင်းခွဲ | ၂ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်း | ၂ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်းခွဲ | ၃ ကျောင်း |
| တန်းဖြည့် မူလတန်းကျောင်းများ | ၄ ကျောင်း |
| မူလတန်းကျောင်းများ | ၂၄ ကျောင်း |

| | |
|---|---|
| တန်းဖြည့်ကျောင်း | ၂ ကျောင်း |
| ကျောင်းသား/သူ အရေအတွက်(မူလတန်း) | ၁၀၉၄၂ ယောက် |
| ကျောင်းသား/သူအရေအတွက် (အလယ်တန်း) | ၇၆၇၂ ယောက် |
| ကျောင်းသား/သူ အရေအတွက် (အထက်တန်း) | ၂၀၇၇ ယောက် |
| ဆရာ/ဆရာမများ အရေအတွက် | ၉၂၄ ယောက် |

သတင်းအရင်းအမြစ်: မဟာအောင်မြေမြို့နယ်ပညာရေးမှူးရုံး

## ၅. မုဒုံမြို့နယ်

### ပထဝီဝင်အနေအထားနှင့် လူမှုဘဝအခြေအနေများ

မုဒုံသည် မွန်ပြည်နယ်အတွင်းရှိ မြို့နယ်တစ်မြို့နယ်ဖြစ်ပြီး ရွာ (၄၂)ရွာနှင့် ရပ်ကွက် (၄) ခုပါဝင် သည်။ ကျောင်းနှင့် အလွန်ဝေးသော ရွာအနည်းငယ်သာရှိသည်။

### လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

မုဒုံရှိ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ လယ်ယာစိုက်ပျိုးခြင်းနှင့် ရာဘာစိုက်ပျိုးခြင်းဖြစ်သည်။ ထို့အပြင် သရက်သီးနှင့် ဒူးရင်းသီးများလည်း စိုက်ပျိုးကြသည်။ အဓိကအရေးကြီးသော ဝင်ငွေတစ်ရပ်မှာ ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ပြီး ငွေလွှဲပြန်ပို့ကြခြင်းဖြစ်သည်။ ဤမြို့နယ်ရှိ ဒေသခံများမှာ အမျိုးမျိုးသော လုပ်ငန်းများမှ ဝင်ငွေရရှိကြသည်။ ဥပမာအားဖြင့် ရာဘာစိုက်ခင်းများမှ ဝင်ငွေရရှိနေသူများသည် ထိုင်းနိုင်ငံမှ ကုန်ပစ္စည်းများဝယ်ယူ၍ တနိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချခြင်းမျိုးများ ဖြစ်သည်။ အန်ဒမန်ကမ်းရိုးတန်းတွင် နေထိုင်ကြသူများသည် တံငါလုပ်ငန်းဖြင့် အသက်မွေးကြသည်။ ရာဘာစိုက်ခင်းများတွင် လာရောက် အလုပ်လုပ်ကြသော ရောဝတီတိုင်းနှင့် ပဲခူးမှ ရွှေ့ပြောင်းလုပ်သားများလည်းရှိသည်။

မုဒုံမြို့နယ်သည် ဆင်းရဲသည်ဟုဆိုသော်ငြားလည်း စီးပွားဖြစ်အပင်များဖြစ်သည့် ရာဘာနှင့် အခြားသီးနှံများရှိခြင်း၊ ထိုင်းနိုင်ငံတွင် သွားရောက်လုပ်ကိုင်ပြီး ငွေလွှဲပို့နိုင်ကြခြင်းကြောင့် အခြားမြို့နယ် (၅) ခုနှင့်စာလျှင် စီးပွားရေးပိုမိုကောင်းမွန်သည်ဟု ဆိုနိုင်သည်။ နေ့စားခရရှိမှု ကောင်းမွန်ခြင်းကြောင့် (တစ်ရက်လျှင် ၅၀၀၀ ကျပ်ခန့်ရပြီး မြန်မာနိုင်ငံ၏အခြားနေရာမှနေ့စားခထက် တဝက်ခန့်ပိုရ) ရွှေ့ပြောင်းလုပ်သားများ ဤမြို့နယ်သို့ လာရောက်အလုပ်လုပ်ကြသည်။ သို့သော်လည်း လယ်သမားများနှင့် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများမှာ ရာသီ ဥတုဖောက်ပြန်ခြင်းကြောင့် စီးပွားရေးမှာ ယခင်လောက် ကောင်းမွန်ခြင်းမရှိပေ။

### တိုင်းရင်းသားလူမျိုးစုဆိုင်ရာ အချက်အလက်များ

လူဦးရေ၏ ၈၇% မှာ မွန်လူမျိုးများဖြစ်သည်။ အခြားတိုင်းရင်းသားများမှာ ဗမာ (၉.၆%)နှင့် ကျန်တိုင်းရင်းသားများမှာ ကရင်နှင့် အိန္ဒိယနွယ်ဖွား (၃.၄၁%) ခန့်ရှိသည်။ မုဒုံမြို့နယ်တွင် မွန်ဘာသာစကားကို အဓိကပြောဆိုကြပြီး မြို့ပေါ်နေသူများသာ ဗမာစကားပြောကြသည်။

**မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာအချက်အလက်များ**

မွန်လူမျိုးများသည် ၎င်းတို့၏ကလေးငယ်များ၏ ပညာရေးအတွက် များစွာအားပေးကြသည်။ ဤဆန်းစစ်ချက်အတွက် မေးမြန်းခဲ့ရာ ဖြေကြားသူအများစုမှ ၎င်းတို့၏ ကလေးငယ်များကို မိသားစုဝင်ငွေရှာဖွေရာတွင် ကူညီရန် ကလေးများကို လိုအပ်နေသော်လည်း ပညာရေးအတွက်ဆိုပါက အားပေးကြောင်း သိရသည်။ အကယ်၍ မွန်လူမျိုး ခြံပိုင်ရှင်များနှင့် လယ်သမားများသည် တတ်နိုင်သည်ဆိုပါက ရွှေ့ပြောင်းလုပ်သားများကို ငှားရမ်းခိုင်းစေလေ့ရှိကြသည်။

မွန်ပြည်နယ်တွင် ငွေကြေးဆိုင်ရာအခက်အခဲနှင့် ဘာသာစကားအခက်အခဲကြောင့် မူလတန်းကို ကျော်လွန်၍ ပညာဆက်လက်သင်ကြားရန် အခက်အခဲရှိကြသည်။ ဝေးလံခေါင်သီခြင်းသည်လည်း ပညာရေးအတွက် အတားအဆီးတစ်ခုဖြစ်သည်။ မုဒုံမြို့နယ်တွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းတစ်ခု၏ စီမံမှုဖြင့် ဖွင့်လှစ်ထားသော မွန်ဘာသာစကားဖြင့်သင်ကြားသည့် စာသင်ကျောင်း (၁၀) ကျောင်းရှိသည်။ သို့သော်လည်း ကျောင်းသားအများစုမှာ အစိုးရကျောင်းများတွင်သာ တက်ရောက်ကြပါသည်။

ဇယားအမှတ်(၁၀) ၂၀၁၃-၁၄ ခုနှစ်အတွက် မုဒုံမြို့နယ်၏ အခြေခံပညာဆိုင်ရာအချက်အလက်များ

| **စုစုပေါင်းကျောင်းအရေအတွက်** | **၁၂၈ကျောင်း** |
|---|---|
| အခြေခံပညာအထက်တန်းကျောင်း | ၇ ကျောင်း |
| အခြေခံပညာအထက်တန်းကျောင်းခွဲ | ၅ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်း | ၄ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်းခွဲ | ၂ ကျောင်း |
| တန်းမြင့် မူလတန်းကျောင်းများ | ၁၉ ကျောင်း |
| အခြေခံပညာမူလတန်းကျောင်းများ | ၆၅ ကျောင်း |
| တန်းမြင့်ကျောင်း | ၁၅ ကျောင်း |
| ကျောင်းသား/သူ အရေအတွက်(မူလတန်း) | ၁၉၄၄၂ ယောက် |
| ကျောင်းသား/သူအရေအတွက် (အလယ်တန်း) | ၉၇၇၉ ယောက် |
| ကျောင်းသား/သူ အရေအတွက် (အထက်တန်း) | ၁၃၉၁ ယောက် |
| ဆရာ/ဆရာမများ အရေအတွက် | ၅၀၉ ယောက် |

သတင်းအရင်းအမြစ်: မုဒုံမြို့နယ်ပညာရေးမှူးရုံး

## ၆. ရေတာရှည်မြို့နယ်

### ပထဝီဝင်အနေအထားနှင့် လူမှုဘဝအခြေအနေများ

ရေတာရှည်မြို့နယ်သည် ပဲခူးတိုင်းအရှေ့ပိုင်းတွင် တည်ရှိပြီး ဒေသတွင် တောင်တန်းနှင့် မြေပြန့်လွင်ပြင် နှစ်မျိုးလုံးရှိသော်လည်း သွားလာရေးလွယ်ကူပါသည်။ ရွာပေါင်း (၃၃၄)ရွာရှိပြီး လူဦးရေ (၃၇၈၄၄၂) ဦးရှိပါသည်။ ( ကျား ၄၉% နှင့် မ ၅၁% )

### လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များ

ရေတာရှည်မြို့နယ်ရှိ လူအများစုမှာ လယ်သမားနှင့် အလုပ်သမားများ ဖြစ်သည်။ အဓိကစိုက်ပျိုးသည့် သီးနှံများမှာ စပါး၊ ပဲ၊ နှမ်းနှင့် ကြံတို့ဖြစ်ကြသည်။ လက်ရှိနှစ်များတွင် ကြံဈေးတက်လာသဖြင့် အဓိက ငွေဝင်သည့် ကြံကို ပို၍စိုက်ပျိုးလာကြသည်။ တောင်ပေါ်ဒေသတွင် နေထိုင်ကြသူများမှာ ဤမြို့နယ်တွင် အဆင်းရဲဆုံးဖြစ်ပြီး သစ်တောထွက်ပစ္စည်းများ အပေါ်တည်မှီ၍ ဝင်ငွေရှာခြင်း၊ အုတ်ဖုတ်ခြင်းနှင့် အစိုးရ ဘေးမဲ့တောများတွင် အလုပ်လုပ်ကြသည်။

### တိုင်းရင်းသားလူမျိုးစုဆိုင်ရာ အချက်အလက်များ

မြို့နယ်တစ်ခုလုံးတွင် အဓိက (၉၉%) မှာ ဗမာလူမျိုးများဖြစ်ပြီး ပအို့ဝ်နှင့် ကရင်အနည်းငယ် (၁%) ခန့်လည်းရှိသည်။ ပအို့ဝ်နှင့် ကရင်တို့သည် ဝေးလံသီခေါင်သော တောင်ပေါ်ဒေသများတွင် နေထိုင်ကြပြီး ၄င်းတို့ကိုယ်ပိုင်ဘာသာစကားများကိုသာပြောဆိုကြသည်။

### မြို့နယ်တွင်းရှိ အခြေခံပညာရေးဆိုင်ရာအချက်အလက်များ

ဤမြို့နယ်ရှိကလေးငယ်များအတွက် မူလတန်းကိုကျော်လွန်၍ ပညာဆက်လက်သင်ကြားရန် အခက်အခဲမှာငွေကြေးမပြည့်စုံမှုပင်ဖြစ်သည်။ အချို့သောနေရာများတွင် အလွန်ဝေးလံခေါင်သီမှုသည် ပညာရေးအတွက် အဓိကအတားအဆီးဖြစ်သည်။ ဤဒေသရှိ တိုင်းရင်းသားလူနည်းစုနှစ်ခုဖြစ်သည့် ပအို့ဂ်နှင့် ကရင်တို့သည် အထူးသဖြင့်မူလတန်းအဆင့်တွင် ဘာသာစကားအခက်အခဲကြောင့် ပညာသင်ကြားရာတွင် ခက်ခဲမှုများရှိသည်။

ဇယားအမှတ်(၁၁)၂၀၁၃-၁၄ ခုနှစ်အတွက် ရေတာရှည်မြို့နယ်၏ အခြေခံပညာဆိုင်ရာ အချက်အလက် များ

| စုစုပေါင်းကျောင်းအရေအတွက် | ၂၃၂ ကျောင်း |
|---|---|
| အခြေခံပညာအထက်တန်းကျောင်း | ၆ ကျောင်း |
| အခြေခံပညာအထက်တန်းကျောင်းခွဲ | ၃ ကျောင်း |
| အခြေခံပညာအလယ်တန်းကျောင်း | ၁ ကျောင်း |

| | |
|---|---|
| အခြေခံပညာအလယ်တန်းကျောင်းခွဲ | ၁၆ ကျောင်း |
| တန်းဖြည့် မူလတန်းကျောင်းများ | ၄၆ ကျောင်း |
| အခြေခံပညာမူလတန်းကျောင်းများ | ၁၃၁ ကျောင်း |
| မူလတန်းကျောင်းခွဲများ | ၂၉ ကျောင်း |
| တန်းဖြည့်ကျောင်း | ၁၂ ကျောင်း |
| ကျောင်းသား/သူ အရေအတွက်(မူလတန်း) | ၂၅၃၁၄ ယောက် |
| ကျောင်းသား/သူအရေအတွက် (အလယ်တန်း) | ၁၁၆၄၂ ယောက် |
| ကျောင်းသား/သူ အရေအတွက် (အထက်တန်း) | ၂၉၉၅ ယောက် |
| ဆရာ/ဆရာမများ အရေအတွက် | ၁၅၂၇ ယောက် |

သတင်းအရင်းအမြစ်:ရေတာရှည်မြို့နယ်ပညာရေးမှူးရုံး

## အပိုင်း(၅)

## လူမှုရေးရာဆန်းစစ်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သောသက်ဆိုင်ရာပုဂ္ဂိုလ် (Stakeholders) များနှင့် လုပ်ငန်းစဉ်တွင်းကိစ္စရပ်များ၊ လုပ်ငန်းရလာဒ်များကို တိုင်ပင်ဆွေးနွေးခြင်းအကျဉ်းချုပ်

ဤလူမှုရေးဆိုင်ရာလေ့လာဆန်းစစ်ချက်ကို ပြုလုပ်ခဲ့သော သုတေသီများသည် လုပ်ငန်းစဉ်တွင်ပါဝင်သော သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ပညာရေးဝန်ကြီးဌာနမှ မူဝါဒရေးရာချမှတ်သူများ၊ အကောင်အထည်ဖော်သူများနှင့် ပြည်သူလူထုတို့ဖြစ်သည်။ ပညာရေးဝန်ကြီးဌာနမှ အကူအညီပေးခဲ့သူများမှာ မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ်ပညာရေးမှူးများနှင့် မူလတန်းကျောင်း (၁၂)ကျောင်း၊ မူလတန်းလွန် မူလတန်းကျောင်း(၃)ကျောင်း၊ အလယ်တန်းကျောင်း (၅)ကျောင်း၊ အထက်တန်းကျောင်းခွဲ (၄)ကျောင်းနှင့် အထက်တန်းကျောင်း (၄)ကျောင်းတို့မှ ဆရာ/မများ၊ ကျောင်းအုပ်များဖြစ်သည်။ လူထုနှင့်တွေ့ဆုံရာတွင် တိုင်းရင်းသားနှင့်အခြားသောမျိုးနွယ်စုများ၏ စာသင်ကျောင်းများနှင့် ပတ်သက်သည့် လုပ်ငန်းများကို အကူအညီပေးနေသည့်အဖွဲ့များ၊ စာသင်ကျောင်းဆိုင်ရာဘုတ်အဖွဲ့များ၊ မိဘဆရာအသင်းများ[၁၃]နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ [၁၂]ပညာရေးဝန်ကြီးဌာန၏အဓိကရည်ရွယ်ချက်ဖြစ်သော စတိုင်ပင် စီမံချက်ကို မျှတမှန်ကန်ပြီး ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် တိုင်းရင်းသားလူနည်းစုများနှင့် ဆင်းရဲနွမ်းပါးသူများ၏ စတိုင်ပင်စီမံချက်အပေါ် သဘောထားကိုလည်းမေးမြန်းခဲ့ပါသည်။ အစိုးရဝန်ထမ်းမဟုတ်သော တွေ့ဆုံမေးမြန်းခဲ့သူများအနက် သုံးပုံနှစ်ပုံကျော်ခန့်မှာ တိုင်းရင်းသား လူနည်းစုများ ဖြစ်ကြသည်။

တကယ်တမ်းဆိုပါမူ ယခုဖော်ပြထားသည်ထက် ပိုမိုစုံလင်သောတိုင်းရင်းသားလူမျိုးစုများနှင့် တွေ့ဆုံခဲ့သော်လည်း အချို့သော တိုင်းရင်းသားမျိုးနွယ်စုများမှာ တရားဝင်အသိအမှတ်ပြု စာရင်းသွင်းဖော်ပြထားသည့် တိုင်းရင်းသားမျိုးနွယ်စုများတွင် မပါဝင်ပါ။ ဤလေ့လာမှုအရ ကျောင်းဝင်ခွင့်ဖြည့် သွင်းရာ၌ လူမျိုးနှင့်ဘာသာကို ဖြည့်သွင်းစေခဲ့သော်လည်း တိုင်းရင်းသားမျိုးနွယ်စုမှ ကျောင်းသား/သူအရေအတွက် ဖော်ပြရာတွင် မမှန်ကန်မှုများ၊ မဖော်ပြနိုင်သည်များ ရှိသည်ကိုတွေ့ရသည်။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် စာသင်ကျောင်းများ၌ ကျောင်းအပ်သော တိုင်းရင်းသားကျောင်းသား/သူများ အရေအတွက်ကို မြို့နယ်ပညာ

ရေးမှုးထံမှတောင်းခံခဲ့သော်လည်း မရရှိသည်က များပါသည်။ အချို့သော ကျောင်းများတွင် လူမျိုး၊ ကိုးကွယ်သည့်ဘာသာကို ကျောင်းအပ်ချိန်တွင် ဖြည့်သွင်းစေခဲ့သော်လည်း ကိုးကွယ်သည့်ဘာသာကိုသာ ဖြည့်သွင်းကြခြင်းမျိုးလည်းရှိပါသည်။ တိုင်းရင်းသား လူမျိုးနှင့်ပတ်သက်သော အချို့အချက်အလက်များမှာ မိခင်၊ ဖခင်တို့၏မှတ်ပုံတင်တွင် ပါဝင်သည့်အတိုင်း အလွယ်တကူမှားယွင်းစွာရေးထည့်ကြခြင်းမျိုးလည်းရှိပါသည်။ ကျား/မ ခွဲခြားခြင်းဆိုင်ရာအချက်သည် ကျောင်းအပ်နံရာတွင်အရေးကြီးစွာ ဖြည့်သွင်းမှတ်သားသော အချက်ဖြစ်သော်လည်း လူမျိုးဆိုင်ရာဖြည့်သွင်းခြင်းများသည် ကျောင်းဝင်ခွင့်လျှောက်လွှာပေါ်တွင်သာရှိသော အချက်များဖြစ်နေသည်ကို တွေ့ရသည်။ အကယ်၍ကျောင်းသား/သူသည် စတိုင်ပင်(သို့) ပညာတော်သင်ကြေး ခံစားခွင့်ရရှိပါကလည်း တစ်ခါတစ်ရံတိုင်းရင်းသားလူမျိုးကို ဖြည့်သွင်းလေ့မရှိကြပေ။ ထိုသို့ ကျောင်းသား/သူများ၏ တိုင်းရင်းသားမျိုးနွယ်ဆိုင်ရာအချက်အလက်များကောက်ယူမှုတွင် လိုအပ်သည်များ ရှိခဲ့ခြင်းကြောင့် လူနည်းစုတိုင်းရင်းသားမျိုးနွယ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာအကူအညီများပေးရန် အခက်အခဲများကို ဖြစ်ပေါ်စေသည်။

တွေ့ဆုံဆွေးနွေးခဲ့သူများအနက် (၁၆၆)ဦးမှာ အစိုးရဝန်ထမ်းနှင့် ဗမာမှ အပ အခြားတိုင်းရင်းသားများ ဖြစ်ကြသည်။ ဇယား (၂)မှာ ဗမာလူမျိုးမှအပ အခြားတိုင်းရင်းသား တွေ့ဆုံဆွေးနွေးခဲ့သူများကို ဖော်ပြထားခြင်း ဖြစ်သည်။

ဇယား (၁၂) တွေ့ဆုံဆွေးနွေးခဲ့သော ဗမာမှအပ အခြားတိုင်းရင်းသားများ အရေအတွက်ပြဇယား။

| **အစိုးရဝန်ထမ်းနှင့် ဗမာမှအပ အခြားတိုင်းရင်းသား တွေ့ဆုံခဲ့သူ အမျိုးအစား** | **အရေအတွက်** |
|---|---|
| ကျောင်းကော်မတီအဖွဲ့ဝင် | ၇၁ |
| ကျေးရွာအုပ်ချုပ်ရေး ခေါင်းဆောင် | ၁၂ |
| အနွမ်းပါးဆုံး ကျောင်းသားမိဘ | ၃၅ |
| စတိုင်ပင် ရရှိသူ ကျောင်းသား | ၇ |
| ရပ်မိရပ်ဖ | ၂ |
| ရပ်ရွာမှ ပြည်သူများ | ၃၉ |
| **စုစုပေါင်းဦးရေ** | **၁၆၆** |

[၃၁]နေရာတော်တော်များတွင် ဆရာ/မများနှင့် မိဘဆရာအသင်းများသည် ကျောင်းကော်မတီအဖွဲ့များပင်ဖြစ် နေတတ်ကြသည်။ ရှမ်းပြည်နယ်ရှိကျောင်းနှစ်ကျောင်းတွင်မူ ကျောင်းကော်မတီ (သို့) မိဘဆရာအသင်းလုံးဝ မရှိသည်ကိုတွေ့ခဲ့ရသည်။ ထိုကျောင်းများတွင် ရပ်ရွာလူထုများမှပြောကြားသည်မှာ ၎င်းတို့သည်ကျောင်းတွင် လိုအပ်သည့်အရာများကို စုပေါင်းပံ့ပိုးကြပြီး တရားဝင်ဖွဲ့စည်းထားသော ကျောင်းကောမတီ(သို့) မိဘဆရာ အသင်းလုံးဝမရှိဟုဆိုသည်။

[၃၂] အခြားသောတိုင်းရင်းသားမျိုးနွယ်စုများဟူသည်မှာ ရပ်ရွာတွင်ရှိသော တိုင်းရင်းသားအများစုနှင့် လူမျိုး၊ ကိုးကွယ်သည့်ဘာသာစသည်ဖြင့် ကွဲပြားကြသောလူများကိုဆိုလိုသည်။ ဥပမာအားဖြင့်ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်ရိုးလူမျိုးများသည် ရှမ်းလူမျိုးအဖြစ်သာသတ်မှတ်ပြီး တောင်ရိုးလူမျိုးဟု မသတ်မှတ်ပါ။

စတိုင်ပင်စီမံချက်အတွက် နွမ်းပါးသူများနှင့်တိုင်းရင်းသားမျိုးနွယ်စုများအားလုံး ကျေးဇူးတင်ကြောင်းကိုပြသကြသည်။ သွားရောက်ခဲ့သည့်ဒေသတိုင်းတွင် ဤစီမံချက်နှင့်ပတ်သက်၍ ကန့်ကွက်ကြခြင်းများမရှိခဲ့ပေ။ သို့သော်လည်း လျှောက်ထားရန်လိုအပ်ခြင်းနှင့် နောက်ခံတိုင်းရင်းသားလူမျိုးကွဲပြားခြင်းအပေါ် အလေးထားသုံးသပ်ခြင်းတို့သည်နွမ်းပါးသူနှင့် ပညာရေးဆိုင်ရာခံစားခွင့်မရှိသူကျောင်းသား/သူများအတွက် အကျိုးရှိစေသလိုတိုင်းရင်းသားမျိုးနွယ်စုအရေအတွက်များကိုလည်းသိရှိစေနိုင်သည်။ သို့သော် လူအနည်းငယ်သာအကျိုးခံစားခွင့်ရယူကြပြီး အနည်းငယ်သော ကျောင်းသား/သူများမှ ပြောကြားသည်မှာ စတိုင်ပင်ရယူခံစားခြင်းသည် အခြား ကျောင်းသား/သူများ၏ အထင်အမြင်သေးခြင်းများခံစားရမည်ကို စိုးရိမ်သည်ဟုသိရသည်။ အောက်ပါတို့မှာဖြေကြားပေးသူ တချို့၏ရင်ထဲမှစကားသံများဖြစ်သည်။

*"စတိုင်ပင်ရတဲ့အချိန်မှာဂမ်းလည်းသာ၊ ဂမ်းလည်းနည်းမိပါတယ်။ စတိုင်ပင်ရတဲ့အတွက်ပျော်ပါတယ်။ ဒါပေမဲ့နင်စတိုင်ပင်ရတာမိဘမဲ့မို့လို့လို့ သူငယ်ချင်းကပြောလာတဲ့အချိန်မှာ ဂမ်းနည်းမိပါတယ်။"*

*(ရေတာရှည်မှ အလယ်တန်းကျောင်းသူတစ်ဦး)*

*"စတိုင်ပင်ရတဲ့အတွက်ပျော်ပါတယ်။ ဒါပေမဲ့ကျွန်မလိုပဲဆင်းရဲတဲ့သူငယ်ချင်းတွေက သူတို့ကျဘာလို့မရတာလဲလို့မေးတော့ စိတ်မကောင်းဖြစ်မိပါတယ်"*

*(ဇမ္ဗူသီရိမှအလယ်တန်းကျောင်းသူတစ်ဦး)*

*"ကျွန်တော်အတန်းထဲမှာဘာမှမကြေငြာဘူး (စတိုင်ပင်နှင့်ပတ်သက်၍) သူကဆင်းရဲတဲ့မိဘမဲ့ကလေးမို့လို့ ထောက်ပံ့ကြေးရတာဆိုပြီး စိတ်မကောင်းမဖြစ်စေချင်လို့ပါ။ တကယ်လို့တခြားကျောင်းသားတွေလည်း စတိုင်ပင်ရတယ်ဆိုရင် ကိစ္စမရှိပါဘူး။ ဒါပေမဲ့အတန်းထဲမှာသူတစ်ယောက်ထဲ စတိုင်ပင်ရတာဆိုတော့ အဆင်းရဲတကာ့အဆင်းရဲဆုံးဆိုတာလူတိုင်းကအလိုအလျောက်သိမသွားစေချင်လို့ပါ။"*

*(မူလတန်းကျောင်းအုပ်တစ်ဦး)*

ဤကဲ့သို့ထောက်ပံ့ကြေးရရှိခြင်းနှင့်ပတ်သက်၍ စိတ်မသက်မသာဖြစ်ရမှုများရှိသော်ငြားလည်း လေ့လာတွေ့ရှိချက်များအရ ရပ်ရွာလူထုများသည် ဤစီမံချက်အတွက်ပျော်ရွှင်ကြပြီးအစိုးရမှယခုထက်ပို၍ အကူအညီများပေးစေရန်လိုလားကြကြောင်းတွေ့ရသည်။ အချို့သောမိဘများဆိုလျှင် အကူအညီရယူရခြင်းနှင့်ပတ်သက်၍ စိတ်မသက်မသာဖြစ်ခြင်းများလုံးဝမရှိကြောင်း၊ ၎င်းတို့သည်ဆင်းရဲသောကြောင့် အကူအညီလိုအပ်ကြောင်းကို အားတက်တရောပြောပြကြသည်။

*"ကျွန်မတို့ဆင်းရဲတာအမှန်ဘဲလေ ဆင်းရဲသူတွေကိုအထောက်အပံ့ပေးတာ မပျော်စရာမရှိပါဘူး။"*

(မန္တလေးမြို့မှဆင်းရဲသောကျောင်းသားမိဘတစ်ဦး)

# အပိုင်း (၆) ပညာရေးလက်လှမ်းမီမှုဆိုင်ရာ လူမှုရေးဆန်းစစ်ခြင်း လုပ်ငန်းများတွင် တွေ့ရှိချက်များ

## ၁. ပညာရေးလက်လှမ်းမီမှုကဏ္ဍကိုသုံးသပ်ခြင်း

*မူလတန်းပညာရေးသည် လွန်ခဲ့သော (၂) နှစ်ကထက်ပို၍ လက်လှမ်းမီနီးစပ်လာသည်.....*

၂၀၁၂-၁၃ စာသင်နှစ်အတွင်း အစိုးရမှ အခမဲ့နှင့်မသင်မနေရ မူလတန်းပညာရေးစနစ်ကို ဖော်ဆောင်ပြီးနောက်ပိုင်း မူလတန်းပညာရေးသည် လူထုအကြားတွင် ပို၍အဆင်ပြေလက်လှမ်းမှီလာကြောင်း ကွင်းဆင်းလေ့လာချက်များအရသိရှိရသည်။ ထို့အပြင်ဤစနစ်ထိရောက်အောင်မြင်စေရန်အတွက် ကျောင်းအပ်နှံချိန်တွင် အစိုးရမှ (၁၀၀၀) ကျပ်နှင့် ဖတ်စာအုပ်များ၊ မှတ်စုများကိုပါ အခမဲ့ထပ်ဆောင်းပေးခြင်းတို့သည် ဤကဲ့သို့ မူလတန်းပညာရေး လက်လှမ်းမှီမှုကို တိုးတက်လာစေခြင်းဖြစ်သည်။ ဤသို့ထောက်ပံ့ခြင်းသည် ဆင်းရဲသော မိသားစုများအတွက် ပို၍အထောက်အပံ့ဖြစ်စေသည်။ အစိုးရမှဤသို့ပံ့ပိုးပေးခြင်းဖြင့် သုတေသနပြုလုပ်သူများ တွေ့ရသည်မှာ ရပ်ရွာလူထုများသည်လည်း ကျောင်းသားမိဘများကို ကျောင်းအပ်ရန်တိုက်တွန်းခြင်း၊ အကယ်၍ ကျောင်းအပ်ရန်အခက်အခဲများရှိပါကလည်း ဝိုင်းဝန်းကူညီခြင်းဖြင့် ဤစနစ်အောင်မြင်စေရန် ကူညီကြသည်ကို တွေ့ရပါသည်။ မေးမြန်းချက်များကို ဖြေကြားခဲ့သူများမှ ပြောကြားသည်မှာ ရပ်ရွာခေါင်းဆောင်များနှင့် ဆရာ/မများမှ ကျောင်းသားမိဘများကို ကျောင်းအပ်ရန်တိုက်တွန်းရသည်မှာ ဖြစ်မြဲ ကိစ္စရပ်ဖြစ်သည်ဟု ပြောသည်။

အောက်ပါပုံတွင် ယခင်နှစ်များနှင့်နှိုင်းယှဉ်ပါက ၂၀၁၃-၁၄ စာသင်နှစ်များတွင် ပျမ်းမျှကျောင်းအပ်နှုန်းများ တိုးတက်လာကြောင်းကို မူလတန်းကျောင်း (၉) ကျောင်းကိုသွားရောက် လေ့လာခဲ့ရာမှ ရရှိခဲ့သည့် အချက်များကို တင်ပြထားခြင်းဖြစ်သည်။[၃၃] သို့သော်လည်း ဤတွေ့ရှိချက်များသည် မြို့နယ်တခုလုံးကို အသေးစိတ်လေ့လာမှုများနှင့် ယှဉ်လျှင် တိကျမှုနည်းကြောင်း တွေ့ရသည်။ [၃၄]

[၃၃] ၂၀၁၃-၁၄ စာသင်နှစ်သည် အစိုးရမှ ကျောင်းအပ်သည့် ကျောင်းသား၊ကျောင်းသူများကို တစ်ထောင်ကျပ်စီ ထောက်ပံ့ကြေးစပေးသောနှစ်ဖြစ်သည်။ နွမ်းပါးသောမိဘများ၊ ကျောင်းအုပ်များနှင့် ကျောင်းကော်မတီများ၏ အဆိုအရ ထိုထောက်ပံ့ငွေ (၁၀၀၀) ကျပ်သည်လည်း ယခင် ၂၀၀၉-၁၀၊ ၂၀၁၁-၁၂ စာသင်နှစ်များနှင့် ယှဉ်လျှင် ကျောင်းအပ်နှံရာမှုတိုးတက်လာစေသည့် ထင်ရှားသော အချက်တချက်ဖြစ်သည်ဟုသိရသည်။ သို့သော်ဤသို့တိုးတက်လာခြင်းမှာ လူဦးရေတိုးပွားလာခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

[၃၄] ရပ်ရွာနှင့်မြို့နယ်အဆင့်များမှ မူလတန်းအရွယ်ကလေး မည်မျှရှိသည်ကို သိနိုင်သော မှတ်တမ်းရရှိနိုင်မှု မရှိ၍ ကျောင်းအပ်နှံမှုနှုန်းကို အတိအကျတွက်ချက်၍မရနိုင်ပါ။ ကျောင်းများရှိမူလတန်းကလေးအရေအတွက် စုစုပေါင်းသည် မူလတန်းရှိ (၅) နှစ်အရွယ်ကလေးများ အရေအတွက်ပေါ်တွင် ပျမ်းမျှတွက်ချက်ထားခြင်းသာ ဖြစ်ပါသည်။ လေ့လာသူများသည် မူလတန်းကျောင်း (၁၂) ကျောင်းသို့ သွားရောက်ခဲ့သော်လည်း (၉) ကျောင်းမှသာ အချက်အလက်များ ရရှိခဲ့သည်။ မြို့နယ်အဆင့် မှတ်တမ်းများမှ တောင်းယူကြည့်ရှုခဲ့ရာတွင်လည်း အချက်အလက်များမှာ ခိုင်မာမှုမရှိကြောင်း တွေ့ရသည်။ ကျောင်းများမှ ၂၀၁၁-၁၂၊ ၂၀၁၃-၁၄ စာသင်နှစ်များ အတွက် ကျောင်းအပ်နှံမှုနှုန်း တိုးတက်လာသည်ဟု ပြနေသော်လည်း မြို့နယ်ရုံးများရှိ မှတ်တမ်းများတွင်မူ တိုးတက်မှုမရှိဟုပြသည်။ ပုံ (၄) တွင် အခမဲ့မသင်မနေရမူလတန်းစီမံချက်ကို ဖော်ဆောင်နေသော်လည်း ကျောင်းအပ်နှံမှုနှုန်းများမှာ ယခင်(၃)(၄)နှစ်က အခြေအနေများနှင့် ကွာခြားမှုမရှိသည်ကို တွေ့နိုင်သည်။ လူမှုလေ့လာဆန်းစစ်သည့် အဖွဲ့မှ

လူဦးရေတိုးတက်များပြားလာခြင်းသည်လည်း ကျောင်းအပ်နှုန်းများလာနိုင်သည့်အချက်တချက်ဖြစ်နိုင်သည်ကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။ သို့သော် မွေးဖွားနှုန်းဖြင့် တိုက်ဆိုင်စစ်ဆေးသည့်အခါ ထိုအချက်မှာ မဖြစ်နိုင်ကြောင်းကို တွေ့ရှိခဲ့ပါသည်။

ပုံ ၄ : မူလတန်းကျောင်း (၉) ကျောင်းမှ ကျောင်းအပ်နှံမှုနှုန်း (ကျား/မ ခွဲ၍)




သတင်းအရင်းအမြစ် : မြို့နယ်(၆)မြို့နယ်ရှိ မူလတန်းကျောင်း(၉)ကျောင်းသို့ ကွင်းဆင်းအချက်အလက်ကောက်ယူရာမှရရှိသည်။

မြို့နယ် (၆)ခုသို့ သွားရောက်မေးမြန်းချက်များအရ ပညာရေးလက်လှမ်းမီမှု တိုးတက်လာသည် ဟုဆိုသော်ငြားလည်း နေပြည်တော် ဇမ္ဗူသီရိမြို့နယ်မှာ ခြွင်းချက်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ရွှေ့ပြောင်းလုပ်သားများ၏ ကလေးများမှာ အခြားကလေးငယ်များကဲ့သို့ အသက်ပြည့်သည်နှင့် ကျောင်းတတ်ရန်ခက်ခဲမှုများရှိသည်။ အဘယ့်ကြောင့်ဆိုသော် မိဘများမှာ ဆောက်လုပ်ရေးလုပ်သားများ ဖြစ်ကြသည့်အတွက် အလုပ်ရှာရန်နေရာမကြာခဏပြောင်းရခြင်းဖြင့် ကလေးများ၏ ပညာရေးမှာ တပိုင်းတစဖြင့် ရပ်လိုက်ရသည်ကများသောကြောင့်ဖြစ်သည်။ လူမှုရေးဆန်းစစ်သည့်အဖွဲ့မှ တွေ့ရှိသည်မှာ ကျောင်းသုံးကျောင်းရှိ ကျောင်းသားကျောင်းသူများတွင် ရွှေ့ပြောင်းကျောင်းသားများ ၁၀% မှ ၇၀% အထိရှိသည်ကို တွေ့ရသည်။ အောက်ပါ ဖြစ်စဉ်များကိုလေ့လာသုံးသပ်ခြင်း (case study) များမှ ရွှေ့ပြောင်းလုပ်သားများ၏ ကလေးငယ်များ အဘယ့်ကြောင့် ပညာရေးလက်လှမ်းမီမှုအားနည်းရခြင်းကို တွေ့နိုင်သည်။

အဘယ့်ကြောင့် ရွှေ့ပြောင်းလုပ်သားများ၏ကလေးငယ်များသည် မူလတန်းပညာရေးကို လက်လှမ်းမမီသနည်း

နန္ဒာသည် ပုံမှန်ဝင်ငွေမရှိသော ဆင်းရဲနွမ်းပါးသည့် ရွှေ့ပြောင်းလုပ်သားမိသားစုရှိ ကလေး(၃) ယောက်မှ တစ်ယောက်ဖြစ်သည်။ သူမ၏မိဘများသည် ဆောက်လုပ်ရေးလုပ်ငန်းတွင် အလုပ်လုပ်ကြပြီး နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ချောင်းနံဘေးရှိ ဆင်းရဲနုံချာသော ရပ်ကွက်တွင်နေထိုင်ကြသည်။ သူမ (၄) တန်းအရွယ်တွင် သူမ၏မိဘများ ရန်ကုန်ဆောက်လုပ်ရေးတွင် လုပ်ကိုင်ရန်ပြောင်းရွှေ့ကြပြီးသူမ၏ ပညာရေးသည်လည်း တပိုင်းတစဖြစ်ခဲ့သည်။ ၂၀၁၁ တွင် သူမ၏မိဘများသည် ရန်ကုန်တွင် အလုပ်ရှာမရသဖြင့်နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ မိဘများမှာ နန္ဒာကို ဇမ္ဗူသီရိမြို့နယ်ရှိ မူလတန်းကျောင်းတွင်ကျောင်းပြန်ထားရန်ကြိုးပမ်းခဲ့ကြသော်လည်း သူမ၏ ကျောင်းထွက်၊ ကျောင်းပြောင်းလက်မှတ်များမှာ ပျောက်ဆုံးသွားခဲ့သဖြင့် ကျောင်းပြန်အပ်၍မရတော့ပေ။ ထို့ကြောင့် ကျောင်းအုပ်ကြီးမှ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံမှ ထောက်ခံစာကို တောင်းခံခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးမှလည်း သူမ၏မိဘများသည် ရွှေ့ပြောင်းလုပ်သားများသာဖြစ်သောကြောင့် ထောက်ခံစာပေးရန်ငြင်းဆိုခဲ့သည်။

တစ်နေ့တွင် ပြင်ပမူလတန်းကျောင်း (NFPE) မှ ဆရာမတစ်ယောက်က ကျောင်းနေလိုသော ကလေးငယ်များ စာရင်းကိုကောက်ယူနေစဉ် နန္ဒာနှင့် မမျှော်လင့်ဘဲတွေ့ဆုံခဲ့ပြီး ထိုကျောင်းတွင်အပ်နှံနိုင်ခဲ့သည်။ ထိုကျောင်းတွင် (၂)တန်း၌ အပ်နှံခဲ့ပြီး တစ်နှစ်အကြာတွင် အောင်မြင်ခဲ့သည်။ ၂၀၁၂-၂၀၁၃ စာသင်နှစ်တွင် အလယ်တန်းကျောင်း၌ ပဥ္စမတန်းတွင် ကျောင်းပြန်လည်အပ်နှံနိုင်ခဲ့ပြီး ပညာသင်စရိတ်ထောက်ပံ့ကြေးငွေ (စတိုင်ပင်)ကိုလည်း လက်ခံရရှိခဲ့သည်။ ယခုအခါ သူမသည် တလလျှင် ထောက်ပံ့ကြေး (၆၀၀၀) ကျပ်ရရှိနေပြီဖြစ်သည်။

ပညာရေးသည် မူလတန်းအဆင့်ကိုကျော်လွန်၍ လက်လှမ်းမမီနိုင်မှု ပမာဏ ကြီးမားနေဆဲဖြစ်သည်.......

မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များနှင့် ကျောင်းကော်မတီဝင်များ၊ ဆင်းရဲသော မိဘများနှင့် တွေ့ဆုံမေးမြန်းချက် အရ (၇) တန်း၊ (၈) တန်းထက်ပို၍ ပညာဆက်လက်သင်ကြားရန်မှာ ဆင်းရဲနွမ်းပါးသူများအတွက် ခက်ခဲမှုများရှိကြောင်းသိရသည်။ အောက်ပါပုံအမှတ် (၅) တွင် ပြသထားသကဲ့သို့ အလယ်တန်းအဆင့်တွင် ကျောင်းအပ်နှံသူပမာဏသည် မူလတန်း၏တစ်ဝက်ခန့်သာ ကျန်ပြီး အထက်တန်းတွင်မူ သုံးပုံတစ်ပုံသာ ကျန်တော့သည်။

ပုံအမှတ် (၅) မြို့နယ်(၅)မြို့နယ်ရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ကျောင်းသူ အရေအတွက်[၃၅]




သတင်းအရင်းအမြစ် : မြို့နယ်(၆) မြို့နယ်မှ မြို့နယ်ပညာရေးမှူးရုံးများမှ။

[၃၅] မူလတန်း၊အလယ်တန်းနှင့် အထက်တန်း ကျောင်းသူ၊ကျောင်းသားအရေအတွက်သည် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းရှိ အတန်းများအားလုံးတွင် ပျမ်းမျှ အရေအတွက်တူညီသည်။ ဆိုလိုသည် မှာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အတန်းစုစုပေါင်းကို ၄င်းအဆင့်တွင် ရှိသည့်အတန်းအရေအတွက်အားလုံးနှင့် ပိုင်းခြား(စားခြင်း)လိုက်ခြင်းဖြစ်သည်။ ဤအချက်အလက်များသည် မြို့နယ်(၅)မြို့နယ် အတွက်သာဖြစ်ပြီး ဇမ္ဗူသီရိမြို့နယ်မပါဝင်ပေ။ အဘယ့်ကြောင့်ဆိုသော ၂၀၁၁ခုနှစ်အထိ ထိုမြို့နယ်တွင် ပညာရေးမှူးရုံး မရှိသေးသည့်အတွက် လေ့လာရန်အချက်အလက်များ မရနိုင်သေးသော ကြောင့်ဖြစ်သည်။

## ၂. ပညာရေးလက်လှမ်းမီမှုအတွက် ကန့်သတ်ချက်များ

မြို့နယ်(၆)မြို့နယ်ရှိ တွေ့ရသည့် ဒေသအများစုတွင် ပညာရေးလက်လှမ်းမီမှုသည် မူလတန်း အဆင့်ထက် ကျော်လွန်မှုမရှိပေ။ အဓိကအခက်အခဲများမှာ ငွေရေးကြေးရေးခက်ခဲမှုများ၊ ငွေကြေးကြောင့် မဟုတ်သော အခြားအချက်များ စသဖြင့် ရောထွေးဆက်နွယ်လျက်ရှိသည်။ လေ့လာတွေ့ရှိချက်အရ ဘဏ္ဍာ ရေးကြောင့် မဟုတ်သော အဓိကအတားအဆီး (၃)ခုကို တွေ့ရပါသည်။ ၄င်းတို့မှာ ဝေးလံသီခေါင်ခြင်း (ကျောင်းနှင့် အလွန်ဝေးကွာခြင်း)၊ ဘာသာစကား ( မြန်မာဘာသာစကားဖြင့် သင်ကြားမှုတွင်နားလည်နိုင်မှု အားနည်းခြင်း)နှင့် စာမေးပွဲစစ်သည့်စနစ် ( မူလတန်းကျောင်းသား/သူများကို အတန်းတင်စာမေးပွဲတွင် မအောင်သော်လည်း အတန်းတင်ပေးခြင်း ) စသည်တို့ဖြစ်သည်။

ဘဏ္ဍာရေးဆိုင်ရာအခက်အခဲမှာ ပညာရေးလက်လှမ်းမီမှုအတွက် အရေးအကြီးဆုံးဖြစ်သည်။ မြို့နယ် ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ကျောင်းကော်မတီအဖွဲ့ဝင်များနှင့် ဆင်းရဲနွမ်းပါးသော ကျောင်းသားမိဘများ ကို မေးမြန်းဆန်းစစ်ချက်အရ ဆဋ္ဌမတန်းကျော်လွန်လာပါက ပညာရေးတွင် အခက်အခဲများပိုလာကြောင်းသိရ သည်။ အဘယ့်ကြောင့်ဆိုသော် ကျောင်းသုံးစရိတ်များနှင့် ကျောင်းသုံးပစ္စည်းများအတွက် သုံးရငွေများလာ သလို ကျောင်းများသည်လည်း ပိုမိုဝေးလံသည့် နေရာများသို့သွားရောက်ရခြင်း (အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း) စသည်တို့ကြောင့်ဖြစ်သည်။ အထက်တန်းအဆင့်တွင် စာမေးပွဲအောင်မြင်ရေးအတွက် ပြင်ပကျူရှင်ယူရခြင်းများလည်းရှိလာသည်။ အလယ်တန်းနှင့် အထက်တန်းကျောင်းပညာရေးများအတွက် လစဉ်ခန့်မှန်းကုန်ကျငွေမှာ ၃၀၀၀၀ ကျပ်နှင့် ၁၀၀၀၀၀ ကျပ် ဝန်းကျင် အသီးသီးရှိသည်။[၃၆] အထက်တန်း ကျောင်းတက်ရောက်ရာတွင် ပိုမိုကုန်ကျရသည့်အချက်မှာအထက်တန်းအဆင့်ကျောင်းများသည် များသော အားဖြင့် မြို့တွင်း၌သာရှိတတ်ပြီး ဝေးလံသောရွာမှ ကျောင်းသား၊ ကျောင်းသူများသည် ကျောင်းတက်ရန် အတွက် ဆွေမျိုးများအိမ်တွင်နေရခြင်း(သို့) ဘော်ဒါဆောင်နေရခြင်းစသဖြင့် ပိုမိုကုန်ကျရခြင်းဖြစ်သည်။ အထက်ပါ ပညာရေးအတွက် ကုန်ကျစရိတ်များကြောင့် ဝေးလံသောကျေးရွာများရှိ ကျောင်းသား၊ ကျောင်းသူများအတွက် မူလတန်းထက်ကျော်လွန်၍ ပညာရေးလက်လှမ်းမီရန် ခဲယဉ်းလာခြင်းဖြစ်ပါသည်။

ဘဏ္ဍာရေးဆိုင်ရာအခက်အခဲနှင့်ပတ်သက်၍ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ကျောင်းအုပ်တစ်ဦးထံမှ အရေးကြီးသောအချက်တစ်ချက်ကို သိရှိခဲ့ရပါသည်။ ထိုအချက်မှာ လက်ရှိနှစ်များအတွင်း ကျောင်းသား၊ ကျောင်းသူများ၏မိဘများသည် ကလေးများ၏ အထက်တန်းကျောင်းစရိတ်အတွက် ငွေများစွာ ချေးယူရပြီး ပြန်လည်မပေးဆပ်နိုင်ကြတော့ဘဲ အခြားနေရာသို့ တိမ်းရှောင်သွားကြခြင်းဖြင့် ကလေးများ၏ ပညာရေးကို တစ်ပိုင်းတစ်စဖြစ်စေသည်ဟူသော အချက်တစ်ချက်ကို သိရပါသည်။

[၃၆] ဤအချက်များမှာ နွမ်းပါးသော ကျောင်းသားမိဘများ၊ ကျောင်းအုပ်များနှင့် ဆရာ၊ဆရာမများ၊ ကျောင်း ကော်မတီဝင်များ၏ ပြောပြချက်များအပေါ် အခြေခံ၍တွက်ချက်ထားခြင်းဖြစ်သည်။ ထိုကုန်ကျငွေများကို မြို့နယ်တွင်းရှိ အမျိုးမျိုးသောသူများအား မြို့နယ်(၅)မြို့နယ်တွင် မေးမြန်းပြီး ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်သည်။

## ငွေကြေးဆိုင်ရာမဟုတ်သောအချက်များ

ပညာရေးလက်လှမ်းမီမှုတွင် အဓိကအတားအဆီးဖြစ်သည့် ဝေးလံသီခေါင်မှု......

လေ့လာဆန်းစစ်ခဲ့သော မြို့နယ် (၆)မြို့နယ်တွင်ကလော၊ မုဒုံနှင့် ရေတာရှည်မြို့နယ်တို့တွင် ဝေးလံ သီခေါင်မှုသည် ပညာရေးလက်လှမ်းမီမှု၏ အဓိကအတားအဆီးတစ်ခုဖြစ်သည်။ ထိုဒေသများတွင် ဝေးလံသီ ခေါင်မှုသည် ပညာရေးအတွက် ကြီးမားသော အဟန့်အတားဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင် ဆက်သွယ်ရေးနှစ်ခုလုံးတွင် ခက်ခဲသည်။ ထိုရွာများတွင် အနီးဆုံးကျောင်းသို့ သွားရောက်ရန်အတွက် ကောင်းမွန်သောလမ်းပန်းဆက်သွယ်ရေးနှင့် ပို့ဆောင်ရေး မရှိပေ။ အချို့ရွာများတွင် ကျောင်းတက်ရန်အတွက် ရေလမ်း၊ကုန်းလမ်းနှစ်ခုလုံးကို အသုံးပြုရပြီး မိုးရာသီတွင် အလွန်ခက်ခဲ၍ အန္တရာယ်လည်းများသည်။

အချို့ဒေသများတွင် မိဘများသည် ၎င်းတို့၏ ကလေးငယ်များ မိမိကိုယ်ကို စောင့်ရှောက်နိုင်ချိန် (၈) နှစ် (၉) နှစ်အရွယ်ရောက်မှ ကျောင်းအပ်ကြသည်ကိုတွေ့ရသည်။ အချို့ဒေသများတွင် ကျောင်းသား/သူများသည် ကျောင်းတက်ရန်အတွက် တစ်နေ့လျှင် (၄) နာရီ(၅)နာရီခန့် ကြာသည့်ခရီးကို သွားရောက်ရသည်ကို တွေ့ရသည်။ ၎င်းတို့သည် မနက် (၄)နာရီတွင် အိပ်ယာမှထရပြီး မနက်(၆)နာရီခန့်တွင် အိမ်မှထွက်ရသည်။ ဝေးလံသောဒေသမှ ကျောင်းအုပ်တစ်ဦး၏ ပြောကြားချက်အရ ကျောင်းသား၊ကျောင်းသူ တစ်ဝက်ခန့်သည် စာသင်နှစ်တစ်ဝက်တစ်ပျက်ဖြင့် ကျောင်းထွက်သွားကြခြင်းမှာ ကျောင်းသို့လာရောက်ရန် ခက်ခဲမှုများကြောင့် ဖြစ်သည်ဟုသိရသည်။

ဝေးလံသီခေါင်မှုသည် ယောကျ်ားလေးများထက် မိန်းကလေးများအတွက် ပို၍ခက်ခဲစေခြင်း......

ဝေးလံသီခေါင်မှုသည် ယောကျ်ားလေးများထက် မိန်းကလေးများသွားလာရေးအတွက် ပို၍ခက်ခဲစေသောအချက်ဖြစ်သည်။ မိဘများသည်၎င်းတို့ သမီးမိန်းကလေးများ၏ ဘေးကင်းလုံခြုံရေးအတွက် လမ်းပန်းဆက်သွယ်ရေးမကောင်းမွန်သော၊ စိတ်ချရသည့်ပို့ဆောင်ရေးမရှိသည့် နေရာများတွင် ကျောင်းသို့လုံးဝ မလွှတ်လိုကြသည်ကို တွေ့ရသည်။ ထို့အတူ စာသင်ကျောင်းနှင့် အနီးအနားတွင် နီးစပ်ရာဆွေမျိုးများ (သို့) မိတ်ဆွေများမရှိပါက ဘော်ဒါဆောင်တွင်လည်း မထားလိုကြကြောင်း တွေ့ရသည်။ ထို့ကြောင့် မိန်းကလေးများသည် မိဘများမှ ကျောင်းစရိတ်တတ်နိုင်သည်ဆိုလျှင်ပင် ကျောင်းတက်ရန်အတွက် ယောကျ်ားလေးများထက် ကန့်သတ်မှုပိုရှိသည်ကို တွေ့ရသည်။

ဘာသာစကားကန့်သတ်ချက်အခက်အခဲ...

ဤလူမှုရေးဆိုင်ရာဆန်းစစ်လေ့လာချက်တွင် သွားရောက်ခဲ့သောနေရာများမှ စာသင်ကျောင်း (၄) ကျောင်းသည် ဘာသာစကားဆိုင်ရာ အခက်အခဲရှိနေသည်ကို တွေ့ရသည်။ နှစ်ကျောင်းမှာ ကလောမြို့နယ်မှဖြစ်ပြီး ကျန်နှစ်ကျောင်းမှာ မုဒုံနှင့် ရေတာရှည်မှဖြစ်သည်။ ၎င်းစာသင်ကျောင်းများသည် မြို့ကြီးများနှင့် ၁၅ မိုင်မှ ၅၅ မိုင်အထိ ဝေးကွာကြသည်။ ၎င်းဒေသမှ ကျောင်းအုပ်များ၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ/ဆရာမများ၏ပြောကြားချက်အရ မူလတန်းသည် ဘာသာစကား အဓိကအခက်အခဲရှိသော အတန်းဖြစ်သည်ဟု သိရသည်။ ထို့အတူ ဗမာလူမျိုးနည်းပါးသောဒေသမှ လာရောက်သည့် တိုင်းရင်းသားကလေးငယ်များသည် ဘာသာစကားတွင် ပို၍ခက်ခဲကြသည်ဟုသိရသည်။ အဘယ့်ကြောင့်ဆိုသော် ဗမာလူမျိုးများပြားသည့် နေရာတွင် နေထိုင်ကြသည့် တိုင်းရင်းသားကလေးများမှာ ဗမာစကားကောင်းစွာနားလည်တတ်ကျွမ်းကြခြင်းကြောင့်ဖြစ်သည်။

ဤသို့သင်ကြားရေးတွင် ဘာသာစကား အခက်အခဲရှိသော တိုင်းရင်းသား ကျောင်းသား/သူများ သည် အလယ်တန်းအဆင့်တွင် ကျောင်းထွက်မှုများပြီး အထူးသဖြင့် ဆဋ္ဌမတန်းဝန်းကျင်တွင် ကျောင်းမှ ထွက်ကြသည်။ အဘယ့်ကြောင့်ဆိုသော ဘာသာစကားနားလည်မှုမရှိခြင်းကြောင့် စာသင်ကြားရေးတွင် အားနည်းမှုများရှိသလို စိတ်ဓာတ်ကျလာခြင်းများကြောင့်ဖြစ်သည်။ ထို့အပြင် တိုင်းရင်းသား ကလေးငယ်များသည် ဤ"ဘာသာစကားပေတံ"[၃၇] ကြောင့် ဗမာကျောင်းသား/သူများနှင့် နှိုင်းယှဉ်လျှင် စာသင်ကြားရေးတွင် ပို၍အားနည်းကြပြီး ပညာတော်သင်ထောက်ပံ့ကြေးငွေရရှိရန်လည်း အဆင့်မမီကြပေ။

**အတန်းတင်စာမေးပွဲစနစ်နှင့်ပတ်သက်သည့် ပြဿနာများ**

လက်ရှိအတန်းတင်စာမေးပွဲစစ်သည့်စနစ်သည် ကျောင်းသား၊ကျောင်းသူများစွာကိုကန့်သတ်မှုများဖြစ်စေခြင်း..

သုတေသနပြုလုပ်စဉ် ဖြေကြားသူတော်တော်များများမှ တူညီစွာဝေဖန်ပြောဆိုသည့် ကိစ္စရပ်မှာ လက်ရှိအတန်းတင်စာမေးပွဲစနစ်ဖြစ်သည့် "အကျမရှိစနစ်" ဖြစ်သည်။ ဤစနစ်အရ သူငယ်တန်းမှ ဆဋ္ဌမတန်းအထိ ကျောင်းသား၊ကျောင်းသူများသည် လပတ်စာမေးပွဲများတွင် ပုံမှန်ကျရှုံးနေပြီး အတန်းတက်ရန်အဆင့်မမီသော်လည်း စာသင်နှစ်အပြီးတွင် နောက်တတန်းသို့တင်ပေးသည့်စနစ်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် ကျောင်းသား၊ကျောင်းသူများမှာ အတန်းစဉ်အလိုက်ကျရှုံးနေသော်လည်း အအောင်ပေးခြင်းဖြင့် တစ်တန်းပြီးတစ်တန်း ပုံမှန်တက်သွားခြင်းဖြစ်သည်။ ထိုကျောင်းသား/သူများသည် အထက်တန်းသို့ တက်သည့်အခါ အရည်အချင်း မပြည့်မီသောကြောင့် စာမလိုက်နိုင်တော့ဘဲ စိတ်ဓာတ်ကျဆင်းပြီး ကျောင်းထွက်သွားကြပါ သည်။

**ကျား၊ မ ကွဲပြားမှုနှင့်ပတ်သက်သည့် ကန့်သတ်ချက်များ**

လူမှုရေးရာဆန်းစစ်သူများသည် ကျား၊ မ ကွဲပြားမှုသည် ပညာရေးကို သက်ရောက်စေမှု ရှိ၊မရှိကိုလည်း လေ့လာခဲ့ကြပါသည်။ ပုံမှန်အားဖြင့် မိဘများသည် ပညာရေးနှင့် ပတ်သက်၍ ယောကျ်ားလေး၊ မိန်းကလေး ခွဲခြားမှုမရှိပေ။ သို့သော် ပညာရေးတွင် ကျား၊ မကွဲပြားမှုနှင့် ဆက်နွယ်ဖြစ်ပေါ်လာသော အဓိကအချက်နှစ်ချက်ကို တွေ့ရှိခဲ့ပါသည်။ ပထမအချက်မှာ အထက်တန်းသို့ရောက်သောအခါတွင် ယောကျ်ားလေးများသည် မိဘများအတွက် အလုပ်လုပ်ရန် ကျောင်းထွက်ရသည်မှာ မိန်းကလေးများထက်ပို၍ များသည်ဟူသောအချက်ဖြစ်သည်။ ဒုတိယအချက်မှာ ယောကျ်ားလေးများအနေဖြင့် မိန်းကလေးများနှင့်မတူသည့် အချက်မှာ ငွေကြေးအဆင်မပြေမှုကို သည်းခံမနေနိုင်ဘဲ ကျောင်းထွက်အလုပ်လုပ်ခြင်းဖြင့် ငွေပိုရှာလိုကြသည်ဟူသော အချက်ဖြစ်သည်။ အောက်ပါပုံအမှတ် (၆) တွင် အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ကျောင်းအပ်နှံသော မိန်းကလေးအရေအတွက်မှာ ယောကျ်ားလေး အရေအတွက်ထက်များသည်ကို တွေ့ရှိနိုင်သည်။ သို့သော် အထက်တွင် ဖော်ပြခဲ့သကဲ့သို့ မူလတန်းအဆင့်တွင် ယောကျ်ားလေးများက မိန်းကလေးများထက် ကျောင်းအပ်နှံမှုများသည်။ ကွင်းဆင်းလေ့လာရာတွင် တွေ့ရှိရသည့်အချက်မှာ ဤကန့်သတ်ချက်များသည် ဝေးလံသီခေါင်မှုနှင့် ဘေးကင်းလုံခြုံမှုဆိုင်ရာအချက်များကြောင့် ဖြစ်ကြောင်း သုံးသပ်ကြသည်။

ပုံအမှတ် (၆)။ မြို့နယ်(၅)ခုရှိ မူလတန်း၊အလယ်တန်းနှင့် အထက်တန်းတွင် ကျား၊မ အလိုက် ကျောင်းအပ်နှံမှု ပျမ်းမျှနှုန်း[၃၈]




[၃၇]ဤမှတ်ချက်သည် မြို့နယ်ပညာရေးမှူးတစ်ဦးနှင့် လူတွေ့မေးမြန်းချိန်တွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။
[၃၈] ဤနှုန်းသည် မြို့နယ်(၅)မြို့နယ်၊(၅)နှစ်အတွင်း(ဇမ္ဗူသီရိမပါ) ပျမ်းမျှတွက်ချက်မှုဖြစ်သည်။

## ၃. ပညာလက်လှမ်းမီမှုဆိုင်ရာ အခက်အခဲများအား ရင်ဆိုင်ဖြေရှင်းပုံ

ရင်ဆိုင်ဖြေရှင်းပုံနည်းလမ်းအမျိုးမျိုးမှာ တစ်ဦးချင်းအလိုက်၊ ရပ်ရွာအလိုက်၊ ဆရာ၊ ဆရာမများအလိုက် ကွာခြားသည်။

### ငွေကြေးဆိုင်ရာ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းပုံ

ငွေကြေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းပုံတွင် တစ်ဦးတစ်ယောက်ချင်းစီ၊ ကျောင်းများနှင့် ရပ်ရွာများတွင် ပုံစံအမျိုးမျိုး ကွဲပြားသည်။ ဆင်းရဲသားမိဘ၊ ကျောင်းသားများနှင့် တွေ့ဆုံဆွေးနွေးမှုများအရ အချို့ ကျောင်းသားမိဘများသည် ၎င်းတို့၏ သားသမီးပညာသင်စရိတ်အတွက် အလုပ်လုပ်ခြင်းဖြင့်သော်လည်းကောင်း၊ လောင်းကစားပြုလုပ်ခြင်းဖြင့်သော်လည်းကောင်း ဝင်ငွေရှာ ဖွေကြသည်။ အချို့မိဘများသည် ရပ်ရွာထဲတွင် လစဉ် ငွေစု သည့်ပုံစံဖြင့်လည်းကောင်း၊ ငွေတိုးချေးသူထံမှ ငွေချေး၍လည်းကောင်း၊ သားသမီးအကြီးကို ကျောင်းထုတ်၍ အငယ်ကို ကျောင်းထားစေခြင်းဖြင့်လည်းကောင်း

ဖြေရှင်းကြသည်။ ယခုလေ့လာမှုတွင် အချို့ဆင်းရဲသူ မိဘများသည် ကလေးများကို ကျောင်းပြင်ပပညာရေး(NFPE) သို့ ပို့ရသည်ကိုလည်း တွေ့ရှိ ရသည်။

ကျောင်းနေရွယ်ကလေးများ ကျောင်းစရိတ်ရရန် အလုပ်လုပ်ရခြင်းနှင့် ပတ်သက်၍မူ အဓိက ဝင်ငွေရှာရသည့်နေရာမှာပြန်လည်recycle လုပ်နိုင်သော အမှိုက်တိုအမှိုက်စ ကောက်ခြင်းမှ ဖြစ်သည်။ ဥပမာအားဖြင့်-ပုလင်းခွံ၊ ဘူးခွံ၊ စက္ကူစာရွက်များ ကောက်ယူ၍ ပြန်ရောင်းခြင်းဖြစ်သည်။ အမှိုက်ကောက်စားသူ ကျောင်းသားကလေးများသည် နံနက်စောစော အိပ်ယာထ၍ အမှိုက်ကောက်၍ ပြန်လည်ရောင်းချပြီးမှ ကျောင်းသို့လာကြသည်။ အချို့ကျောင်းသားများသည် နွေရာသီကျောင်းပိတ်ချိန်တွင် လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်၍သော်လည်းကောင်း၊ ကားပြင်သည့် ဂပ်ရှော့တွင် အလုပ်လုပ်၍သော်လည်းကောင်း ကျောင်းစရိတ် အတွက် ငွေရှာကြသည်။ လူမှုရေးအစီရင်ခံစာမှ စိတ်ဝင်စားဖွယ်ရာတွေ့ရှိချက်မှာ ပထမတန်းမှ နဝမတန်းထိ ကျောင်းသားများသည် ၎င်းတို့၏နေ့လည်စာ၊ တစ်ခါတစ်ရံ ညစာများအတွက်ပင် အသေးစားလောင်းကစားပြု လုပ်ခြင်းဖြင့် ငွေရှာကြောင်း တွေ့ရသည်။

ယခုနောက်ပိုင်းတွင် မိဘများအနေဖြင့် ၎င်းတို့၏ သားသမီးများအား ဘွဲ့ရပညာတတ်ဖြစ်ရေးအတွက် ဆန္ဒနည်းပါးလာကြောင်း တွေ့ရသည်။ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ မြို့နယ်အဆင့် ကျောင်း ကော်မတီများနှင့် တွေ့ဆုံမေးမြန်းချက်များအရ ယခုနောက်ပိုင်းတွင် မိဘများသည် ၎င်းတို့၏ သားသမီးများအား တက္ကသိုလ်ပညာရေးမှ ရရှိသော ဘွဲ့သည် တကယ့်လက်တွေ့တွင် ဝင်ငွေရသော အလုပ်ရရှိရန် အာမခံနိုင်မှုနည်းပါးကြောင်း သတိပြုမိလာကြသည်။ ထို့ကြောင့် ဆင်းရဲသော မိဘအများစုသည် ၎င်းတို့၏ သားသမီးများအား စက်မှုလက်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်းကျောင်းများတွင် အလုပ်သင်အဖြစ် ပို့လိုကြသည်။ အခြားတစ်ဖက်တွင်လည်း ပိုက်ဆံရှိသူ မိဘများအနေဖြင့် ၎င်းတို့၏ သားသမီးများအား ပုဂ္ဂလိကကျောင်းများသို့သာ ပို့လိုကြကြောင်း တွေ့ရသည်။ စာတော်သော ကျောင်းသားများ ပုဂ္ဂလိကကျောင်းပညာရေးစနစ်သို့ ရောက်ရှိသွားခြင်းသည် ဆရာမများအတွက် အားလျော့ဖွယ် ဖြစ်စေသည်။

**သာဓက (၂) ။ ကျောင်းစရိတ်အတွက် တစ်ဦးချင်း မည်သို့ ဖြေရှင်းပုံ**

ဖြစ်စဉ် (၁)။ ကျောင်းသားကလေးများ မုန့်ဖိုးရရန်အတွက် အသေးစားလောင်းကစားဝိုင်းများတွင် ပါဝင်ခြင်း။

တွေ့ဆုံမေးမြန်းမှုများအရ ကျောင်းနှင့်နီးသော ကျောင်းဈေးဆိုင်တွင် ငါးဆယ် ကျပ်တန် ကံစမ်းမဲများရောင်းချသည်ကို တွေ့ရှိရသည်။ ငါးဆယ်ကျပ်တန် ကံစမ်းမဲ(၁၀)ခုအား ကျောင်းသား (၁၀) ယောက်သို့ ရောင်းချပြီးသောအခါ ကျောင်းဈေးဆိုင်တွင် မဲနှိုက်စေသည်။ ကံထူးသူ ကျောင်းသားမှ ငါးရာကျပ်ပေါက်သောအခါ ထိုလက်မှတ်ဖြင့် ၎င်းဆိုင်မှ အစားအသောက်များ၊ တစ်ခါတစ်ရံ ညစာအတွက် ကြက်ဥများ ဝယ်ယူနိုင်သည်။ ယခုကဲ့သို့ ကံစမ်းမဲအစီအစဉ်ပေါ်လာရခြင်းမှာ မိဘများမှ လုံလောက်သော အစားအသောက်နှင့် မုန့်ဖိုး မပံ့ပိုးပေးနိုင်သောကြောင့်ဖြစ်သည်။ ဤကဲ့သို့ ဆယ်ကြိမ်တွင် တစ်ကြိမ်သာ

အခွင့်အရေးရှိသည့် အသေးစားလောင်းကစားပုံစံဖြင့် ၎င်းတို့၏ စားဝတ်နေရေးအတွက် ဖြေရှင်းကြသည်။ ကျောင်းဈေးဆိုင်ပိုင်ရှင်နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများအရ ၎င်းကဲ့သို့ အသေးစား လောင်းကစားခြင်းမျိုးကို ဆင်းရဲသော ကျောင်းသားများသာမက မိဘများပါ ၎င်းတို့၏ နေ့လည်စာနှင့် ညစာအတွက် ပြုလုပ်ကြောင်းတွေ့ရသည်။

ဖြစ်စဉ် (၂)။ ဆင်းရဲသားကျောင်းသားမိခင်များမှ လစဉ်ငွေကြေးစုဆောင်းခြင်းဖြင့် ဖြေရှင်းပုံ

ဆင်းရဲသားကျောင်းသားမိခင်များသည် လစဉ်ငွေစုသည့်အဖွဲ့ဖွဲ့ကာ ၎င်းတို့လိုအပ်သည့်အခါတွင် ချေးယူရန်အတွက် စုပေါင်းငွေစုသည့်နည်းကို အသုံးပြုကြသည်။ ၎င်းအဖွဲ့တွင် ၎င်းတို့အချင်းချင်းကြား ယုံကြည်ရသည့် အမျိုးသမီးများ စုပေါင်းပါဝင်ပြီး အတိုးငွေပေးရန်မလိုသော စုပေါင်းငွေစုသည့်အဖွဲ့ဖြစ်သည်။ အဖွဲ့ဝင်အမျိုးသမီးများသည် တစ်လလျှင် ငါးထောင်ကျပ်ဖြင့် စတင်စုဆောင်းရပြီး ပထမလတွင် ထိုစုဆောင်းငွေကို မည်သူစတင်အသုံးပြုရမည်ကို မဲစနစ်ဖြင့် ဆုံးဖြတ်သည်။ တစ်လလျှင် အဖွဲ့ဝင်တစ်ဦးသည် စုဆောင်းငွေကို အလှည့်ကျရရှိမည်ဖြစ်သည်။ ဥပမာအားဖြင့် အဖွဲ့ဝင်ဆယ်ဦးရှိပါက အလှည့်ကျသူ ကျောင်းသားမိဘသည် သူမအတွက် လေးသောင်းခွဲကျပ် ရရှိမည်ဖြစ်သည်။ ၎င်းငွေစုအစီအစဉ်အရ မိခင်တစ်ယောက်သည် တစ်ချိန်တွင် ငွေတစ်လုံးတစ်ခဲတည်း ရရှိမည်ဖြစ်ပြီး ၎င်းအတွက် အိမ်သုံးစရိတ်များ၊ ကလေးကျောင်းစရိတ်များ၊ ကျောင်းဝတ်စုံများ၊ ကျူရှင်လခများ ပေးရန် သုံးနိုင်သည်။

ကျောင်းပြင်ပပညာရေးသည် ဆင်းရဲသောမိဘများအတွက် ပညာရေးလက်လှမ်းမီနိုင်သော ဖြေရှင်းရေးနည်းလမ်းတစ်ခုဖြစ်သည်။ ကျောင်းပြင်ပပညာရေးသည် အချိန်ပိုင်းအလုပ်လုပ်နေသော ကလေးများအတွက်သော်လည်းကောင်း၊ အချိန်အတိုင်းအတာတစ်ခုအထိ ကျောင်းထွက်ပြီး ကျောင်းပြန်တက်ရန် ခက်ခဲသော ကလေးများအတွက်သော်လည်းကောင်း အဆင်ပြေသော ပညာရေးဖြစ်သည်။သို့သော်လည်း NFPE သည် မြို့များနှင့် မြို့ငယ်များတွင်သာ တွေ့ရသည်။ လက်ဖက်ရည်ဆိုင်တွင် နံနက်ပိုင်းအလုပ်လုပ်သော ကလေးငယ်များနှင့် ရွှေ့ပြောင်းလုပ်သားမိဘများကြောင့် ကျောင်းခေတ္တထွက်ထားရသော ကျောင်းသားများသည် ၎င်းတို့၏ ပညာရေးရှေ့ဆက်ရန်အတွက် ကျောင်းပြင်ပပညာရေး(NFPE) ကျောင်းများကို အားကိုးရသည်။

**ရပ်ရွာများမှလည်း ပံ့ပိုးကူညီ……**

ငွေကြေးဆိုင်ရာအခက်အခဲများကြောင့် ကျောင်းပညာရေး လက်လှမ်းမီရန် ခက်ခဲနေသော မိသားစုများကို ရပ်ရွာအနေဖြင့် ကူညီသည့် ပုံစံများကိုလည်း လူမှုရေးလေ့လာဆန်းစစ်ချက်များအရ သိရသည်။ အချို့ရပ်ရွာများတွင် ဆင်းရဲသော ကျောင်းသားမိဘများကို ကူညီပံ့ပိုးရန်အတွက် ရပ်ရွာအတွင်း ဩဇာရှိသော ရွာခေါင်းဆောင်များ၊ ရပ်မိရပ်ဖများသည် ၎င်းတို့၏ လူမှုရေးကွန်ရက်ကို အသုံးပြု၍ စာအုပ်နှင့် ကျောင်းဝတ်စုံများ အလှူခံပေးသည်ကို တွေ့ရသည်။ အလှူခံရငွေများကို ဆင်းရဲသော ကျောင်းသားများ၊ အထူးသဖြင့် စာတော်သောကျောင်းသားများသို့ ပြန်လည်ပံ့ပိုးသည်။ ကျောင်းဆရာ၊ ဆရာမများမှလည်း ၎င်းတို့၏ ဆင်းရဲ

သော ကျောင်းသားများအတွက် ငွေနှင့် အခြားကျောင်းသုံးပစ္စည်းများကို အလှူခံပေးသည်။ အချို့ကျောင်းများတွင် ဆရာ၊ဆရာမများသည် ၎င်းတို့၏ နေ့လည်စာကိုပင် ဆင်းရဲသော ကျောင်းသားများနှင့် မျှဝေစားသောက်ကြောင်း လူမှုရေးလေ့လာဆန်းစစ်ချက်များအရ သိရသည်။

ဇယား ၁၃: ဆင်းရဲသောကျောင်းသားများ၏ ငွေကြေးဆိုင်ရာ အခက်အခဲကို ဖြေရှင်းရန် ရပ်ရွာ၏ ပံ့ပိုးမှုပုံစံများ

| မြို့နယ် | ကူညီပံ့ပိုးသည့် ပုံစံများ | ကျောင်းကော်မတီ/ မိဘဆရာ အသင်း | မိဘများ | ဆရာ၊ ဆရာမ များ | ဘုန်းတော်ကြီးများ | မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း | လူမှုရေး အဖွဲ့ အစည်းများ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|
| ကလော | စာရေးကိရိယာ ပံ့ပိုးမှု | ၂ | - | - | - | - | - | ၂ |
| | ကျောင်းသုံးစားပွဲခုံနှင့် ထိုင်ခုံများထောက်ပံ့ခြင်း | ၂ | - | - | - | - | - | ၂ |
| | စာရေးကိရိယာ ပံ့ပိုးမှု | - | - | - | - | - | ၁ | ၁ |
| မုဒုံ | NFPE ကျောင်းများတွင် အာဟာရတိုက်ကျွေးခြင်း | ၁ | - | - | - | - | - | ၁ |
| | ကျောင်းသားများသို့ ငွေကြေးထောက်ပံ့ခြင်း | | - | - | - | - | ၁ | ၁ |
| | ကျောင်းသုံးစားပွဲခုံနှင့် ထိုင်ခုံများ ထောက်ပံ့ခြင်း | ၄ | - | - | - | - | - | ၄ |
| ဆိပ်ကြီး ခနောင်တို | NFPE ကျောင်းများတွင် အာဟာရတိုက်ကျွေးခြင်း | ၁ | - | - | - | - | - | ၁ |
| | ၉ တန်းနှင့် ၁၀ တန်းကျောင်းသားများကို အခမဲ့ကျူရှင်သင်ပေးခြင်း | - | - | - | - | - | ၁ | ၁ |
| ရေတာရှည် | စာရေးကိရိယာ ပံ့ပိုးမှု | | - | ၁ | - | - | - | ၁ |
| | ကျောင်းသားများသို့ ငွေကြေးထောက်ပံ့ခြင်း | ၁ | - | - | - | - | - | ၁ |
| မဟာ အောင်မြေ | စာရေးကိရိယာ ပံ့ပိုးမှု | ၁ | - | - | - | - | - | ၁ |
| | ကျောင်းအပ်ချိန်တွင် | ၁ | - | - | - | - | - | ၁ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | ကျောင်းဝင်ကြေး ထောက်ပံ့ခြင်း | | | | | | | |
| ဇမ္ဗူသီရိ | စာရေးကိရိယာ ပံ့ပိုးမှု | ၃ | - | - | ၁ | - | - | ၄ |
| | NFPE ကျောင်းများတွင် အာဟာရတိုက် ကျွေးခြင်း | ၂ | - | - | - | - | - | ၂ |
| | ကျောင်းအပ်ချိန်တွင် ကျောင်းဝင်ကြေး ထောက်ပံ့ခြင်း | - | - | - | - | ၂ | - | ၂ |
| | ကျောင်းသုံးစားပွဲခုံနှင့် ထိုင်ခုံများ ထောက်ပံ့ခြင်း | - | ၁ | - | - | - | - | ၁ |
| **စုစုပေါင်း** | | ၁၈ | ၁ | ၁ | ၁ | ၂ | ၃ | ၂၆ |

သတင်းအရင်းအမြစ်: ကွင်းဆင်းလေ့လာစဉ်အတွင်း လေ့လာခဲ့သော ၆ မြို့နယ်အတွင်းရှိ အဓိကသက်ဆိုင်သူ များနှင့် တွေ့ဆုံမေးမြန်းမှုများမှ

## သာဓက (၃) : ကျောင်းဝေးကွာမှုကိုရွာ (၃) ရွာမှစုပေါင်းဖြေရှင်းပုံဥပမာ

မူလတန်းကျောင်းရှိသော သက်ရှည်ရွာမှ မိနစ်(၃၀)ခန့် လမ်းလျှောက်ရသော ရွာ(၃)ရွာရှိ ကျောင်းသားမိဘများမှာ ၎င်းတို့၏သားသမီးများအား ကျောင်းထားရန် အခက်အခဲရှိနေကြသည်။ မူလတန်းကျောင်းနှင့် နီးသော်လည်း ကျောင်းသို့သွားသောလမ်းမှာ အထူးသဖြင့် မိုးရာသီတွင် အလွန်ဆိုးသောကြောင့် မိဘများမှာ ၎င်းတို့၏သားသမီးများကို ကျောင်းသို့တစ်ဦးတည်းမလွှတ်လိုကြပေ။ မိုးရာသီတွင် လမ်းများမှာ ဗွက်ထူခြင်း၊ အန္တရာယ်များခြင်းကြောင့် ကျောင်းသို့ရောက်ရန်အချိန်မှာ မိနစ်(၃၀)ထက် ပိုကြာသည်။ မိဘများမှာ ၎င်းတို့ကလေးများကို ကျောင်းသို့ ကိုယ်တိုင်လိုက်ပို့လိုကြသော်လည်း ၎င်းတို့တွင် အချိန်မရှိပေ။ ၎င်းပြဿနာကို ဖြေရှင်းရန်အတွက် ရွာ(၃)ရွာမှစုပေါင်း၍ ကိုယ်ထူကိုယ်ထမူလတန်းကျောင်းကို ရွာ(၃)ရွာလုံးနှင့်နီးသောနေရာတွင် တည်ထောင်ခဲ့ကြသည်။

ထို့နောက် မိဘများစုပေါင်း၍ တစ်လငါးသောင်းကျပ်ဖြင့် ပုဂ္ဂလိကဆရာမတစ်ယောက် ငှားရမ်းခဲ့သည်။ ကျောင်းသားရှိသော အိမ်ထောင်စုတိုင်း ကျောင်းအသုံးစရိတ်နှင့် ဆရာမလစာအတွက် တစ်နှစ်စာ၂၅၀၀၀ (နှစ်သောင်းခွဲကျပ်)ထည့်ဝင်ရသည်။ ၎င်းငွေကို မိဘများအဆင်ပြေသော မည်သည့်လတွင်မဆို ထည့်ဝင်နိုင်သည်။

ထိုကဲ့သို့ ကိုယ်ထူကိုယ်ထကျောင်းကို တည်ထောင်ရန်အတွက် သက်ရှည်ရွာရှိ တရားဝင် မူလတန်းကျောင်းမှ အကူအညီကို ရယူခဲ့ရသည်။ ဥပမာအားဖြင့် ကိုယ်ထူကိုယ်ထကျောင်းမှ ကျောင်းသားများကို သက်ရှည်တရားဝင်မူလတန်းကျောင်းအမည်ခံဖြင့် ကျောင်းသားများကို ကျောင်းအပ်လက်ခံပေးသည်။ ထို့ကြောင့် ကိုယ်ထူ

ကိုယ်ထကျောင်းမှ ကျောင်းသားများလည်း ကျောင်းဖွင့်ချိန်တွင်ထောက်ပံ့သော အစိုးရဘက်မှပံ့ပိုးမှုများကို ရရှိမည် ဖြစ်သည်။ ၄င်းအပြင် ကိုယ်ထူကိုယ်ထကျောင်းမှ ကျောင်းသားများလည်း တရားဝင်မူလတန်းကျောင်းတွင် တရားဝင်စာမေးပွဲဖြေခွင့်ရရှိသည်။

## ဘာသာစကားအခက်အခဲကိုကျော်လွှားဖြေရှင်းပုံ

ဘာသာစကားအခက်အခဲနှင့်ပတ်သတ်ပြီး ဖြေရှင်းနိုင်ရန်အတွက် တိုင်းရင်းသားမျိုးနွယ်စုမိဘများသည် ဘာသာစကားနှစ်မျိုးတတ်သော ကျောင်းဆရာ၊ဆရာမများကို ပို၍ခန့်ထားလိုကြောင်း မြို့နယ်ပညာရေးမှူး၊ ဒု-မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့ထံမှ သိရသည်။

တိုင်းရင်းသားများနေထိုင်သောဒေသရှိ ဆရာ၊ဆရာမအများစုသည် ဒေသခံရွာသားများ(သို့မဟုတ်) အနီးအနားဒေသမှ ရွာသားများဖြစ်ကြသည်။ တွေ့ဆုံမေးမြန်းမှုများ၏အဆိုအရ တိုင်းရင်းသားကလေး ကျောင်းသားများသည် ဗမာကလေးကျောင်းသားများထက် စာလိုက်နောက်ကျကြောင်း သိရသည်။ ၄င်းအခြေအနေကို ပညာတော်သင်ကျောင်းသားရွေးချယ်ရာတွင် ပိုမိုတွေ့ရကြောင်း သိရသည်။

၄င်းတို့၏ ဘာသာစကားအခက်အခဲကြောင့် ပညာတော်သင်ကျောင်းသားရွေးချယ်ရာတွင် ဗမာ ကျောင်းသားများထက်စာလျှင် ရွေးချယ်ခံရနိုင်ချေနည်းပါးကြောင်း တွေ့ရသည်။

## ပညာရေးလက်လှမ်းမီမှု ပိုမိုတိုးတက်စေရန်အတွက် အကြံပြုချက်

ယခုအခန်းကဏ္ဍအတွက် အကြံပြုချက်ကို လေ့လာမှုပြုလုပ်ခဲ့သော မြို့နယ်(၆)မြို့နယ်ရှိ ပညာရေးနှင့် သက်ဆိုင်သော နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံမှုများပြုလုပ်ပြီး ၎င်းတို့၏ အကြံပြုချက်များအပေါ် အခြေခံတင်ပြထားခြင်းဖြစ်ပါသည်။

ပညာရေးနှင့်သက်ဆိုင်သော နယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များဟုဆိုရာတွင် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ ပညာရေးသုတေသနဌာန၊ သင်ကြားရေးနှင့်စီမံခန့်ခွဲရေးဌာန၊ ပညာရေးသုတေသနဌာနမှသုတေသီများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်ဆရာ၊ဆရာမများ၊ ကျောင်းကော်မတီဝင်များ၊ မိဘဆရာအသင်းများ၊ ဆင်းရဲသားကျောင်းသားမိဘများ၊ တိုင်းရင်းသားမျိုးနွယ်စုများနှင့် အခြားလူနည်းစုအုပ်စုများ၊ ပညာသင်ထောက်ပံကြေးရရှိသောကျောင်းသားများနှင့် ၎င်းတို့၏မိဘများ၊ ကျေးရွာ၊ ရပ်ကွက်ခေါင်းဆောင်များ ပါဝင်ပါသည်။

အောက်တွင်ဖော်ပြထားသော အခြေခံဥပဒေ၏အာမခံချက် (constitutional support) နှင့် သက်ဆိုင် သော အကြံပြုချက်များမှာ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး၏ အကြံပြုချက်များဖြစ်သည်။ လိုအပ်သော ပညာရေးလက်လှမ်းမီမှု ပိုမိုတိုးတက်စေရန်အတွက် ဥပဒေမူဘောင်အစပြုဖော်ထုတ်နိုင်ရန်အတွက် ပညာရေး ဝန်ကြီးဌာနအနေဖြင့် စတင်ခဲ့သည်။ ယခုအပိုင်းမှလွဲ၍ အခြားသောအကြံပြုချက်များမှာ DEPT အတွက်ဖြစ်သည်။

**ပညာရေးဆိုင်ရာ မူဝါဒများချမှတ်နိုင်ရန်အတွက် အကြံပြုချက်များ**

အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေပိုင်းဆိုင်ရာ အထောက်အပံ့ဖြစ်မှု (Constitutional Support) အတွက် ရေတိုလုပ်ငန်းစဉ် အကြံပြုချက်များ

- ပညာသင်ထောက်ပံ့ကြေးစရိတ် နှင့် အထွေထွေကျောင်းသုံးစရိတ်ထောက်ပံ့ခြင်း (Stipend and Grant) အစီအစဉ်များသည် တိကျသေချာသော လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များမရှိဘဲ အကောင်ထည်ဖော်ဆောင်ရွက်နေသောကြောင့် အခမဲ့ မသင်မနေရမူလတန်းပညာရေးဆိုင်ရာဥဒေကို တတ်နိုင်သမျှ စောလျင်စွာ ပြဋ္ဌာန်းရန်
- ဝေးလံခေါင်ဖျားသော တောင်ပေါ်ဒေသမှ ကလေးများ၊ အညိုရောင်နယ်မြေမှကလေးများ၊ ဗမာစကား မပြောသောတိုင်းရင်းသားကလေးများအား ကျောင်းပြင်ပ ပညာရေး(NFE)ကို အစိုးရမှ ပညာရေးဆိုင်ရာ အခွင့်အလမ်းများထောက်ပံ့နိုင်ရန်
- ပညာရေးကဏ္ဍတစ်ခုလုံးအတွက် အလုံးစုံလွှမ်းခြုံသောဥပဒေသစ်ကို ပြန်လည်သုံးသပ်ရန် (အလုံးစုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ချက် ဥပဒေမူကြမ်း)

**<u>ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှုများအတွက် မဟာဗျူဟာမြောက်အစီအစဉ်များရေးဆွဲနိုင်ရန် အကြံပြုချက်များ</u>**

- ပညာရေးဆိုင်ရာ သတင်းအချက်အလက်များ စုစည်းစီမံခန့်ခွဲသည့်စနစ် (MIS) အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန်
- ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအချင်းချင်းကြား ဆွေးနွေးလုပ်ဆောင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းလာနိုင်ရန် - ဥပမာအားဖြင့် လိုအပ်သော သတင်းအချက်အလက်များပံ့ပိုးရုံမျှမဟုတ်ဘဲ လက်တွေ့ကျကျ ကွင်းဆင်းအကောင်အထည်ဖော်သည့်အဆင့်ထိပါဝင်နိုင်စေရန်
- ပညာသင်ထောက်ပံ့ကြေးစရိတ် နှင့် အထွေထွေကျောင်းသုံးစရိတ်ထောက်ပံ့ခြင်း (Stipend and Grant) စီမံကိန်းအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သည့် ဌာနများအချင်းချင်း အလေးထား အာရုံစိုက်ဆောင်ရွက်ရာတွင် ပေါ်ပေါက်လာနိုင်သည့် အကျိုးစီးပွားရှုပ်ထွေးမှုများကို ရှောင်ရှားနိုင်ရန်
- ပညာရေးသုတေသနဌာနသို့ ပို၍လုံလောက်သော သွင်းအားစုများ၊ အရင်းအမြစ်များပံ့ပိုးပေးနိုင်ရန်နှင့် သို့မှသာလျှင် အရည်အသွေးပြန်လည်ဆန်းစစ်မှုကို အာရုံစူးစိုက်နိုင်၍ ဖြစ်နိုင်ခြေရှိသော အကောင်းဆုံး ပညာရေးအစီအစဉ်များ ဖော်ထုတ်နိုင်မည်ဖြစ်သည်။

**<u>ထပ်မံတိုးလာမည့်ကျောင်းသားများအတွက် ဘဏ္ဍာရေးအခက်အခဲဆိုင်ရာကာလတိုအကြံပြုချက်</u>**

- မူလတန်းနှင့်မူလွန်ကျောင်းများတွင် အတန်းတိုးမြှင့်သင်ပေးနိုင်ရန်

- ရှိပြီးသောကျောင်းများတွင် စာသင်ခန်းအရေအတွက် တိုးမြှင့်ဆောက်လုပ်ရန်
- ဆရာ၊ဆရာမများအရေအတွက်တိုးမြှင့်ခန့်ထားရန်

**<u>နောက်တိုးလာမည့်ကျောင်းသားများအတွက် ဘဏ္ဍာရေးအခက်အခဲဆိုင်ရာ ရေလတ်(Medium Term) အကြံပြုချက်</u>**

- အခမဲ့ပညာရေးစနစ်ကို အခြေခံပညာအလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့တွင်ပါ တိုးချဲ့ အကောင်အထည်ဖော်နိုင်ရန်
- ပံ့ပိုးကူညီမှုများသည် ဆင်းရဲသူ၊ ထိခိုက်လွယ်အုပ်စု၊ တိုင်းရင်းသားလူမျိုးစုနှင့် အခြားလူနည်းစုအုပ်စုများ သို့ ပိုမိုဦးတည်ဆောင်ရွက်ရန်

**<u>ဝေးလံခေါင်ဖျားသောဒေသရှိကျောင်းသားများအတွက် ပညာရေးလက်လှမ်းမီမှု ပိုမိုရရှိစေရန် ရေတို စီမံကိန်းအကြံပြုချက်</u>**

- ရှိပြီးသော မူလတန်းကျောင်းနှင့်မူလွန်ကျောင်းများတွင် အတန်းများတိုးမြှင့်သင်ကြားနိုင်ရန်
- ရှိပြီးသော ကျောင်းများတွင် စာသင်ခန်းအရေအတွက်နှင့် ဆရာ၊ဆရာမများအရေအတွက်တိုးမြှင့်ရန်

**<u>ဝေးလံခေါင်ဖျားသောဒေသရှိကျောင်းသားများအတွက် ပညာရေးလက်လှမ်းမီမှု ပိုမိုရရှိစေရန် ရေလတ် စီမံကိန်း ( Medium Term) အကြံပြုချက်</u>**

- ဝေးလံခေါင်ဖျားသောဒေသများတွင်ဆရာ၊ဆရာမများ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် လုံလောက်သော(မက်လောက်သော) ထပ်လောင်းစရိတ်များထောက်ပံ့ရန်
- ဝေးလံခေါင်ဖျားသောဒေသများတွင် တိုးမြှင့်လစာခံစားနိုင်ရန်အတွက် " ဝေးလံခေါင်ဖျား " ဒေသများကို ပိုမိုကျယ်ပြန့်စွာသတ်မှတ်ရန်
- ဝေးလံခေါင်ဖျားဒေသရှိဆရာ၊ဆရာမများအတွက်တိုးမြှင့်လစာအပြင် နေရာနှင့်အစားအသောက်စီစဉ်ပေးနိုင်ရန်
- အဝေးမှလာသော အလယ်တန်းနှင့်အထက်တန်းကျောင်းသားများအတွက် ကျောင်းအဆောင်စီစဉ်ပေးရန်

**<u>ဘာသာစကားအခက်အခဲအတွက် ရေတိုစီမံကိန်းအကြံပြုချက်</u>**

- ဘာသာစကားတူ၊လူမျိုးတူ ဆရာ၊ဆရာမများကို ဒေသတွင်းပြန်လည်ခန့်ထားရန်
- ဒေသခံဆရာ၊ဆရာမများကို အရည်အချင်းမြှင့်သင်တန်းများပေးရန်နှင့် အရေအတွက်ပိုမိုခန့်ထားရန်
- ပညာသင်ဆုလျှောက်ထားရာတွင်မြန်မာစကားမပြောတတ်သော တိုင်းရင်းသားကျောင်းသားများအတွက် အရည်အချင်းစစ်စာမေးပွဲသတ်မှတ်ချက်များလျော့ပေါ့သတ်မှတ်ပေးရန်

**ဘာသာစကားအခတ်အခဲအတွက် ရေလတ်စီမံကိန်းအကြံပြုချက်**

- တိုင်းရင်းသားလူမျိုးစုများနေထိုင်သောဒေသတွင်တာဝန်ထမ်းဆောင်သူ ဆရာ၊ဆရာမများအားဒေသသုံးစကားပါ သင်ယူတတ်မြောက်စေပြီး ဘာသာစကား(၂)မျိုး ပြောနိုင်သူအဖြစ်လေ့ကျင့်ပေးရန်

**စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်သည့်စနစ် (Permformance Evaluation System) ပိုမိုကောင်းမွန်စေရန် ရေတိုစီမံကိန်း အကြံပြုချက်**

- လက်ရှိသူငယ်တန်းမှ ဆဋ္ဌမတန်းအထိ စာမေးပွဲဖြေဆို၊ စစ်ဆေးသည့်ပုံစံစနစ်အားတိုးတက်ပြောင်းလဲရန်

**စွမ်းဆောင်ရည် အကဲဖြတ်သုံးသပ်သည့်စနစ် (Permformance Evaluation System) ပိုမိုကောင်းမွန်စေရန် ရေလတ်စီမံကိန်း အကြံပြုချက်**

- ကျောင်းပညာရေးကဏ္ဍတစ်ခုလုံးတွင် စာမေးပွဲဖြေဆိုစစ်ဆေးသည့်ပုံစံတစ်ခုလုံးအား ပြန်လည်ပြုပြင်ရန်။ သို့မှသာလျှင် ကျောင်းသားများကို ၎င်းတို့လေ့လာသင်ကြားခဲ့ရသော ဘာသာရပ်များ၊ ဗဟုသုတများ အပေါ်အခြေခံ၍ ၎င်းတို့၏စွမ်းဆောင်ရည်ဖြင့် အတန်းတက်စေနိုင်ရန်
- ကျောင်းသားများသင်ကြားခဲ့သော ဘာသာရပ်ဆိုင်ရာဗဟုသုတများကို တိုင်းတာရန်အတွက် စဉ်ဆက်မပြတ်လေ့လာမှုများကိုလည်းပြုလုပ်နိုင်ရန်

## အပိုင်း ၇: စတိုင်ပင်ခွဲဝေဖြန့်ဖြူးရာတွင် တွေ့ရှိရသောအဓိကတွေ့ရှိချက်များ

ဤလေ့လာမှုသည် စတိုင်ပင်ကို မည်ကဲ့သို့ခွဲဝေဖြန့်ဖြူး အကောင်အထည်ဖော်သည်ကို လက်တွေ့သိရှိရန် လေ့လာခဲ့ခြင်းဖြစ်သည်။ ၎င်းအတွက်လေ့လာရေးသုတေသနအဖွဲ့သည် ဌာနအချင်းချင်းမည်ကဲ့သို့ ချိတ်ဆက်ဆောင်ရွက်ပုံ၊ စတိုင်ပင် အတွက်ပညာရေးဝန်ကြီးဌာနမှ အကျိုးခံစားခွင့်ရှိသူ ကျောင်းသားထံသို့ မည်သို့စီးဆင်းပုံ (ပေးအပ်ပုံ၊ စောင့်ကြည့်အကဲဖြတ်ပုံ၊ အဆင့်ဆင့်သတင်းပို့ပုံ၊ မကျေလည်မှုနှင့် မကျေနပ်ချက်များအတွက် စီစဉ်ထားရှိပုံ၊ လူထုပါဝင်မှု) တို့ပါဝင်သည်။ လေ့လာမှုများအရ အထက်ဖော်ပြပါ အဆင့်အားလုံး အကောင်အထည်ဖော်ရာတွင် ယခုထက်ပို၍ တိုးတက်ရန်လိုအပ်ကြောင်း တွေ့ရသည်။ တစ်နည်းအားဖြင့် ဆိုသော်စနစ်ရှိသော အခြေခံအုတ်မြစ်တစ်ခု ဖန်တီးတည်ဆောက်ရန်လိုအပ်သည်။ အဓိကအရေးအကြီးဆုံးမှာ စီမံချက်ကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပါဝင်သင့်သူများအားလုံး ပါဝင်ရန် လိုအပ်နေခြင်းဖြစ်သည်။

**၁.ဖွဲ့စည်းဆောင်ရွက်ပုံအဆင့်ဆင့်**

*လေ့လာခဲ့သော ပြည်နယ်နှင့်တိုင်း (၆) ခုတွင် ဖွဲ့စည်းဆောင်ရွက်သည့် ပုံစံအမျိုးမျိုးကွဲပြားကြောင်း တွေ့ရသည်.....*

ဇယား ၁၄ တွင် ဖော်ပြထားသည့်သတင်းအချက်အလက်များသည် စတိုင်ပင်အစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ ဌာနများအချင်းချင်း မည်သို့ ချိတ်ဆက်ဆောင်ရွက်သည်ကို မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးမှုများအရသိရသော သတင်းအချက်အလက်များကို အကျဉ်းချုပ် ဖော်ပြထားခြင်းဖြစ်သည်။

မြို့နယ်ပညာရေးမှူးများနှင့်ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းမှုများအရ အကောင်ထည်ဖော်ဆောင်ရွက်မှုပုံစံများသည် တစ်နေရာနှင့်တစ်နေရာမတူကြောင်း တွေ့ရသည်။ ပညာရေးဝန်ကြီးဌာနမှ လုပ်သက်ရင့်သော ဝန်ထမ်း၏အဆိုအရအမှန်တကယ်တွင် မြို့နယ်ပညာရေးမှူးများသည် ပညာသင်ထောက်ပံ့ကြေး အကောင်အထည်ဖော်မှုအစီအစဉ်တွင် မည်သို့အကောင်အထည်ဖော်ပုံ၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအဆင့်ဆင့်မှ မည်သို့တာဝန်ရှိပုံတို့ကို ရှင်းလင်းစွာမသိခြင်းဖြစ်သည်။ မြို့နယ်ပညာရေးမှူးများသည် စတိုင်ပင်စီမံကိန်းတွင် ၎င်းတို့၏ အခန်းကဏ္ဍကိုသာ သိရှိပြီး အခြားဖွဲ့စည်းလုပ်ဆောင်ပုံအဆင့်ဆင့်ကို ကောင်းစွာသဘောပေါက်နားလည်မှုမရှိခြင်း ဖြစ်သည်။

**ဇယား (၁၄)။ လေ့လာခဲ့သော ပြည်နယ်နှင့် တိုင်း (၆) ခုရှိ စတိုင်ပင်အစီအစဉ်နှင့် ပတ်သက်၍ မတူညီသော ဖွဲ့စည်းဆောင်ရွက်မှုပုံစံများ**

| | ဖွဲ့စည်းဆောင်ရွက်ပုံ |
|---|---|
| ၁။ | **အခြေခံပညာ အမှတ်(၂) ဦးစီးဌာန မှ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးရုံး မှ မြို့နယ်ပညာရေးရုံး မှ ကျောင်းအုပ်ကြီးများသို့** |
| ၂။ | **အခြေခံပညာ အမှတ်(၂) ဦးစီးဌာန မှ ခရိုင်ပညာရေးရုံး မှ မြို့နယ်ပညာရေးရုံး မှ ကျောင်းအုပ်ကြီးများသို့** |
| ၃။ | **ခရိုင်ပညာရေးရုံး မှ မြို့နယ်ပညာရေးရုံး မှ အုပ်စုမှူးများမှ ကျောင်းအုပ်ကြီးများသို့** |
| ၄။ | **ပညာရေးလေ့ကျင့်ရေးနှင့် စီမံကိန်းဦးစီးဌာန မှ ပြည်နယ်ပညာရေးရုံး မှ မြို့နယ်ပညာရေးရုံး မှ ကျောင်းအုပ်ကြီးများသို့** |
| ၅။ | **ပညာရေးလေ့ကျင့်ရေးနှင့် စီမံကိန်းဦးစီးဌာန မှပြည်နယ်/ တိုင်းဒေသကြီး ပညာရေးရုံး မှ မြို့နယ်ပညာရေးရုံး မှ အုပ်စုမှူးများမှ ကျောင်းအုပ်ကြီးများသို့** |

| | |
|---|---|
| ၆။ | **ပညာရေးလေ့ကျင့်ရေးနှင့် စီမံကိန်းဦးစီးဌာန မှပြည်နယ်/ တိုင်းဒေသကြီး ပညာရေးရုံး မှ မြို့နယ်ပညာရေးရုံး မှ ကျောင်းအုပ်ကြီးများသို့** |

သတင်းအရင်းအမြစ် : လေ့လာခဲ့သော (၆) မြို့နယ်ရှိ ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးမှုများ

## ၂. ပညာသင်ထောက်ပံ့ငွေကြေးစီးဆင်းပုံ

*ပညာသင်ထောက်ပံ့ငွေကြေးစီးဆင်းပုံသည်လည်း တစ်နေရာနှင့်တစ်နေရာကွာခြားကြောင်း တွေ့ရသည်......*

မြို့နယ်ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးမှုများအရ ပညာသင်ထောက်ပံ့ငွေကြေးစီးဆင်းပုံသည် တစ်နရာနှင့်တစ်နေရာ ကွာခြားကြောင်းတွေ့ရသည်။ မြို့နယ်ပညာရေးမှူးများ၏ ပြောကြားချက်အရ ပညာသင်ထောက်ပံ့ကြေးငွေကို ပြန်လည်ချထားရာတွင် မည်သည့်ဌာနမှ အဓိကတာဝန်ရှိကြောင်း ရှင်းရှင်းလင်းလင်း မသိရှိကြောင်း ပြောကြားသည်။

**ပညာသင်ထောက်ပံ့ကြေးငွေအားပေးအပ်သည့်ပုံစံ**

ပညာသင်ထောက်ပံ့ကြေးငွေအား လွှဲပြောင်းပေးအပ်သည့်ပုံစံသည်လည်း အမျိုးမျိုးကွဲပြားကြောင်း တွေ့ဆုံလေ့လာမှုများအရသိရသည်။ ပြည်နယ်၊တိုင်းအဆင့် ပညာရေးရုံးမှ (၁၀) လစာ စတိုင်ပင်ငွေကို မြို့နယ်ပညာရေးမှူးရုံး၏ ဘဏ်ငွေစာရင်းသို့လည်းကောင်း၊ သို့မဟုတ် မြို့နယ်ပညာရေးမှူးကိုယ်တိုင် သက်ဆိုင်ရာခရိုင် (သို့) ပြည်နယ်ပညာရေးရုံးများတွင် ငွေသားထုတ်ယူရသည်။

လေ့လာခဲ့သော (၆) မြို့နယ်တွင် မြို့နယ်ပညာရေးမှူးများသည် စတိုင်ပင်အတွက်ငွေကို ဘဏ်တွင်စာရင်းရှင်အပ်ငွေ (Current AC) ဖွင့်၍ သီးသန့်အပ်ထားကြောင်း သိရသည်။ စာရင်းရှင်အပ်ငွေနှင့် ပတ်သတ်၍ ဘဏ်စာရင်းအတွက် တာဝန်ခံအပ်နှံသူများမှာလည်း တစ်မြို့နယ်နှင့်တစ်မြို့နယ် မတူပေ။ တွဲဖက်ငွေစာရင်း (Joint Account) တွင် ပါဝင်ကြသူများမှာ မြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ် ပညာရေးမှူးနှင့်အထက်တန်းကျောင်းအုပ်တို့ပါဝင်သည်။ မြို့နယ်တစ်မြို့နယ်တွင်မူ မြို့နယ်ပညာရေးမှူး တစ်ဦး တည်းအမည်ဖြင့် စာရင်းရှင်ဖွင့်ထားကြောင်း တွေ့ရသည်။

အခြားတစ်မြို့နယ်တွင် စတိုင်ပင် အတွက် သီးသန့် ငွေစာရင်းဖွင့်ထားခြင်းမရှိဘဲ ပြည်နယ်ပညာရေးရုံးမှ လွှဲလိုက်သောငွေများသည် စတိုင်ပင် ငွေ၊ အထွေထွေကျောင်းသုံးစရိတ်ထောက်ပံ့ငွေ၊ ဆရာ၊ဆရာမများလစာ စသည်တို့အား ငွေစာရင်းတစ်ခုတည်း ဖွင့်၍သုံးကြောင်းသိရသည်။ အခြားမြို့နယ်တစ်ခုတွင်မူ ဘဏ်တွင် ငွေစရင်းမရှိဘဲ မြို့နယ်ပညာရေးမှူးသည် ခရိုင်ပညာရေးရုံးမှ (၂) လတစ်ကြိမ် တိုက်ရိုက်ငွေထုတ်ယူကြောင်း တွေ့ရသည်။ မြို့နယ်များအကြား စတိုင်ပင်ငွေကိုမည်သို့လွှဲပြောင်းပုံ၊ မည်သို့ထိမ်းသိမ်းပုံ၊ ဘယ်နှလတစ်ကြိမ် ထုတ်ပေးပုံတို့ကို အောက်ပါဇယား (၁၅) အတိုင်း တွေ့ရှိနိုင်သည်။

**ဇယား(၁၅) ။ စတိုင်ပင်ငွေလွှဲပြောင်းမှုပုံစံနှင့် ဘဏ်စာရင်းဖွင့်လှစ်ထားရှိမှုပုံစံ**

| ငွေလွှဲပြောင်းမှုပုံစံ | တွေ့ရှိရသောမြို့နယ် |
|---|---|
| တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်ပညာရေးမှူးရုံး ----> မြို့နယ်ပညာရေးမှူးရုံးသို့ ဘဏ်မှတဆင့် တိုက်ရိုက်ငွေလွှဲခြင်း | ၃ |
| တိုင်းဒေသကြီးပညာရေးမှူးရုံး---->မြို့နယ်ပညာရေးမှူးရုံးသို့ ငွေသားဖြင့်ထုတ်ပေးခြင်း | ၁ |
| အခြေခံပညာဦးစီး(၃) ----> မြို့နယ်ပညာရေးမှူးရုံးသို့ ငွေသားဖြင့် ထုတ်ပေးခြင်း | ၁ |
| အခြေခံပညာဦးစီး(၂) ---->ခရိုင်ပညာရေးမှူးရုံးသို့ ဘဏ်မှတဆင့်ငွေလွှဲပြီး မြို့နယ်ပညာရေးမှူးက ခရိုင်ရုံးမှ (၂)လတစ်ကြိမ် ငွေသားဖြင့် သွားရောက်ထုတ်ယူရခြင်း | ၁ |
| **စတိုင်ပင်အတွက် ဘဏ်စာရင်းဖွင့်လှစ်ထားရှိမှု ကွဲပြားပုံ** | |
| မြို့နယ်ပညာရေးမှူးရုံးမှ စတိုင်ပင်အတွက် သီးသန့်ငွေစာရင်းဖွင့်လှစ်ရာတွင် မြို့နယ်ပညာရေးမှူးရုံးအပြင်၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ အထက်တန်းကျောင်းအုပ် စသည်တို့ကိုပါ ထည့်သွင်းဖွင့်လှစ်သော မြို့နယ် | ၃ |
| မြို့နယ်ပညာရေးမှူးတစ်ဦးတည်းနာမည်ဖြင့်သာ ငွေစာရင်းဖွင့်လှစ်ထားရှိသောမြို့နယ် | ၁ |

သတင်းအရင်းအမြစ် : လေ့လာခဲ့သော (၆) မြို့နယ်ရှိ ပညာရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးမှုများ

## ပညာသင်ထောက်ပံ့ကြေးငွေအား အကျိုးခံစားခွင့်ရှိသူ ကျောင်းသားထံသို့ ပံ့ပိုးမှုကြိမ်နှုန်း

စတိုင်ပင်ငွေကို ပြန်လည်ချထားပေးမှုနှင့် ပတ်သက်၍ တွေ့ရှိရသည်မှာ အထက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း အထက်အဆင့်ရုံးများမှ (၁၀) လစာ ရောက်ရှိလာသော လွှဲပြောင်းငွေအား ကျောင်းသားများထံသို့ လစဉ် ပေးအပ်သည့်ပုံစံကို မြို့နယ် (၃) မြို့နယ်တွင် တွေ့ရှိရသည်။ သို့သော် အလွန်ဝေးသောတစ်မြို့နယ်တွင် မြို့နယ်ပညာရေးမှူးသည် စတိုင်ပင်ငွေကို (၂) လတစ်ကြိမ်သာ ခရိုင်ရုံးမှထုတ်ယူနိုင်သည့်အတွက် အကျိုးခံစားခွင့်ရရှိသူ ကျောင်းသားသို့ ပြန်လည်ပေးအပ်ရာတွင်လည်း (၂) လတစ်ကြိမ်သာပေးနိုင်သည်။ မြို့နယ်(၂)မြို့နယ်တွင်မူ စတိုင်ပင် (၁၀) လစာငွေကို အခြားဘတ်ဂျက်များနည်းတူ တစ်လတစ်ကြိမ် ထုတ်ယူရရှိကြောင်းသိရသည်။ အခြားမြို့နယ် (၂) မြို့နယ်တွင်မူ စတိုင်ပင်ငွေကို (၂) လတစ်ကြိမ် (၃)လတစ်ကြိမ်ပံ့ပိုးကြောင်း သိရသည်။ ၎င်းအခြေအနေမှာ ဒေသဝေးကွာလွန်းခြင်းကြောင့်သော်လည်းကောင်း၊ ကျောင်းအုပ်များနှင့် အုပ်စုမှူးများ အခြားအလုပ်များနှင့် အလုပ်များနေ၍သော်လည်းကောင်း ဖြစ်သည်ဟု သိရသည်။ အောက်ဖော်ပြပါဇယားသည် အကျိုးခံစားခွင့်ရှိသူကျောင်းသားထံသို့ ဘယ်နှစ်လတစ်ကြိမ်ပြန်လည်ထုတ်ပေးသည်ကို ဖော်ပြထားသည်။

ဇယား ၁၆ ပညာသင်ထောက်ပံ့ကြေးငွေအား အကျိုးခံစားခွင့်ရှိသူ ကျောင်းသားထံသို့ ပံ့ပိုးမှုကြိမ်နှုန်း

| စဉ် | ပညာသင်ထောက်ပံ့ကြေးငွေအား အကျိုးခံစားခွင့်ရှိသူ ကျောင်းသားထံသို့ ပံ့ပိုးမှုကြိမ်နှုန်း | မြို့နယ်အရေအတွက် |
|---|---|---|
| ၁ | ပညာသင်ထောက်ပံ့ကြေးငွေ (၁၀)လစာအား မြို့နယ်ရုံးသို့ လွှဲပြောင်းပေးပြီးနောက် အကျိုးခံစားခွင့်ရှိသူကျောင်းသားထံသို့ လစဉ်ပြန်ပေးသည့်ပုံစံ | ၃ |
| ၂ | ခရိုင်ပညာရေးရုံးမှ မြို့နယ်ပညာရေးရုံးသို့ (၂)လတစ်ကြိမ် ပြန်ပေးသည့်ပုံစံ | ၁ |
| ၃ | မြို့နယ်ပညာရေးမှူးရုံးမှ (၁၀)လစာ စတိုင်ပင်ငွေအား ရရှိပြီးသော်လည်း အကျိုးခံစားခွင့်ရှိသူ ကျောင်းသားထံသို့ လစဉ် ပုံမှန်မဟုတ်ဘဲ (၂)လတစ်ကြိမ် (၃) လတစ်ကြိမ်သာ ပြန်ပေးသည့်ပုံစံ (အကြောင်းရင်းမှာလည်း အကျိုးခံစားခွင့်ရှိသူ ကျောင်းသားသည် ဝေးလံသည့်နေရပ်တွင်နေ၍လည်းကောင်း၊ အုပ်စုမှူး သို့မဟုတ် ကျောင်းအုပ်များ အခြားအလုပ်နှင့် အလုပ်များနေ၍လည်းကောင်း ဖြစ်သည်။ | ၂ |

သတင်းအရင်းအမြစ် : လေ့လာခဲ့သော(၆)မြို့နယ် ပညာရေးရုံးများနှင့် ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးမှုများ

**စတိုင်ပင်ကို ပြန်လည်ပေးဝေသည့်ပုံစံ**

မြို့နယ်တစ်မြို့နယ်မှလွဲ၍ စတိုင်ပင်ကို ပြန်လည်ပေးဝေသည့်ပုံစံမှာ အတူတူပင်ဖြစ်ရသည်။ မြို့နယ်(၅)မြို့နယ်တွင် စတိုင်ပင်ကိုပေးဝေရာတွင် ကျောင်းအုပ်ဆရာကြီးမှတစ်ဆင့် အကျိုးခံစားခွင့်ရှိသူ ကျောင်းသား၏အတန်းပိုင်ဆရာ၊ ၎င်းမှတစ်ဆင့်အကျိုးခံစားခွင့်ရှိသူ ကျောင်းသားသို့ ၎င်းကျောင်းသား၏အုပ်ထိန်းသူ (မူလတန်းအဆင့်)သို့ ၎င်းပေးဝေသည့် တစ်မြို့နယ်တွင်မူ အကျိုးခံစားခွင့်ရှိသူ ကျောင်းသားနှင့်၎င်း၏အတန်းပိုင်ဆရာတို့သည် မြို့နယ်ပညာရေးရုံးသို့ အတူတကွသွားရောက်ထုတ်ယူကြောင်း သိရသည်။

## ၃. ဦးစာပေးသတ်မှတ်ခြင်းနှင့် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ခြင်း

*ကျောင်းများအနေဖြင့် ဦးစားပေးသတ်မှတ်ထားခြင်းမရှိ .... ကျောင်းသားများအတွက်သာ ဦးတည်သတ်မှတ်ထားခြင်း.......*

စတိုင်ပင်မှာ ကျောင်းများအနေဖြင့် ဦးစားပေးသတ်မှတ်ထားခြင်းမရှိသော်လည်း မြို့နယ်တစ်ခုစီတွင်ရှိသော စုစုပေါင်းကျောင်းသားအရေအတွက်ပေါ်တွင် မူတည်သတ်မှတ်ခြင်းရှိသည်။ မြို့နယ်တစ်ခုတွင်ရှိသော စတိုင်ပင်ကော်မတီမှ ဝေးလံသီခေါင်သော ကျောင်းများအား ဦးစားပေးသည်ဟု ဖော်ပြခဲ့သည်။ သို့သော်လည်း သုတေသန လေ့လာတွေ့ရှိချက်အရ ဆိပ်ကြီးခနောင်တိုမြို့နယ်မှအပ မြို့နယ် ၆ မြို့နယ်အနက်မှ ၅ မြို့နယ်အတွင်းရှိ ၆% မှ ၆၅% အတွင်းရှိ ကျောင်းများတွင် စတိုင်ပင် အကျိုးခံစားခွင့်ရှိသူများ ရှိနေသည်ကို တွေ့ရှိရသည်။

ဇယား ၁၇ ၂၀၁၃-၂၀၁၄ စာသင်နှစ်အတွင်း စတိုင်ပင်ကော်မတီမှ ထောက်ပံ့နိုင်ခဲ့သော ကျောင်းအရေအတွက်၊ စတိုင်ပင်ရရှိသော ကျောင်းသားများရှိသော ကျောင်းအရေအတွက်၊ စတိုင်ပင်ကော်မတီမှ ကာမိခဲ့သော ကျောင်းများရာခိုင်နှုန်း

| စဉ် | မြို့နယ် | စုစုပေါင်းကျောင်း အရေအတွက် | စတိုင်ပင်ရကျောင်းသားရှိသော ကျောင်းအရေအတွက် | စတိုင်ပင်ရ ကျောင်းများ % |
|---|---|---|---|---|
| ၁ | ဆိပ်ကြီး | ၁၇ | ၁၇ | ၁၀၀% |
| ၂ | မဟာအောင်မြေ (မန္တလေး) | ၃၈ | ၁၁ | ၂၉% |
| ၃ | မုဒုံ (မွန်) | ၁၀၂ | ၁၇ | ၁၇% |
| ၄ | ဇမ္ဗူသီရိ (နေပြည်တော်) | ၂၀ | ၁၃ | ၆၅% |
| ၅ | ရေတာရှည် (ပဲခူး) | ၂၃၂ | ၂၃ | ၁၀% |
| ၆ | ကလော (ရှမ်း) | ၁၉၂ | ၁၂ | ၆% |

သတင်းအရင်းအမြစ် : လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများ

ပညာရေးဝန်ကြီးဌာနမှာ၏ ရည်ရွယ်ရင်းမှာ မြို့နယ်တစ်ခုစီအတွင်းမှ စုစုပေါင်းကျောင်းသား အရေအတွက်ပေါ်မူတည်ပြီး တစ်မြို့နယ်စီတွင် စုစုပေါင်းကျောင်းသားမည်မျှ စတိုင်ပင်ပေးမည်သူ၍ ဖြစ်သည်။ သို့သော် မြို့နယ်ပညာရေးရုံးများမှာ မည်သို့ဦးစားပေးရွေးချယ်သည်ကို ကောင်းစွာ နားလည်သဘောမပေါက်ဘဲ ကျောင်းတစ်ကျောင်းတွင် ကျောင်းသားမည်မျှ စတိုင်ပင်ပေးရမည်ကိုသာ ညွှန်ကြားခံခဲ့ရသည်။

ဇယား ၁၈ မြို့နယ်အလိုက် စတိုင်ပင်ရရှိသူ အရေအတွက်

| စဉ် | မြို့နယ် | လက်ခံရရှိသည့် ကျောင်းသားအရေအတွက် | စုစုပေါင်းကျောင်းသား အရေအတွက် |
|---|---|---|---|
| ၁ | မုဒုံ (မွန်) | ၃၃ | ၃၀,၆၁၂ |
| ၂ | ရေတာရှည် (ပဲခူး) | ၄၄ | ၃၈,၃၀၂ |
| ၃ | မဟာအောင်မြေ (မန္တလေး) | ၂၂ | ၂၀,၆၉၁ |
| ၄ | ဆိပ်ကြီးခနောင်တို (ရန်ကုန်) | ၂၂ | ၆,၉၂၇ |
| ၅ | ကလော (ရှမ်း) | ၃၃ | ၂၉,၈၃၃ |
| ၆ | ဇမ္ဗူသီရိ (နေပြည်တော်) | ၂၂ | ၁၅,၀၀၀ |

သတင်းအရင်းအမြစ် : - လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများ

***စတိုင်ပင်ခံစားခွင့်ရှိသူရွေးချယ်ခြင်း စံနှုန်းများမှာ တစ်မြို့နယ်နှင့်တစ်မြို့နယ် ကွဲပြားနေခြင်း .......***

စတိုင်ပင်ခံစားခွင့်ရှိသူရွေးချယ်သည့် စံနှုန်းများ အမျိုးမျိုး ကွဲပြားနေသော်လည်း မိဘမဲ့ကလေးများအား ပထမဦးစားပေးများအဖြစ် စဉ်းစားခြင်းကို လေ့လာခဲ့သည့် ၅ မြို့နယ်တွင် တွေ့ရှိရသည်။ ရွေးချယ်ထားသော ကျောင်းသားများ၏ စံသတ်မှတ်ချက်များမှာ အချို့မြို့နယ်များတွင် ကွဲပြားလျက်ရှိပြီး စံနှုန်းသတ်မှတ်မှုတွင် ကျား၊ မ ဆိုင်ရာ ဦးစားပေးစဉ်းစားမှု ပါရှိသည်။ အသေးစိတ် စံနှုန်းသတ်မှတ်မှုများအား အောက်ပါဇယားတွင် လေ့လာတွေ့ရှိနိုင်သည်။

ဇယား ၁၉ စတိုင်ပင်ကျောင်းသားရွေးချယ်မှု သတ်မှတ်စံနှုန်းများ

| ဦးစားပေး အဆင့်များ | ရွေးချယ်မှု စံနှုန်းများ (*) | (*) အားထည့်စဉ်းစားသော မြို့နယ်အရေအတွက် |
|---|---|---|
| ၁ | အမိအဘမရှိသောကလေးများ | ၁ |
| ၂ | အုပ်ထိန်းသူ ပုံမှန်ဝင်ငွေမရှိခြင်း | |
| ၃ | နေထိုင်မှုဆင်းရဲခြင်း | |
| ၄ | အဘိုးအဘွားများနှင့် နေထိုင်သော ကလေးများ | |
| ၁ | အင်္ဂလိပ်စာနှင့် သင်္ချာအမှတ် ၆၀% အထက်ရသူများ | ၁ |
| ၂ | ဆင်းရဲချို့တဲ့သူများ | |
| ၃ | မိခင်ဖခင်မရှိသော ကျောင်းသားများ | |

| | | |
|---|---|---|
| ၁ | မိခင်ဖခင်မရှိသော ကျောင်းသားများ | ၁ |
| ၂ | အလွန်ဆင်းရဲနွမ်းပါးသူများ | |
| ၁ | မိခင်ဖခင်မရှိသော ကျောင်းသားများ | ၁ |
| ၂ | ဖခင်မရှိသော ကျောင်းသားများ | |
| ၃ | မိခင်မရှိသော ကျောင်းသားများ | |
| ၄ | မှီခိုသူများသော ဆင်းရဲမိသားစုရှိ ကျောင်းသားများ | |
| ၅ | စာတော်ပြီး ကျောင်းတတ်မှန်သော ဆင်းရဲနွမ်းပါး ကျောင်းသားများ | |
| ၁ | မိခင်ဖခင်မရှိသော ကျောင်းသားများ | ၁ |
| ၂ | ဆင်းရဲနွမ်းပါးသော ကျောင်းသားများ | |
| ၃ | မိစုံဖစုံမရှိသော ကျောင်းသားများ | |
| ၄ | မှီခိုသူများသော ဆင်းရဲမိသားစုရှိ ကျောင်းသားများ | |
| ၅ | မိခင်ဖခင်နှင့် ထောက်ပံ့အုပ်ထိန်းသူမရှိသော ကျောင်းသားများ | |
| ၆ | တစ်နှစ်တစ်တန်းပုံမှန်အောင်သော ကျောင်းသားများ[2] | |
| ၁ | ဖခင်မရှိသော ကျောင်းသားများ | ၁ |
| ၂ | မိစုံဖစုံမရှိသော ကျောင်းသားများ | |
| ၃ | စာကြိုးစားသော ကျောင်းသားများ | |

*သတင်းအရင်းအမြစ် :* - လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများနှင့် ကျောင်းများ

ဇယား ၂၀ အတန်းတစ်တန်းတွင်ရှိ စတိုင်ပင်အတွက် ရွေးချယ်ကျောင်းသားနှင့် ကျား/မ အရေအတွက်

| စဉ် | စတိုင်ပင်အတွက် ရွေးချယ် ကျောင်းသားအရေအတွက် (*) | (*) အတိုင်းရွေးချယ်သည့် မြို့နယ်ပေါင်း |
|---|---|---|
| ၁ | အတန်းတစ်တန်းတွင် ကျား၊မ နှစ်ဦးစီ | ၁ |
| ၂ | အတန်းတစ်တန်းတွင် ကျား၊မ တစ်ဦးစီ | ၃ |
| ၃ | အတန်းတစ်တန်း ၃ ဦး | ၁ |

[2] ကျောင်းအုပ်များနှင့် ဆရာများမှာ စတိုင်ပင်ရသောကျောင်းသား စာမေးပွဲကျပါက နောက်တစ်ယောက်အစားထိုးရန် ခဲယဉ်းခြင်းကြောင့် တစ်နှစ်တစ်တန်း ပုံမှန်အောင်သော ထူးချွန်ကျောင်းသားများကိုသာ ရွေးချယ်ခြင်းဖြစ်သည်ဟုဆိုသည်။

| | | |
|---|---|---|
| | (ကျား၊မကန့်သတ်ချက်မရှိ) | |
| ၄ | ကျား၊မ (သို့) အရေအတွက်<br>ကန့်သတ်ချက်မရှိ | ၁ |

*သတင်းအရင်းအမြစ် : - လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများ*

*ရွေးချယ်စံနှုန်းများသည် အမှန်တကယ် ရထိုက်သောကျောင်းသားများအား ရွေးချယ်ရာတွင် အဟန့်အတားဖြစ်စေခြင်း .......*

အထက်ဖော်ပြပါ စံသတ်မှတ်ချက်များသည် အမှန်တကယ် ရထိုက်သော ကျောင်းသားအား ရွေးချယ်ရာတွင် အဟန့်အတားဖြစ်စေသည်ဟု မြို့နယ်ပညာရေးရုံးများနှင့် ကျောင်းအုပ်များမှ ဆိုသည်။ ထိုသို့ရွေးချယ်ခြင်းများအရ မိဘမဲ့ကလေးများသည် ပထမဦးစားပေးဖြစ်နေသော်လည်း သူတို့သည် မဖြစ်မနေ ရထိုက်သော ကျောင်းသားများ မဟုတ်ကြပေ။ အောက်တွင်ဖော်ပြထားသော ကိုးကားချက်တွင် စံသတ်မှတ်ချက်များသည် အလိုအပ်ဆုံးနှင့် အထိုက်တန်ဆုံး ကျောင်းသားအား ရွေးချယ်ရာတွင် မည်သို့ အဟန့်အတားဖြစ်စေသည်ကို တွေ့နိုင်သည်။

**သာဓက   သတ်မှတ်စံနှုန်းများ အမှန်တကယ်လိုအပ်သော ကျောင်းသားအား ရွေးချယ်ရာတွင် အကန့်အသတ်များ ရှိနေပုံ**

သာဓက (၁)

*အမှန်တကယ်နွမ်းပါးတဲ့ကလေးတွေအများကြီးပါပဲ ဒါပေမယ့် မိဘမဲ့မဟုတ်ကြလို့ အကျုံးမဝင်ကြဘူး။*

*(ကျောင်းအုပ်)*

ကျောင်းအုပ်ဆရာမတစ်ယောက်မှ ၂၀၁၂-၂၀၁၃ ခုနှစ်များတွင် အမှန်တကယ်ထိုက်တန်သော လိုအပ်ချက်အရှိဆုံး ကျောင်းသားကို ရွေးချယ်ရာတွင် သူမကျောင်းမှ တစ်ဦးမှ မရရှိခဲ့ဟုဆိုသည်။ အကျိုးဆက်အနေနှင့် ၂၀၁၃-၂၀၁၄ ခုနှစ်များတွင် မိဘမဲ့ကလေးများအား ဦးစားပေး ထားလိုက်သောအခါ ကျောင်းသားအချို့ရရှိခဲ့သည်။ သို့သော်လည်း ရရှိသော မိဘမဲ့ကျောင်းသားများကဲ့သို့ နွမ်းပါးသော တခြားမိဘရှိကလေးများလည်း ရှိသည်ဟု ဆိုသည်။

သာဓက (၂)

*အတန်းထဲမှာ သမီးထက် နွမ်းပါးတဲ့ ညီအစ်ကိုနှစ်ယောက်ရှိတယ်။ သူတို့အဖေက စစ်တပ်က ရဲဘော်လေ။ သူတို့ နေ့လည်စာ ခဏခဏ မစားရတတ်ဘူး။ ဒီကျောင်းမှာတော့ သူတို့အဆင်းရဲဆုံးပဲ။ သူတို့ကို သမီးလိုပဲ ပညာသင်ဆုရစေချင်တယ်။*

*( စတိုင်ပင်ဆုရ ကျောင်းသူ)*

(ထိုစတိုင်ပင်ဆုရ ကျောင်းသူ မိဘမဲ့ကလေးမလေးမှ သူမ အဘွားမှာ သူမအား နေ့စဉ် မနက်စာ ကျွေးသည်ဟုဆိုသည်။ နွမ်းပါးသော ညီအစ်ကိုနှစ်ယောက် စတိုင်ပင်မရခြင်းမှာ စစ်တပ်မှ မိသားစုအတွက် အထောက်အပံ့ရသည်ဟူသော ရွေးချယ်သူများ၏ ယူဆချက်အရဟု ဆိုသည်။)

## ရွေးချယ်မှု အဆင့်ဆင့်

### *ကျောင်းအဆင့် စတိုင်ပင် ခံစားခွင့်ရှိသူ ရွေးချယ်ခြင်း*

လေ့လာခဲ့သော ကျောင်းအများစုတွင် စတိုင်ပင်ခံစားခွင့်ရှိသော ကျောင်းသားများအား အတန်းပိုင်ဆရာမများမှ ဦးစွာရွေးချယ်ပြီး ကျောင်းအုပ်များ စီစစ်ရန် တင်ပြရသည်။ ကျောင်းအုပ်များမှ စီစစ်ပြီးသား စာရင်းအား မြို့နယ်အဆင့် စီစစ်ရွေးချယ်ရေး အဖွဲ့အား တင်ပြရသည်။ အခြား စီစစ်ရွေးချယ်ပုံများအား အချို့ကျောင်းများတွင် တွေ့ရသည်။ ဇယား ၂၁ တွင် ကျောင်းအဆင့်ရွေးချယ်ပုံများအား ဖော်ပြထားသည်။

ဇယား ၂၁ ကျောင်းအဆင့် ပဏာမရွေးခြယ်ပုံ နည်းလမ်းများ

| စဉ် | ကျောင်းအဆင့် ပဏာမရွေးခြယ်ပုံ နည်းလမ်းများ (*) | (*) နှင့် ရွေးချယ်သော ကျောင်းပေါင်း |
|---|---|---|
| ၁ | ပဏာမရွေးခြင်ခြင်းအား ဆရာများနှင့် ကျောင်းအုပ်များ တိုင်ပင်ညှိနှိုင်းရွေးချယ်ခြင်း | ၄ |
| ၂ | ဆရာများမှ ခံစားခွင့်ရှိကျောင်းသားများအား အဆိုပြုပြီး ကျောင်းအုပ်များမှ အပြီးသတ်ရွေးချယ်မှုပြုခြင်း | ၁၆ |
| ၃ | ကျောင်းအုပ်များမှ မြို့နယ်ပညာရေးရုံးများအား ပဏာမရွေးချယ်သူများအား တင်ပြခြင်း | ၁ |
| ၄ | တစ်ကျောင်းလုံးရှိ ဆရာများမှ အကျိုးခံစားခွင့်ရှိသူများအတွက် ထောက်ခံချက်များ တင်သွင်းရပြီး အတန်းပိုင်ဆရာနှင့် ကျောင်းအုပ်မှ ပဏာမခံစားခွင့်ရှိသူကို ရွေးချယ်ပေးခြင်း | ၁ |

သတင်းအရင်းအမြစ် : - လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများနှင့် ကျောင်းများ

## မြို့နယ်အဆင့် ရွေးချယ်ခြင်း

လေ့လာခဲ့သော မြို့နယ် ၆ မြို့နယ်အနက်မှ ၅ မြို့နယ်တွင် မြို့နယ် စိစစ်ရွေးချယ်ရေးအဖွဲ့အား စတိုင်ပင်ကော်မတီ (သို့မဟုတ်) ပညာရေးအထောက်အကူပြုကော်မတီများဟုခေါ်သည်။ မြို့နယ်တစ်ခုတွင် မြို့နယ်ပညာရေးရုံးမှသာ အကျိုးခံစားခွင့်ရှိသူစာရင်းကို စိစစ်ရွေးချယ် ထုတ်ပြန်သည်ဟု ဆိုသည်။[3] လေ့လာရေးအသင်းမှာ မြို့နယ်နှစ်ခုတွင် ပညာရေးအထောက်အကူပြု ကော်မတီများမှာ စတိုင်ပင်အစီအစဉ်မစခင် ကနဦးကတည်းက ဖွဲ့စည်းထားသည်ကို တွေ့ရှိခဲ့သည်။

ဇယား ၂၂ မြို့နယ်အဆင့် စိစစ်ရွေးချယ်ရေး အဖွဲ့များ

| စိစစ်ရွေးချယ်သော အဖွဲ့အမျိုးအစား (*) | (*) နှင့်ရွေးချယ်သော မြို့နယ်ပေါင်း |
|---|---|
| မြို့နယ်စတိုင်ပင်ကော်မတီမှသာ စိစစ်ရွေးချယ်ထုတ်ပြန်ခြင်း | ၃ |
| မြို့နယ်ပညာရေးထောက်ပံ့ရေးကော်မတီမှ စိစစ်ရွေးချယ်ထုတ်ပြန်ခြင်း | ၂ |
| မြို့နယ်ပညာရေးမှူးရုံးမှသာ စိစစ်ရွေးချယ်ထုတ်ပြန်ခြင်း | ၁ |

သတင်းအရင်းအမြစ် : လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများနှင့် ကျောင်းများ

### *မြို့နယ်စိစစ်ရွေးချယ်ရေးအဖွဲ့များ၏ ဖွဲ့စည်းပုံ*

မြို့နယ်စိစစ်ရေးအဖွဲ့များ၏ ကွဲပြားသောဖွဲ့စည်းပုံများအား ဇယား ၂၃ တွင်တွေ့ရှိနိုင်သည်။ ပညာရေးဝန်ကြီးဌာနအတွက် အလုပ်လုပ်နေသူများသာ ကော်မတီအဖွဲ့ဝင်အဖြစ်ပါဝင်သည်။

ဇယား ၂၃ မြို့နယ် စတိုင်ပင် စိစစ်ရွေးချယ်အဖွဲ့များ၏ ဖွဲ့စည်းပုံများ

| ဖွဲ့စည်းပုံများ | ၄င်းဖွဲ့စည်းပုံရှိသော မြို့နယ်အရေအတွက် |
|---|---|
| မြို့နယ် စတိုင်ပင် ဘုတ်အဖွဲ့<br>• မြို့နယ်ပညာရေးမှူး (ဥက္ကဌ) | |

[3] မြို့နယ်အဆင့်တွင် မည်သည့် စတိုင်ပင်ကော်မတီမှ မရှိဘဲ မြို့နယ် ပညာရေးထောက်ပံ့ရေးကော်မတီအဖွဲ့ဝင်များမှာ စတိုင်ပင်အစီအစဉ်နှင့် စပ်လျဉ်းပြီး မည်သည့်မျှ မသိသည်ကို တွေ့ရသည်။

| | |
|---|---|
| • မြို့နယ်ပညာရေးမှူးလက်ထောက် (အတွင်းရေးမှူး)<br>• အထက်တန်းကျောင်းအုပ်တစ်ဦး (ဒုအတွင်းရေးမှူး)<br>• အထက်တန်းကျောင်းအုပ်များအားလုံး (အဖွဲ့ဝင်)<br>• အလယ်တန်းကျောင်းအုပ်များအားလုံး (အဖွဲ့ဝင်)<br>• မူလတန်းကျောင်း ၁၈ ကျောင်းစီကို ကိုယ်စားပြုထားသော မူလတန်းကျောင်းအုပ်များ (အဖွဲ့ဝင်) | ၁ |
| မြို့နယ် စတိုင်ပင် ကော်မတီ<br>• မြို့နယ်ပညာရေးမှူး (ဥက္ကဋ္ဌ)<br>• ဒုမြို့နယ်ပညာရေးမှူး (အတွင်းရေးမှူး)<br>• မြို့နယ်ပညာရေးမှူးလက်ထောက်တစ်ဦး (အဖွဲ့ဝင်)<br>• အတက်တန်းကျောင်းအုပ် ၂ ဦး (အဖွဲ့ဝင်)<br>• အလယ်တန်းအကျောင်းအုပ် ၁ ဦး (အဖွဲ့ဝင်)<br>• မူလတန်းကျောင်းအုပ် ၁ ဦး (အဖွဲ့ဝင်) | ၁ |
| မြို့နယ် စတိုင်ပင် ဘုတ်အဖွဲ့<br>• မြို့နယ်ပညာရေးမှူး (ဥက္ကဋ္ဌ)<br>• အထက်တန်းကျောင်းအုပ် ၄ ဦး (ရာထူးသတ်မှတ်ချက် ဖော်ပြခြင်းမရှိ)<br>• အလယ်တန်းကျောင်းအုပ် ၁ ဦး (ရာထူးသတ်မှတ်ချက် ဖော်ပြခြင်းမရှိ)<br>• အုပ်စုအဆင့် မူလတန်းကျောင်းအုပ် ၁ ဦး (ရာထူးသတ်မှတ်ချက် ဖော်ပြခြင်းမရှိ) | ၁ |
| မြို့နယ်ပညာရေး အလုပ်အမှုဆောင် ကော်မတီ<br>• မြို့နယ်ပညာရေးမှူး (ဥက္ကဋ္ဌ)<br>• ဒုမြို့နယ်ပညာရေးမှူး (အတွင်းရေးမှူး ၁)<br>• မြို့နယ်ပညာရေးမှူးလက်ထောက်တစ်ဦး (အတွင်းရေးမှူး ၂)<br>• အထက်တန်းကျောင်းအုပ် ၁ ဦး (အဖွဲ့ဝင်)<br>• မူလတန်းကျောင်းများကိုယ်စားပြုသူ ၁ ဦး (အဖွဲ့ဝင်) | ၁ |
| မြို့နယ်ပညာရေး ကော်မတီ | |

| | |
|---|---|
| • မြို့နယ်ပညာရေးမှူး (ဥက္ကဌ)<br>• ဒုမြို့နယ်ပညာရေးမှူး (အတွင်းရေးမှူး ၁)<br>• မြို့နယ်ပညာရေးမှူးလက်ထောက်တစ်ဦး (အတွင်းရေးမှူး ၂)<br>• အထက်တန်းကျောင်းအုပ် ၁ ဦး (အဖွဲ့ဝင်)<br>• အလယ်တန်းကျောင်းအုပ် ၁ ဦး (အဖွဲ့ဝင်) | ၁ |

ဒေတာရယူရာနေရာ - မြို့နယ် ပညာရေးမှူးရုံးများ၊ မြို့နယ် ပညာရေးစတိုင်ပင်ဘုတ်အဖွဲ့များ နှင့် မြို့နယ်ပညာရေး ကော်မတီများ

***မြို့နယ်အဆင့်တွင် စီစဉ်ရွေးချယ်မှုအား မည်သို့ပြုလုပ်သနည်း .......***

ကျောင်းများမှ ရွေးချယ်ပေးလိုက်သော စတိုင်ပင်ကျောင်းသား အရေအတွက်မှာ မြို့နယ်တွင် သတ်မှတ်ထားသော ခွဲတမ်းအရေအတွက်ထက် အမြဲများပြားနေသောကြောင့် အခက်တွေ့ရသည်ဟု မြို့နယ်စီစစ်ရွေးချယ်ရေးအဖွဲ့ဝင်များမှ ဆိုသည်။ ကော်မတီအဖွဲ့ဝင်များဖော်ပြချက်အရ ဦးစွာ မိဘမဲ့ကျောင်းသားများအား ခွဲထုတ်သည်ဟု ဆိုသည်။ နောက်တစ်ဆင့်အနေဖြင့် မိစုံဖစုံမရှိသည့် ကျောင်းသားများအား ခွဲထုတ်သည်။ နောက်တစ်ဆင့်တွင် အတန်းမှန်မှန်အောင်သော ထူးချွန်ကျောင်းသားများအား ရွေးထုတ်သည်။ အများအားဖြင့် ၄င်းစံရွေးထုတ်နည်းများသုံးပြီး အရွေးချယ်နိုင်ဆုံး ကျောင်းသားအရေအတွက်အား ရွေးချယ်သည်ဟုဆိုသည်။ ကျောင်းသားများ အမှတ်တူနေပါက ကော်မတီမှာ ကျောင်းသားများ၏ မိသားစုဝင်ငွေ၊ မိသားစုအတွင်း မှီခိုသူဦးရေ နှင့် ဆင်းရဲနွမ်းပါးမှုများအပေါ် မူတည်ပြီး ဦးစားပေးဆုံးဖြတ်သည်။ မြို့နယ်တစ်ခုတွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးမှ အုပ်ထိန်းသူ၏ ဝင်ငွေအဆင့်နှင့် မိသားစုအတွင်း မှီခိုသူအရေအတွက်အား ထောက်ခံချက်ပေးရသည်ကို တွေ့ရသည်။ အခြားမြို့နယ်တစ်ခုတွင် ကော်မတီမှာ ဝေးလံသီ ခေါင်သော အရပ်မှလာသော ကျောင်းသားများအား ဦးစားပေးစဉ်းစားသည်။ မြို့နယ်စီစစ်ရွေးချယ်ရေး ကော်မတီဝင်တစ်ယောက်၏ ပြောကြားချက်အရ ကျောင်းသား၏ ကိုယ်ရေးအချက်အလက် ပြည့်စုံခိုင်လုံခြင်းသည် ဦးစားပေးရွေးချယ်မှုပြုရာတွင် အားသာချက်တစ်ခုဖြစ်သည်ဟု ဆိုသည်။[4]

## ၄. ရရှိသူအရေအတွက်၊ စတိုင်ပင် ပမာဏ နှင့် လုံလောက်မှု ရှိခြင်း၊ မရှိခြင်း

[4] ၄င်းတွေ့ရှိချက်များအား နောက်ဆက်တွဲခရီးစဉ်မှ အထောက်အပံ့ပေးခဲ့သည်။ လျှောက်လွှာပုံစံများမလိုအပ်သောကြောင့် ကျောင်းအုပ်မှ ခိုင်ခိုင်မာမာတင်ပြနိုင်သော ကိစ္စရပ်မျိုးတွင် မြို့နယ်ကော်မတီဆီမှ စတိုင်ပင်ပေးရန် အလားအလာ များသည်။

*အထက်တန်းကျောင်းသားများမှာ ရရှိသော စတိုင်ပင်မာဏထက် ပိုမိုလိုအပ် ........*

စတိုင်ပင်လိုအပ်လျက်ရှိသော ကျောင်းသားအရေအတွက်မှာ မြို့နယ်မှ ပေးနိုင်သော လျာထားပမာဏထက် အထက်တန်းအဆင့်တွင်များစွာ ပိုမိုလျက်ရှိသည်။ မြို့နယ်စစ်တမ်းကောက်ယူမှုအရ စတိုင်ပင်ရသော ကျောင်းသားပမာဏသည် အမှန်လိုအပ်လျက်ရှိသော ကျောင်းသားပမာဏ၏ ပျမ်းမျှ ၂၂%[5] သာရှိပြီး အချို့ကျောင်းများတွင် ၎င်းရာခိုင်နှုန်းသည် ၁၀[6]% ထက်ပင် နိမ့်နေတတ်သည်။ လက်ရှိစာသင်နှစ်အတွက် စတိုင်ပင်လိုအပ်မှုနှင့် စတိုင်ပင်ရရှိမှုပမာဏနှိုင်းယှဉ်ဖော်ပြချက်ကို အောက်ပါဇယားတွင် တွေ့ရှိနိုင်သည်။

ဇယား ၂၄ လက်ရှိစတိုင်ပင်ရရှိသော ကျောင်းသားအရေအတွက် နှင့် လိုအပ်ကျောင်းသားအရေအတွက်

| မြို့နယ် | ၂၀၁၃-၂၀၁၄ စာသင်နှစ် | | | |
|---|---|---|---|---|
| | မြို့နယ်ဒေတာ | | ကျေးရွာဒေတာ | |
| | စတိုင်ပင်ရရှိသူ အရေအတွက် | လိုအပ်ကျောင်းသား အရေအတွက် | လက်ရှိစတိုင်ပင်ရ ကျောင်းသား အရေအတွက် | လိုအပ်ကျောင်းသာ အရေအတွက် |
| ရေတာရှည် | ၄၄ | ဒေတာမရ | ၃ | ၅၀ |
| ဆိပ်ကြီးခနောင်တို | ၂၂ | ၁၃၂၄ | ၁၀ | ၃၂ |
| မဟာအောင်မြေ | ၁၂ | ၂၀၀ | ၁၂ | ၆၉၁ |
| ဇမ္ဗူသီရိ | ၂၂ | ၁၀၀ | ၆ | ၁၄၀ |
| မုဒုံ | ၃၈ | ၃၀၀ | ၂ | ၂၂ |
| ကလော | ၃၃ | ၉၀၀ | ၅ | ၃၂ |

သတင်းအရင်းအမြစ်- လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများနှင့် ကျောင်းများ

---

[5] ၎င်းအချက်အလက်များသည် သုတေသနပြုခဲ့သောကျောင်းများအားလုံးရှိ လိုအပ်လျက်ရှိသော ကျောင်းသားအရေအတွက်အား ပျမ်းမျှယူထားခြင်းဖြစ်သည်။ အချို့တွက်ချက်မှုများမှာ ကျောင်းအုပ်များ၏ ခန့်မှန်းတွက်ချက်မှု (သို့) မြို့နယ်အဆင့်သို့ တင်သွင်းလိုက်သော ကျောင်းသားစာရင်း စသည်တို့မှ ရရှိသည်။

[6] ၎င်းအချက်အလက်များသည် သုတေသနပြုခဲ့မြို့နယ်များရှိ လိုအပ်လျက်ရှိသော ကျောင်းသားအရေအတွက်အား ပျမ်းမျှယူထားခြင်းဖြစ်သည်။ အချို့တွက်ချက်မှုများမှာ မြို့နယ်ပညာရေးမှူးရုံးများ၏ ခန့်မှန်းတွက်ချက်မှု (သို့) မြို့နယ်အဆင့်သို့ တင်သွင်းလိုက်သော ကျောင်းသားစာရင်း စသည်တို့မှ ရရှိသည်။

*အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် လက်ရှိစတိုင်ပင်ပမာဏမှာ လုံလောက်မှုမရှိ ......*
လက်ခံတွေ့ဆုံခဲ့သူအများအပြားပြောကြားခဲ့သည်မှာ လက်ရှိစတိုင်ပင်ပမာဏဖြစ်သော မူလတန်းအတွက် တစ်လ ၅၀၀၀ ကျပ်မှာ သင့်တင့်သော်လည်း အလယ်တန်း ၆၀၀၀ ကျပ်နှင့် အထက်တန်း ၈၀၀၀ ကျပ်တို့မှာ လုံလောက်မှုမရှိ ဟုဆိုသည်။ မူလတန်းအခမဲ့ပညာရေးဖြစ်သွားခြင်းသည် အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် မသက်ဆိုင်လှပေ။ ၄င်းအပြင် ကျောင်းသွားစရိတ်မှာ မူလတန်းပညာရေးမှာထက် အလယ်တန်းနှင့် အထက်တန်းပညာရေးများတွင် ပိုမိုအကုန်အကျများသည်။ အဘယ်ကြောင့်ဆိုသော် မူလတန်းကျောင်းများသည် ကျောင်းသားအိမ်နှင့် နီးနီးတွင်ရှိပြီး အလယ်တန်းနှင့် အထက်တန်းကျောင်းများမှာ ထိုသို့မဟုတ်ပေ။ လက်ခံတွေ့ရှိခဲ့သူအများ အကြံပြုခဲ့သည်မှာ မူလတန်းပညာရေး တစ်လ ၁၀,၀၀၀ ကျပ်နှင့် အထက်တန်းပညာရေး ၁၅,၀၀၀ ကျပ် ဖြစ်သင့်သည်ဟုဆိုသည်။ သို့သော် မြို့နယ်ပညာရေးမှူးရုံးများမှာ စတိုင်ပင်ပမာဏတိုးခြင်းထက် စတိုင်ပင်ရရှိမည့် ကျောင်းသားအရေအတွက် တိုးခြင်းအား ထောက်ခံကြသည်။ အောက်မှာဖော်ပြထားသော ကိုးကားချက်တွင် စတိုင်ပင်ပမာဏနှင့် စပ်လျဉ်း၍ ကွဲလွဲသော အမြင်များအား တွေ့နိုင်သည်။

*မူလတန်းအဆင့်အတွက် စတိုင်ပင်ပမာဏက သင့်တင့်ပါတယ်။ ဒါပေမယ့် အလယ်တန်း၊ အထက်တန်းအတွက်ကျ မလုံလောက်ဘူး။ ထင်တာတော့ အလက်တန်းအတွက် ၈,၀၀၀ ကျပ် နှင့် အထက်တန်းအတွက် ၁၀,၀၀၀ ကျပ် လောက်မှ လုံလောက်မယ်။ ခုလက်ရှိတော့ အလယ်တန်း ကျောင်းသားတစ်ယောက်အတွက် တစ်လ ၁၀,၀၀၀ ကျပ် လောက်သုံးနေရတယ်။ တကယ်လို့ စတိုင်ပင်ပမာဏသာ တစ်လ ၈,၀၀၀ လောက်ဖြစ်ရင် အများကြီးအထောက်အကူဖြစ်တာပေါ့။*

(နွမ်းပါးသော မိဘ)

*ကျောင်းသားအတော်များများကတော့ ရမယ့်ငွေက စတိုင်ပင်လာထုတ်ရတဲ့ ခရီးစရိတ်နဲ့တင်ကုန်လို့ မလျှောက်ကြဘူး။*

(မြို့နယ်ပညာရေးမှူးလက်ထောက်)

*တကယ်လို့ စတိုင်ပင်ပမာဏသာ အလယ်တန်း တစ်ယောက် ၁၀,၀၀၀ ကျပ် နဲ့ အထက်တန်း တစ်လ ၁၅,၀၀၀ ကျပ် ဖြစ်မယ်ဆို ကျောင်းသားတွေအတွက် အတော်အထောက်အကူဖြစ်ပြီး*

*စတိုင်ပင်အစီအစဉ်က နိုင်ငံအတွက်လည်း ပိုလက်တွေ့ကျကျရှိမယ် တတ်နိုင်တဲ့ပမာဏလည်းဖြစ်မယ်။*

(ကျောင်းဘုတ်အဖွဲ့ဝင်)

*ခုချိန်တော့ စတိုင်ပင်ပမာဏထက် ပေးမယ့်ကျောင်းသားအရေအတွက်ပဲ တိုးသင့်သေးတယ်။*

(ကျောင်းအုပ်)

**၅. စတိုင်ပင်အစီအစဉ်ကာမိရောက်ရှိမှု နှင့် သတင်းအချက်အလက်ပေးခြင်းစနစ်**

***စတိုင်ပင်နှင့်စပ်လျဉ်းပြီး မည်သည့်သတင်းအချက်အလက်ပေးသည့်စနစ်မှ သတ်သတ်မှတ်မှတ် မရှိသေး ............***

လေ့လာတွေ့ရှိမှုအရ စတိုင်ပင်သတင်းအချက်အလက်ပေးခြင်းနှင့် စပ်လျဉ်း၍ အကောင်အတည်ဖော်သူများ (သို့မဟုတ်) လူထုဆီသို့ မည်သည့် စနစ်တကျ သတ်သတ်မှတ်မှတ် သတင်းပို့ဆောင်သည့်စနစ်မှ မရှိသေးပေ။ အချို့ကိစ္စရပ်များတွင် စတိုင်ပင်နှင့်ပတ်သက်သော သတင်းအချက်အလက်များအား လစဉ်ပုံမှန်အစည်းအဝေးများတွင် မြို့နယ်ပညာရေးမှူးရုံးများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းအုပ်များအား သတင်းပေးလေ့ရှိပြီး အချို့ကိစ္စရပ်များတွင်း ၎င်းသတင်းအချက်အလက်အား အုပ်စုကျောင်းအုပ်များဆီမှသော်လည်းကောင်း တယ်လီဖုန်းဖြင့် သော်လည်းကောင်း ရယူရသည်။ ၎င်းသတင်းအချက်မှာ ဝေးလံသောဒေသများရှိ ကျောင်းအုပ်များဆီသို့ ရောက်ရှိခြင်းမရှိသည်ကို လေ့လာခဲ့သော မြို့နယ် ၃ မြို့နယ်တွင် တွေ့ရှိရသည်။ အချို့ကျောင်းများတွင် ကျောင်းအုပ်များမှာ စတိုင်ပင်အစီအစဉ်ကို သိရှိသော်ငြားလည်း ဆရာ၊ဆရာမများအား ကဏ္ဍာမကျောင်းသား ရွေးချယ်ခြင်း၊ စတိုင်ပင်ထောက်ပံ့ခြင်း၊ ကျောင်းသားလက်မှတ်ရယူခြင်း စသည်တို့ကိုသာ ညွှန်ကြားလေ့ရှိပြီး စတိုင်ပင်အစီအစဉ် တစ်ခုလုံးအား ရှင်းပြထားခြင်းမရှိပေ။ လေ့လာခဲ့သော ကျောင်းအများအပြားရှိ ဆရာအများစုသည် စတိုင်ပင်အစီအစဉ်နှင့် စပ်လျဉ်းပြီး တရားဝင်သိရှိထားခြင်းမရှိဘဲ ပါးစပ်စကားဖြင့်သာ ဇဝေဇဝါသိရှိထားကြသည်ကို တွေ့ရှိခဲ့သည်။ အချို့ကျောင်းကော်မတီများသည် စတိုင်ပင်အစီအစဉ်အား ကြားပင်မကြားဖူးပေ။

လေ့လာခဲ့သော ကျောင်းများမှ ကျောင်းအုပ်များမှာ စတိုင်ပင်ပမာဏမှာ နည်းပါးလွန်းသောကြောင့် လူအများအား ပေးသိရန် တုံ့ဆိုင်းရခြင်းဖြစ်သည်ဟု ဆိုသည်။ အခန်းတစ်ခန်းတွင် လိုအပ်နေသူ

အများအပြားအနက်မှ တစ်ဦး နှစ်ဦးသာ ရွေးချယ်ခြင်းသည် ကျန်သည့်သူများအား စိတ်မကောင်းဖြစ်စေသည်ဟု အချို့ကျောင်းအုပ်များက ပြောခဲ့သည်။

ဇယား ၂၅ စတိုင်ပင်အကြောင်း သိရှိသော နီးနွယ်အကျုံးဝင်ပတ်သက်သူအရေအတွက်

| | လေ့လာခဲ့သောမြို့နယ်များ | | | | | | |
|---|---|---|---|---|---|---|---|
| | ရေတာရှည် | ဆိပ်ကြီး | မုဒုံ | ကလော | ဇမ္ဗူသီရိ | မဟာ အောင်မြေ | စုစုပေါင်းကျောင်း အရည်အတွက် |
| သွားရောက်ခဲ့သော ကျောင်းပေါင်း | ၄ | ၅ | ၄ | ၆ | ၄ | ၅ | ၂၈ |
| စတိုင်ပင်အကြောင်း သိသော ကျောင်းအုပ်များရှိ ကျောင်းပေါင်း | ၃ | ၅ | ၄ | ၆ | ၄ | ၅ | ၂၇ |
| စတိုင်ပင်အကြောင်း သိသော အတန်းပိုင်ဆရာမမျ ားရှိ ကျောင်းပေါင်း | ၃ | ၅ | ၂ | ၂ | ၂ | ၄ | ၁၈ |
| စတိုင်ပင်အကြောင်း သိသော ဆရာများရှိ ကျောင်းပေါင်း | ၃ | ၅ | ၂ | ၂ | ၂ | ၃ | ၁၇ |
| စတိုင်ပင်အကြောင်း သိသော ကျောင်းကော်မတီ (သို့) မိဘ/ဆရာအသင်းရှိ ကျောင်းပေါင်း | ၂ | ၀ | ၁ | ၂ | ၁ | ၀ | ၆ |
| စတိုင်ပင်အကြောင်း သိသော | ၂ | ၁ | ၀ | ၂ | ၀ | ၀ | ၅ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| နွမ်းပါးသောမိဘများရှိ ကျောင်းပေါင်း | | | | | | | |
| စတိုင်ပင်အကြောင်းသိသော ရပ်သို့(သို့) ကျေးရွာအုပ်ချုပ်ရေးမှူးများရှိ ကျောင်းပေါင်း | ၂ | ဂ | ၂ | ၂ | ၂ | ၁ | ၉ |

ဒေတာရယူရာနေရာ - နီးနွယ်အကျိုးဝင်ပတ်သက်သူများဖြစ်သည့် ကျောင်းကော်မတီ၊ ကျောင်းအုပ်များ၊ ဆရာများနှင့် မိဘများ စသူတို့နှင့် မေးမြန်းခြင်းမှ

ဇယား ၂၆ စတိုင်ပင်ရွေးချယ်မှု စံနှုန်းများအား သိရှိသော နီးနွယ်အကျိုးဝင်ပတ်သက်သူများ အရေအတွက်[7]

| | လေ့လာခဲ့သောမြို့နယ်များ | | | | | |
|---|---|---|---|---|---|---|
| | ရေတာရှည် | ဆိပ်ကြီး | မုဒုံ | ကလော | ဇမ္ဗူသီရိ | မဟာအောင်မြေ |
| သွားရောက်ခဲ့သော ကျောင်းပေါင်း | ၄ | ၅ | ၄ | ၆ | ၄ | ၅ |
| ရွေးချယ်မှုစံနှုန်းများအား သိရှိသော ကျောင်းအုပ်များရှိ ကျောင်းပေါင်း | ၃ | ၅ | ၄ | ၃ | ၄ | ၅ |
| ရွေးချယ်မှုစံနှုန်းများအား သိရှိသော အတန်းပိုင်ဆရာမများရှိ ကျောင်းပေါင်း | ၃ | ၅ | ၂ | ၂ | ၂ | ၄ |
| ရွေးချယ်မှုစံနှုန်းများအား သိသော ဆရာများရှိ | ၃ | ဂ | ၂ | ၂ | ၂ | ဂ |

[7] ဤနေရာတွင် လူအများသည် အကျိုးခံစားခွင့်ရှိသူ ရွေးချယ်သည့် သတ်မှတ်စံနှုန်းများအား သိရှိလောက်သည်။

| | | | | | | |
|---|---|---|---|---|---|---|
| ကျောင်းပေါင်း | | | | | | |
| ရွေးချယ်မှုစံနှုန်းများအား သိသော ကျောင်းကော်မတီ (သို့) မိဘ/ဆရာအသင်းရှိ ကျောင်းပေါင်း | ၂ | ၀ | ၁ | ၀ | ၁ | ၀ |
| ရွေးချယ်မှုစံနှုန်းများအား သိသော နွမ်းပါးသောမိဘများရှိ ကျောင်းပေါင်း | ၂ | ၀ | ၀ | ၀ | ၀ | ၀ |
| ရွေးချယ်မှုစံနှုန်းများအား သိသော ရပ်သို့(သို့) ကျေးရွာအုပ်ချုပ်ရေးမှူးများရှိ ကျောင်းပေါင်း | ၀ | ၀ | ၁ | ၂ | ၀ | ၀ |

အောက်ဖော်ပြပါ ကိုးကားချက်များတွင် နီးနွယ်အကျိုးဂင်ပတ်သက်သူများ၏ စတိုင်ပင် သတင်းအချက်အလက်ရရှိမှု လျော့ရဲမှုကို တွေ့နိုင်သည်။

*ကျွန်တော်တို့ရပ်ကွက်ထဲမှာရှိတဲ့ မိသားစုကို တကယ်နွမ်းပါးပါတယ်လို့ ထောက်ခံပေးခဲ့တယ်လေ။ ဒါပေမယ့် ဘာကြောင့်လုပ်ပေးရလည်း ကျွန်တော်မသိဘူးဗျ။*

(ရပ်ကွက်အုပ်ချုပ်ရေးမှူး)

*စတိုင်ပင်အကြောင်းဘာမှမသိပါဘူး။ ဘယ်သူရလဲလည်း မသိဘူး။*

(နွမ်းပါးသော မိဘ)

*စတိုင်ပင်အကြောင်းကို မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ နေပြည်တော်မှာ အလုပ်ရုံဆွေးနွေးပွဲသွားတက်မှ သိရတာ။ ကျောင်းအုပ်စုမှူးကလည်း သတင်းအချက်အလက်ပေးပါတယ်။*

(ဝေးလံသောဒေသရှိ မူလတန်းကျောင်းမှ ကျောင်းအုပ်)

*စတိုင်ပင်အကြောင်း ဘာမှမသိပါဘူး။ ဆရာမတွေပြောသလောက်ပဲသိတာလေ။ မေးလည်း မမေးရဲဘူး။*

(နွမ်းပါးသော မိဘ)

***အချို့နီးနွယ်အကျိုးဂင်ပတ်သက်သူများတွင် စတိုင်ပင်နှင့်ပတ်သက်ပြီး သဘောပေါက်လွဲမှုများရှိခြင်း……***

သတင်းအချက်လက် နှင့် စတိုင်ပင်ပေးခြင်းစနစ် စနစ်တကျမရှိခြင်းကြောင့် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များနှင့် ဆရာများမှာ စတိုင်ပင်အစီအစဉ်ကို သဘောပေါက်လွဲမှုများ ရှိသည်ကို တွေ့ခဲ့ရသည်။

*စတိုင်ပင်ဆိုတာက ဘာလဲ။ နည်းနည်းလောက် အသေးစိတ်ရှင်းပြပါဦး။*

(ကျောင်းဆရာမှ သုတေသနပြုသူအား မေးမြန်းခဲ့ခြင်း)

*စတိုင်ပင်ရတဲ့ ကျောင်းသားအုပ်ထိန်းသူတစ်ယောက်က ဆိုက်ကယ်ပြင်ဖို့ငွေလိုနေလို့ စတိုင်ပင်ပိုက်ဆံကို အဲ့ဒီနေရာမှာ ပေးသုံးဖို့ပြောတယ်။ ကျောင်းသားပညာရေးအတွက်လည်း သုံးပြီးပြီဆိုတော့ သူတို့လိုတဲ့နေရာမှာ သုံးတာ ဖြစ်သင့်ပါတို့ဆိုတယ်။*

(ကျောင်းအုပ်)

*စတိုင်ပင်ဆိုတာက မိဘမဲ့ထူးချွန်ကျောင်းသားတွေအတွက်လေ။ စာညံ့တဲ့ကလေးကိုပေးမိလို့ စာမေးပွဲကျရင် နောက်ထပ်တစ်ယောက်အစားထိုးဖို့ရှာရတယ်။*

(ဆရာ)

စစ်တမ်းကောက်ယူသူများ၏ ယူဆချက်အရ စတိုင်ပင်အစီအစဉ်နှင့် စပ်လျဉ်းပြီး အကောင်အထည်ဖော်နေသူများမှာ သဘောအမြင်အမျိုးမျိုး ကွဲပြားလျက်ရှိပြီး ကျောင်းသားရွေးရန်နှင့်၊ စံသတ်မှတ်နှုန်းများအပေါ်တွင်သာ ညွှန်ကြားချက်များ ရှိနေသော်လည်း အစီအစဉ်၏ ရည်ရွယ်ရင်းနှင့် သဘောတရားအား ပြောပြထားခြင်းမရှိပေ။ ၎င်းအတွက်ကြောင့် ကျောင်းအဆင့် အကောင်အထည်ဖော်သူများအနေဖြင့် စတိုင်ပင်ဆိုသည်မှာ ထူးချွန်သော မိဘမဲ့ကျောင်းသားများအတွက်ဟု ယုံကြည်ထားကြသည်။ မည်သည့်စတိုင်ပင်ရကျောင်းသားများ၏ မိဘများမှ စတိုင်ပင်အစီအစဉ်၏ ရည်ရွယ်ရင်းနှင့် သဘောတရားကို နားလည်သဘောပေါက်မှု မရှိကြပေ။

**၆. စတိုင်ပင်အစီအစဉ်တွင် ကျောင်းကော်မတီ၊ ကျောင်းသား/မိဘ အသင်းနှင့် ရပ်ရွာလူထုပါဝင်မှု**

*စတိုင်ပင်အစီအစဉ်တွင် ရပ်ရွာလူထုပါဝင်မှု အနည်းအကျဉ်းသာရှိခြင်း .........*

လေ့လာခဲ့သော ၆ မြို့နယ်တွင် စတိုင်ပင်အစီအစဉ်တွင် ရပ်ရွာမှ မည်သူတစ်ဦးတစ်ယောက်မျှ ပါဝင်ခြင်းမရှိပေ။ ပညာရေးအဖွဲ့အစည်းများနှင့် ၎င်းအစီအစဉ်အတွက် ဖွဲ့စည်းထားသော ကော်မတီများတွင် ရပ်ရွာကိုယ်စားပြုများ မပါရှိပေ။ ကျောင်းသား/မိဘ အသင်းနှင့် ကျောင်းဘုတ်အဖွဲ့ဝင်များတွင် ကျောင်းသားမိဘများ ပါရှိတတ်သော်လည်း စတိုင်ပင်အစီအစဉ်အား သဘောပေါက်နားလည်ခြင်း မရှိပေ။ ၎င်းနှင့်ပတ်သက်ပြီး ကျောင်းအုပ်များနှင့် ဆရာ၊ဆရာမများအား မကြာခဏမေးမြန်းမှုများ ရှိသည်။ အချို့မှာ အလွဲသုံးစားပြုမှုနှင့် ဘက်လိုက်မှုမှုများအတွက် စိုးရိမ်မှုရှိကြောင်း ထုတ်ဖော်ပြောကြားသည်။ စတိုင်ပင်ရွေးချယ်ခြင်းအဆင့်ဆင့်တွင် ပါဝင်နိုင်ရေးနှင့် စပ်လျဉ်းသည့် ကျေးရွာသဘောထားမှတ်ချက်များအား အောက်တွင်ဖော်ပြထားသည်။

*ကျောင်းကော်မတီနဲ့ ဆွေးနွေးတိုင်ပင်တာမရှိပဲရွေးရင်တော့ ဘက်လိုက်မှုဖြစ်လာနိုင်တယ်။*
(စတိုင်ပင်အား ကျောင်းအုပ်များနှင့် ဆရာများမှသာ ရွေးချယ်ခြင်းအား သဘောမတူသော ကျောင်းကော်မတီအဖွဲ့ဝင်တစ်ဦး)
*စတိုင်ပင်က ပညာရေးကလူတွေရဲ့ အလုပ်ပဲလေ။ ကျောင်းကော်မတီကတော့ ကျောင်းအုပ်က အကူအညီတောင်းတဲ့ လိုအပ်ချက်တွေကိုပဲ ရှေးရှုလုပ်တာပေါ့။*
(ကျောင်းကော်မတီဝင်)

အထက်ပါကိုးကားချက်များတွင် အချို့မှာ စတိုင်ပင်ရွေးချယ်ရေးမှာ ပါဝင်လိုသည့်သဘောပါနေပြီး အချို့မှာ စတိုင်ပင်ကိစ္စမှာ ပညာရေးဝန်ကြီးဌာန၏ အလုပ်ဟု မြင်နေသည်ကို တွေ့ရသည်။ သို့သော်လည်း လေ့လာခဲ့သော ကျောင်းကော်မတီ ၂၈ခု အနက်မှ ၁၆ခုတွင် အစီအစဉ်အကောင်အထည်ဖော်ရေးတွင် ပါဝင်လိုကြသည်ကို တွေ့ရပြီး အထူးသဖြင့် ခံစားခွင့်ရှိသူ ရွေးချယ်ရာတွင် ပါဝင်လိုကြသည်ကို တွေ့ရသည်။ အချို့ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျောင်းကော်မတီများမှာ ရပ်ကွက် (သို့) ကျေးရွာအုပ်ချုပ်ရေးမှူးများသည် အထူးသဖြင့် စီစစ်ရွေးချယ်ရေးအဆင့်တွင် ပါဝင်သင့်သည်ဟု တိုက်တွန်းပြောကြားခဲ့သည်။

*ဖဟုသုတနည်းခြင်းနှင့် ပါဝင်ရန်အခွင့်အလမ်းနည်းခြင်းကြောင့် အကာတိလိုက်စားမှုရှိသည်ဟု ထင်မြင်နိုင် .........*

အကာတိလိုက်စားသည်ဟု ထင်မြင်ရသော သာဓက ၃ ခုအား လေ့လာတွေ့ရှိခဲ့သည်။ ပထမတစ်ခုမှာ ကျောင်းမနေသည်မှာ ၂ နှစ်ရှိပြီဖြစ်သော ကျောင်းသားအား ကျောင်းအုပ်တစ်ဦးတည်း ဆုံးဖြတ်မှုဖြင့်

ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ဖြေဆိုသူမှာ ၎င်းစတိုင်ပင်ငွေအား ကျောင်းအုပ်မှ သိမ်းထားသည်ဟု ယူဆဟန်ရှိသည်။ ဒုတိယဖြစ်ရပ်တစ်ခုမှာ ကျောင်းအုပ်မှ စတိုင်ပင်ငွေအား မြို့နယ်ပညာရေးမှူးရုံးမှ ယူထားပြီး မည်သူကိုမှ အသိမပေးသော ကိစ္စဖြစ်သည်။ ၎င်းကိစ္စအား ကျောင်းအုပ်အသစ်မှ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း စတိုင်ပင်ငွေအား ကျောင်းသားများပေးရန်အတွက် လာရောက်ထုတ်ယူပါရန် မြို့နယ်ရုံးမှ ဆင့်ခေါ်သည့်အခါမှ သိရှိခဲ့သည်။ တတိယကိစ္စမှာ ကျောင်းအုပ်မှ စတိုင်ပင်ရသူတိုင်းစီမှ တစ်ယောက် ၁၀၀၀ ကျပ်စီ ကောက်ခံသော ကိစ္စရပ်ဖြစ်သည်။ ၎င်းငွေအား ဝေးလံလှသော မိမိကျောင်းနှင့် မြို့နယ်ပညာရေးရုံးများအကြား ကျောင်းသား ၆၀ အတွက် ပုံနှိပ်စာအုပ်များ သယ်ယူရန် ခရီးစရိတ်အဖြစ် အသုံးပြုခြင်းဖြစ်သည်ဟု ကျောင်းအုပ်ကိုယ်တိုင်မှ ဖြေကြားခဲ့သည်။

**စတိုင်ပင်အစီအစဉ်တွင် နွမ်းပါးသူများ၊ တိုင်းရင်းသားလူမျိုးများ၊ လူနည်းစုအုပ်စုများ နှင့် အမျိုးသမီးများ ပါဝင်မှု**

***နွမ်းပါးသူများ ပါဝင်မှု***

စတိုင်ပင်အစီအစဉ်တွင် ခံစားခွင့်ရှိသူများမှအပ နွမ်းပါးသူများ ပါဝင်မှုမရှိပေ။ နွမ်းပါးသူများနှင့် ပြုလုပ်ခဲ့သော အင်တာဗျူးများအရ လေ့လာခဲ့သော ကျောင်းပေါင်း ၂၈ ကျောင်းအနက်မှ ၅ ကျောင်းတွင်သာ စတိုင်ပင်အစီအစဉ်အကြောင်း နွမ်းပါးသူများ သိရှိကြပြီး သိရှိသည်မှာလည်း ပါးစပ်စကားဖြင့်သာ သိရှိကြခြင်းဖြစ်သည်။

***တိုင်းရင်းသားလူမျိုးများနှင့် အခြားလူနည်းစုအုပ်စုများ ပါဝင်မှု***

ကျောင်း ၂၈ ကျောင်းအနက်မှ ၁၉ ကျောင်းတွင်ရှိ ကလေးရှိ တိုင်းရင်းသားလူမျိုးများနှင့် အခြားလူနည်းစုအုပ်စုများအား ဤစစ်တမ်းကောက်ယူမှုမှဆွေးနွေးမှုတွင် ကာမိခဲ့သည်။ ကျောင်းများသို့ လိုက်လံကြည့်ရှုရန် အချိန်အကန့်အသတ်ရှိခြင်းကြောင့် စတိုင်ပင်အစီအစဉ်တွင် တိုင်းရင်းသားလူမျိုးများနှင့် အခြားလူနည်းစုအုပ်စုများ မည်မျှအထိ ပါဝင်ခွင့်ရကြသည်ဟူသော သတင်းအချက်အလက်ရရှိမှုမှာ ခဲယဉ်းသည်။ သို့သော် သုတေသနပြုသူများမှ ၎င်းတို့ပါဝင်မှုအခြေအနေကို ကျောင်းကော်မတီများနှင့် တွေ့ဆုံမေးမြန်းခြင်း အင်တာဗျူးများမှလည်းကောင်း၊ အခြားအုပ်စုများနှင့် တွေ့ဆုံမေးမြန်းရာမှလည်းကောင်း ခန့်မှန်းလေ့လာခဲ့သည်။

ကျောင်းကော်မတီ၊ ကျောင်းသားမိဘအသင်းများနှင့် တွေ့ဆုံမှုများတွင် တိုင်းရင်းသားလူမျိုးများနှင့် အခြားလူနည်းစုအုပ်စုများ ပါဝင်မှုအား တိုင်းရင်းသားလူမျိုးစုံ ရောရှက်နေထိုင်သော ကျေးရွာ (သို့မဟုတ်) ရပ်ကွပ်များတွင်ရှိ ကျောင်းပေါင်း ၁၉ ကျောင်းအနက်မှ ၉ ကျောင်းတွင် တွေ့ရှိခဲ့သည်။

၄င်း ၉ ကျောင်းတွင် တိုင်းရင်းသား လူနည်းစုများသည် အခြားသူများနည်းတူ အုပ်စုလိုက် မေးမြန်းပွဲများတွင် တက်ကြွစွာ ပါဝင်သည်ကို တွေ့ရှိခဲ့သည်။ အခြား တိုင်းရင်းသားအုပ်စုများနှင့် ကျေးရွာတွေ့ဆုံအင်တာဗျူးများအရ ၄င်းတို့သည်လည်း အခြားသူများနည်းတူ စတိုင်ပင်အစီအစဉ်အကြောင်း မသိရှိသည်ကို တွေ့ရသည်။

ဇယား ၂၇ သုတေသနပြုလုပ်ခဲ့သည့် ဧရိယာအတွင်းရှိ တိုင်းရင်းသားနှင့် အခြားလူမျိုးအုပ်စုများ၏ ပျံ့နှံ့တည်ရှိမှု

| သွားရောက်ခဲ့သောဒေသများရှိ တိုင်းရင်းသားများ ပျံ့နှံ့တည်ရှိမှု | | | | |
|---|---|---|---|---|
| မြို့နယ် | ရပ်ကွက်/ကျေးရွာ | အနည်းစုလူမျိုးစုအုပ်စု | အများစုလူမျိုးစုအုပ်စု | အနည်းစုလူမျိုးစု % |
| ရေတာရှည် | ရွာ (၁) | ဗမာ | ၀ | ၀ |
| | ရွာ (၂) | ဗမာ | ၀ | ၀ |
| | ရွာ (၃) | ပအို့ | ၀ | ၀ |
| | ရွာ (၄) | ဗမာ | ၀ | ၀ |
| ဆိပ်ကြီး | ရပ်ကွက် (၁) | ဗမာ | ၀ | ၀ |
| | ရပ်ကွက် (၂) | ဗမာ | ၀ | ၀ |
| | ရပ်ကွက် (၃) | မွတ်ဆလင် | ဗမာ | ၄၀ |
| | ရပ်ကွက် (၄) | ဗမာ | ရခိုင် | ၀.၀၁ |
| | ရပ်ကွက် (၅) | ဗမာ | ရခိုင် | ၀.၃ |
| ကလော | ရွာ (၁) | တောင်ရိုး | ပအို့ | ၂၀ |
| | ရွာ (၂) | ဓနု | ဗမာ | ၂ |
| | ရွာ (၃) | ဓနု | ဗမာ | ၇ |
| | | | အင်းသား | ၃ |

| | | | | |
|---|---|---|---|---|
| | ရွာ (၄) | ပအိုဝ့် | တောင်ရိုး | ၂၉ |
| | | | ဓနု | ၁ |
| | ရွာ (၅) | ဗမာ | ကရင် | ၁၀ |
| | | | ဓနု | ၇ |
| | | | ပအိုဝ့် | ၇ |
| | | | ပလောင် | ၆ |
| | ရွာ (၆) | ဗမာ | ဓနု | ၂၀ |
| | | | မွတ်ဆလင် (it is said in Islam in English) | ၅ |
| | | | ပအိုဝ့် | ၅ |
| မုဒုံ | ရွာ (၁) | မွန် | ဗမာ | ၂၀ |
| | | | ကုလား | ၅ |
| | | | ကရင် | ၃ |
| | | | ရှမ်း | ၁ |
| | | | တရုတ်ကပြား | ၁ |
| | | | ရခိုင် | ၀.၃ |
| | | | ချင်း | ၀.၀၅ |
| | | | ကချင် | ၀.၀၂ |
| | ရွာ (၂) | မွန် | ၀ | ၀ |
| | ရွာ (၃) | မွန် | ဗမာ | ၄ |

| | | | | |
|---|---|---|---|---|
| | | | ကရင် | ၁ |
| | ရှာ (၄) | ဗမာ | မွန် | ၁ |
| ဇမ္ဗူသီရိ | ရပ်ကွက် (၁) | ဗမာ | လူမျိုးစုံ | ၄၀ |
| | ရွာ (၁) | ဗမာ | လူမျိုးစုံ | ၁၀ |
| | ရွာ (၃) | ဗမာ | ၀ | ၀ |
| | ရွာ (၄) | ဗမာ | လူမျိုးစုံ | ၄၀ |
| မန္တလေး | ရပ်ကွက် (၁) | ဗမာ | ပုဏ္ဏား | ၁၂ |
| | | | ရှမ်း | ၂.၆ |
| | | | ကချင် | ၀.၇ |
| | | | ကရင် | ၀.၂၄ |
| | | | ချင်း | ၀.၂၉ |
| | | | မွန် | ၀.၀၅ |
| | | | ကယား | ၀.၀၅ |
| | | | ရခိုင် | ၀.၁၆ |
| | ရပ်ကွက် (၂) | မွတ်ဆလင် | ဗမာ | ၁၁.၂ |
| | | | ရခိုင် | ၀.၆ |
| | | | ရှမ်း | ၁.၂ |
| | | | ကရင် | ၀.၀၃ |
| | | | ချင်း | ၀.၀၁ |
| | ရပ်ကွက် (၃) | ဗမာ | ရှမ်း | ၀.၇၁ |

| | | | | |
|---|---|---|---|---|
| | | | ကရင် | ၀.၁၆ |
| | | | မွန် | ၀.၁ |
| | | | ကရင် | ၀.၀၇ |
| | | | ရခိုင် | ၀.၀၆ |
| | | | ချင်း | ၀.၀၄ |
| | ရပ်ကွက် (၄) | ဗမာ | ၀ | ၀ |

ဒေတာရယူရာနေရာ - လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများ

***အမျိုးသမီးများ ပါဝင်မှု***

အမျိုးသမီးများ ပါဝင်မှုနှုန်းမှာ အမျိုးသားများ ပါဝင်မှုနှုန်းထက် သာလွန်သည်ကိုတွေ့ရှိသော်လည်း ၎င်းအား အကျိုးခံစားခွင့်ရှိသူများနေရာ၌သာ တွေ့ရခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း စတိုင်ပင်အစီအစဉ်တွင် ကျား၊မ ခွဲခြမ်းလျာထားမှုအား မြို့နယ် ၃ မြို့နယ်တွင် တွေ့ရသည်။ လက်ရှိအကျိုးခံစားခွင့် အမျိုးသမီးမှ အမျိုးသားအချိုးမှာ ၅း၄ ဖြစ်သည်။

ဇယား ၂၈ စတိုင်ပင်ခံစားခွင့်ရှိသူများ၏ အမျိုးသား/အမျိုးသမီး အချိုး

| **မြို့နယ်များ** | **၂၀၁၂-၂၀၁၃** | | **၂၀၁၃-၂၀၁၄** | |
|---|---|---|---|---|
| | **ကျား** | **မ** | **ကျား** | **မ** |
| မုဒုံ | ၁၃ | ၂၀ | ၁၅ | ၁၈ |
| ဇမ္ဗူသီရိ | ၁၀ | ၁၂ | ၉ | ၁၃ |
| ရေတာရှည် | ၂၂ | ၂၂ | ၂၂ | ၂၂ |
| ကလော | ၁၃ | ၂၀ | ၁၂ | ၂၁ |
| မဟာအောင်မြေ | ၁၂ | ၁၀ | ၁၃ | ၉ |
| ဆိပ်ကြီး | ၈ | ၁၄ | ၈ | ၁၄ |
| **စုစုပေါင်း** | **၇၈** | **၉၈** | **၇၉** | **၉၇** |
| ကျား/မ အချိုး | ၄း၅ | | ၄း၅ | |

ဒေတာရယူရာနေရာ - လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများ

ရပ်ရွာကိုယ်၌မှ အကျိုးခံစားခွင့်ရှိသူ ရွေးချယ်ခြင်းအဆင့်ဆင့်တွင် ပါဝင်ခြင်းမရှိသည့်အတွက် အမျိုးသမီးများ ပါဝင်မှု နည်းခြင်းမှာ နားလည်ဖွယ်ရာဖြစ်သည်။ အခြား ကျောင်းအသင်းအဖွဲ့များ၊ ကော်မတီများနှင့် ကျောင်းသား/မိဘ အသင်းများတွင်လည်း အမျိုးသမီးပါဝင်မှု နည်းခြင်းကြောင့် စတိုင်ပင်အစီအစဉ်တွင်လည်း အမျိုးသမီးပါဝင်မှု နည်းခြင်းဖြစ်နိုင်သည်။ ကျောင်းကော်မတီများ၊ ကျောင်းသား/မိဘ အသင်းများနှင့် တွေ့ဆုံမေးမြန်းမှုများတွင် အမျိုးသားများကိုသာ တွေ့ရှိရပြီး နွမ်းပါးမိသားစုနှင့် ဆွေးနွေးပွဲများတွင်မူ အမျိုးသမီးထုမှာ အများစုဖြစ်သည်။

## ၇. ကျိုးကြောင်းတုံ့ပြန်မှုစနစ်

***ကျိုးကြောင်းတုံ့ပြန်မှုစနစ် မထူထောင်ရသေးခြင်း ........***

မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်များ၏ ဆိုစကားအရ စတိုင်ပင်အစီအစဉ်နှင့် ပတ်သက်ပြီး မည်သည့် တိုင်ကြားမှုစနစ် (သို့) ကျိုးကြောင်းတုံ့ပြန်မှုစနစ်မှ မထူထောင်းရသေးဟု ဆိုသည်။ စတိုင်ပင်အစီအစဉ်စတင်သည့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကတည်းမှ မည့်သည့်စောဒကတက်မှုမှ မကြားရဖူးဟု ဆိုသည်။ သို့သော်လည်း ဆုရကျောင်းသားနှစ်ဦးအား အင်တာဗျူးခဲ့ရာတွင် စတိုင်ပင်မရသော ကျောင်းသားများမှာ ၄င်းတို့မှာ နွမ်းပါးသူများ ဖြစ်လင့်ကစား မည်သည့်အတွက်ကြောင့် ဆုမရသည်ကို နားမလည်ဖြစ်ရသည် ဟုဆိုသည်။ ထို့ကြောင့် စတိုင်ပင်အစီအစဉ်အား တိုးချဲ့လျက် လူထုသို့ သတင်းအချက်အလက် ပိုပေးမည်ဆိုလျှင် စောဒကတက်မှုများနှင့် ကျိုးကြောင်းတုံ့ပြန်မှုများ ပိုမိုရရှိလာနိုင်ဖွယ်ရာရှိသောကြောင့် ၄င်းစနစ်အား စနစ်တကျ ထူထောင်သင့်သည်။

## ၈. ပုံမှန်စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်း

***စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းစနစ်မှာ အားနည်းနေခြင်း.........***

လေ့လာခဲ့သော ကျောင်းများအားလုံးတွင် ပုံမှန်စောင့်ကြည့်လေ့လာမှုအနေဖြင့် ဆုရကျောင်းသားများ (သို့) အုပ်ထိန်းသူများ၏ လက်မှတ်များအား ကောက်ယူခြင်းကိုသာတွေ့ရသည်။ မြို့နယ်တစ်ခုတွင် ပွင့်လင်းမြင်သာခြင်း (သို့) စောင့်ကြည့်လေ့လာခြင်း နှင့် အစီရင်ခံခြင်းလုပ်ငန်းစဉ်အတွက် မြို့နယ်ရုံးများတွင် စတိုင်ပင်ထုတ်ယူစဉ် ဆုရသူကျောင်းသားလက်မှတ်နှင့်အတူ အတန်းပိုင်ဆရာမလက်မှတ်အား သက်သေအဖြစ် တင်ပြရသည်။ လေ့လာခဲ့သောမြို့နယ် ၃ ခုတွင်

၄င်းလက်မှတ်များအား ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ရုံးများသို့ တင်ပြရသည်။ ၄င်း ၃ မြို့နယ်အနက်မှ ၁ မြို့နယ်တွင် လက်မှတ်ထိုးထားသော မှတ်တမ်းများအား မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး ပညာရေးရုံးများသို့ တင်ပြရသည်။ ၄င်း ၃ မြို့နယ်အနက်မှ စတိုင်ပင်ငွေအား မြို့နယ်ပညာရေးမှူးရုံးတွင် ထုတ်ယူရသော ဒုတိယ တစ်မြို့နယ်သည် လက်မှတ်ထိုးထားသော မှတ်တမ်းများအား ခရိုင်ပညာရေးရုံးသို့ တင်ပြရသည်။ တတိယမြို့နယ်တွင် ကျောင်းများမှာသာ ၄င်းမှတ်တမ်းများအား မြို့နယ်ပညာရေးရုံးသို့ တင်ပြရသည်။ အခြားလေ့လာခဲ့သော မြို့နယ် ၃ မြို့နယ်တွင် ၄င်းမှတ်တမ်းများအား မည်သည့်ရုံးသို့မျှ ပို့ဆောင်သည်ကို မတွေ့ရပေ။ လက်မှတ်ထိုးထားသော မှတ်တမ်းများအား ပညာရေးရုံးများသို့ ပို့ဆောင်ရသည့် မြို့နယ်အချို့မှအပ ပုံမှန်စောင့်ကြည့်လေ့လာခြင်းနှင့် အစီရင်ခံခြင်းလုပ်ငန်းစဉ်အား ဖော်ပြခြင်းမရှိကြပေ။

## ၉. စတိုင်ပင်အစီအစဉ် ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရန် အကြံပြုထောက်ခံချက်များ

စတိုင်ပင်အစီအစဉ် ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရန် အကြံပြုထောက်ခံချက်များမှာ သုတေသနအတွင်း မတူညီသော နီးနွယ်အကျိုးဝင်ပတ်သက်သူ အမျိုးမျိုးအား အင်တာဗျူးမေးမြန်းမှုရလဒ်များအပေါ် အခြေခံပါသည်။ ၄င်းတို့တွင် ပညာရေးဝန်ကြီးဌာနမှ လူကြီးများ၊ ကျောင်းကော်မတီဝင်များနှင့် ကျောင်းသား/မိဘအသင်းဝင်များ၊ နွမ်းပါးသော ကျောင်းသားမိဘများ၊ စတိုင်ပင်ဆုရ ကျောင်းသားများနှင့် ကျေးရွာခေါင်းဆောင်များ ပါဝင်သည်။ ပညာရေးဝန်ကြီးဌာနမှ မေးမြန်းခဲ့သူများတွင် အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၊ ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန နှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ သုတေသနပညာရှင်များ ပါဝင်သည်။ မြို့နယ် ၆ ခု စလုံးတွင် မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ နှင့် ဆရာ/ဆရာမများ နှင့် ရပ်ရွာလူထုတို့အား မေးမြန်းခဲ့သည်။ ရပ်ရွာလူထုနှင့် မေးမြန်းမှုများတွင် တိုင်းရင်းသားလူမျိုးစုများ ပါဝင်ခဲ့သည်။

ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များမှာ ဖွဲ့စည်းအုပ်ချုပ်ပုံဆိုင်ရာ အထောက်အပံ့ဖြစ်ရေး အကြံပြုထောက်ခံချက်များအား တင်ပြခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများအတွက် လိုအပ်လျက်ရှိသော ဥပဒေပြုမှု မူဘောင်များ ပေါ်ထွန်းလာစေရန် အစပြုဆောင်ရွက်စေချင်ကြကြသည်။ စတိုင်ပင်အစီအစဉ်နှင့် ပတ်သက်သည့် ကျန်ရှိသော အကြံပြုထောက်ခံချက်များမှာ ပညာရေးဝန်ကြီးဌာနအတွက်ဖြစ်ပြီး အထူးသဖြင့် ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန အတွက်ရည်ရွယ်သည်။

**၁. စတိုင်ပင်အစီအစဉ် ပိုမိုကောင်းမွန်လာရေးအတွက် မူဝါဒအဆင့် အကြံပြုထောက်ခံချက်များ**

<u>**လုပ်ငန်းစီမံဆောင်ရွက်မှုလက်စွဲ ပိုမိုကောင်းမွန်လာရေး ရေတိုလုပ်ငန်းစဉ်ဆိုင်ရာ အကြံပြုထောက်ခံချက်များ**</u>

- အားလုံး အကျုံးဝင်ပတ်သက်ပါဝင်ခွင့်ရှိသော လုပ်ငန်းအကောင်အထည်ဖော်မှု အဆင့်ဆင့်အား ရှင်းလင်းစွာ ဖော်ပြထားမှုပါရှိသည့် လုပ်ငန်းစီမံဆောင်ရွက်မှုလက်စွဲ ပေါ်ထွန်းလာစေရေး။ ၄င်းတွင် ယခုလေ့လာမှုမှ သင့်လျော်သော တွေ့ရှိချက်များနှင့် အကြံပြုထောက်ခံချက်များအား ထည့်သွင်းထားမည်ဖြစ်သည်။
- အောက်တွင်ဖော်ပြထားသော စကားလုံးများနှင့် အခြားသင့်လျော်သော စကားလုံးများအတွက် အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များအား လက်စွဲတွင် ထည့်သွင်းဖော်ပြထားခြင်း
  - နွမ်းပါး
  - ပညာတတ်
  - ဝေးလံသီခေါင်သော
  - တိုင်းရင်းသားလူမျိုးများနှင့် လူနည်းစုအုပ်စုများ
- ဘဏ်စာရင်းမည်သို့ဖွင့်ရမည်၊ စတိုင်ပင်ငွေအား မည်သို့အပ်နှံ (သို့) ထုတ်ယူရမည်နှင့် စတိုင်ပင်ငွေအား အကျိုးခံစားခွင့်ရှိသူများသို့ မည်သို့ပို့ဆောင်မည် စသည့် ဘဏ္ဍာစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများအား သတ်သတ်မှတ်မှတ် ဖော်ပြထားခြင်း။ စတိုင်ပင်ဘဏ္ဍာငွေ ဘဏ်စာရင်းအား လူသုံးဦးဖြင့် ပူးတွဲဖွင့်လှစ်ထားသင့်ပြီး ကျေးရွာကိုယ်စားလှယ် ဖြစ်သည့် မြို့နယ်ပညာရေးထောက်ပံ့ကော်မတီဝင်တစ်ဦးအား ပါဝင်စေသင့်သည်။

<u>**စတိုင်ပင်ငွေ ပို့နှံ့ရောက်ရှိမှုဆိုင်ရာ ရေတိုလုပ်ငန်းစဉ် အကြံပြုထောက်ခံချက်များ**</u>

- ဝေးလံသော ဒေသများရှိ ကျောင်းများနှင့် ကိုက်ညီသော ဘဏ္ဍာငွေ စီးဆင်းခြင်းနှင့် ထုတ်ဝေပေးခြင်းဆိုင်ရာ အစီအမံများ စနစ်ကျနစွာပေါ်ထွန်းလာရေး။
- ဝေးလံသောဒေသမှ စတိုင်ပင်ငွေ လာရောက်ထုတ်ယူရသော ကျောင်းလူကြီးများအတွက် ခရီးစရိတ်ကာမိသောငွေအား အပိုဆောင်းထောက်ပံ့ပေးခြင်း ။

<u>**အကျိုးခံစားခွင့်ရှိသူ အရေအတွက်နှင့် စတိုင်ပင်ငွေပမာဏတိုးမြှင့်ရေး ရေတိုလုပ်ငန်းစဉ် အကြံပြုထောက်ခံချက်များ**</u>

- အလယ်တန်းနှင့် အထက်တန်းပညာရေးများအတွက် စတိုင်ပင်အကျိုးခံစားခွင့်ရှိသူ အရေအတွက်တိုးမြှင့်ခြင်းမှာ ကျောင်းသားများ၏ ငွေရေးကြေးရေးလိုအပ်ချက်အား လိပ်မူရုံသာမက လူအများအား စတိုင်ပင်အစီအစဉ်အား အသိပေးရာလည်းကျသည်။ အင်တာဗျူးဖြေဆိုသူအချို့မှာ စတိုင်ပင်ရ ကျောင်းသားအရေအတွက်အား ယခုထက် ၅ ဆ များသင့်ပြီး အချို့မှာ ၁၀ ဆ များသင့်သည်ဟု အကြံပြုခဲ့ကြသည်။
- စတိုင်ပင်ငွေပမာဏ တိုးမြှင့်ရာတွင် ဖြေဆိုသူအများအပြား အကြံပြုသည်မှာ အလယ်တန်း ၁၀,၀၀၀ ကျပ် နှင့် အထက်တန်း ၁၅,၀၀၀ ဖြစ်သည်။

**<u>ကျောင်းသားရွေးချယ်မှုစံနှုန်းများ ပြောင်းလဲရေးအတွက် အကြံပြုထောက်ခံချက်များ</u>**

- မိဘမဲ့များကို ဦးစားပေးစဉ်းစားခြင်းကြောင့် မိဘနွမ်းပါးလွန်းသဖြင့် သားသမီးပညာရေးအား မထောက်ပံ့နိုင်သည့်သူများ ဖယ်ချန်ခဲ့စေသည့် အများအမြင်လွဲနေကြသော ရွေးချယ်မှုစံနှုန်းအား ကိုင်တွယ်ဖြေရှင်းခြင်း။
- "စာတော်သော ကျောင်းသားများ" အား ဦးစားပေးစဉ်းစားခြင်းဟူသော အချက်အား ပယ်ဖျက်ခြင်း။ နွမ်းပါးသော မိသားစုမှ ကျောင်းသားများသည် ရုန်းကန်ရှင်သန်ရခြင်းကြောင့် စာတော်ချင်မှ တော်နိုင်မည်။ အမှတ်ကောင်းသော ကျောင်းသားကိုသာ စတိုင်ပင်ပေးမည် စဉ်းစားပါက နွမ်းပါး ထိခိုက်လွယ်မိသားစုမှ ကျောင်းသားများသည် နိုင်ငံတော်ထောက်ပံ့မှုရရန် နှင့် ထူးချွန်သော ကျောင်းသားများဖြစ်လာရန် အခွင့်အလန်းရှိတော့မည် မဟုတ်ပေ။

**<u>အမြင်ဖွင့်မှုနှင့်သတင်းအချက်အလက်ပေးခြင်း ရေတိုလုပ်ငန်းစဉ် အကြံပြုထောက်ခံချက်များ</u>**

- ထိရောက်သော အမြင်ဖွင့်ရေးလုပ်ငန်းစဉ်နှင့် သတင်းအချက်အလက်ပေးခြင်း အစီအမံတစ်ရပ် ပေါ်ထွန်းလာစေခြင်း။
- မတူညီသော နီးနွယ်အကျုံးဝင်ပတ်သက်သူများဖြစ်သည့် ကျောင်းအုပ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနမှ ဝန်ထမ်းများ နှင့် ပညာရေးတက္ကသိုလ်မှ ဆရာများ စသူတို့ အကြံပြုခဲ့သော သတင်းအချက်ဖြန့်ဝေသည့် နည်းလမ်းများအား အသုံးပြုခြင်း။
  - ကျောင်းအပ်ချိန်တွင် ကြော်ငြာသင်ပုန်းတွင် ကပ်ထားခြင်း။
  - ရည်ရွယ်ရင်းနှင့် စံသတ်မှတ်ချက်များအား ကျောင်းစဖွင့်ဖွင့်ချင်းနှင့် ဆုပေးပွဲအခမ်းအနားများအပြင် မိဘ/ဆရာ အစည်းအဝေးပွဲများတွင် တစ်နှစ်နှစ်ကြိမ်မျှ ရှင်းလင်းပြောကြားခြင်း။

- စတိုင်ပင်အစီအစဉ်အား ကျေးရွာ အသံချဲ့စက်များ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှ ကြေငြာခြင်း။
- ကျောင်းသားမိဘများလာသည့်အချိန်ဖြစ်သော ကျောင်းအပ်ချိန်များတွင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း။
- စတိုင်ပင်အစီအစဉ်အား အခြားတိုင်းရင်းသားလူမျိုးများ၊ လူနည်းစုအုပ်စုများ သိရှိစေရန် အနည်းဆုံး အဓိကကျသော တိုင်းရင်းသား (၆) လူမျိုး ဘာသာစကားတို့ဖြင့် ဘာသာပြန်စေခြင်း။

**<u>ကျိုးကြောင်းတုံ့ပြန်မှု စနစ် ပေါ်ထွန်းလာရေး ရေတိုလုပ်ငန်းစဉ် အကြံပြုထောက်ခံချက်များ</u>**

ကျိုးကြောင်းတုံ့ပြန်ခြင်းနှင့် ပဋိပက္ခများ ကိုင်တွယ်ဖြေရှင်းရမည့် ကျောင်းနှင့် မြို့နယ်အဆင့် ကော်မတီများအား အထိုင်ချသင့်သည်။ ၎င်းကော်မတီသည် ပညာသင်ဆုနှင့် စတိုင်ပင်ရွေးချယ်ရေး မြို့နယ် (သို့မဟုတ်) ကျောင်းအဆင့် ဘုတ်အဖွဲ့၏ တစိတ်တပိုင်း ဖြစ်သင့်သည်။ ဒုတိယအနေဖြင့် ကော်မတီမှာ ဖုန်းနံပါတ်များ၊ လိပ်စာများ စသော ဆက်သွယ်ရမည့် အချက်အလက်အပြည့်အစုံအား သတ်မှတ်ထားသင့်ပြီး ၎င်းတို့အား ကျောင်းကြော်ငြာသင်ပုန်းများတွင်ရှိ ကြော်ငြာများ၊ ကျောင်းသား၊ မိဘနှင့် ရပ်ရွာလူထုသို့ ကမ်းသော လက်ကမ်းစာစောင်များတွင် ပါဝင်စေသင့်သည်။

**<u>စောင့်ကြည့်လေ့လာခြင်းအတွက် ရေတိုလုပ်ငန်းစဉ် အကြံပြုထောက်ခံချက်များ</u>**

- လုပ်ငန်းလုပ်ဆောင်ပုံလက်စွဲနှင့် ချိတ်ဆက်နေသော စနစ်တကျ ဒီဇိုင်းဆွဲထားသည့် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း အစီအမံတစ်ရပ်အား ပေါ်ထွန်းစေခြင်း။
- Baseline Data ကောက်ယူခြင်းအား အမြန်ဆုံးစတင်စေခြင်း။
- စတိုင်ပင်ကျောင်းသား ရွေးချယ်ခြင်းများတွင် ကျောင်းသားများ၏ လူမျိုး၊ ဘာသာ စသည့် အခြေခံအချက်အလက်များအား မှတ်တမ်းယူထားခြင်းဖြင့် ပညာရေး ဝန်ကြီးဌာန သတင်းအချက်အလက် စီမံခန့်ခွဲရေး စနစ်တွင် မှတ်တမ်းကျန်စေမည်ဖြစ်သည်။

**<u>အကဲဖြတ်လေ့လာဆန်းစစ်ခြင်းအတွက် ကာလလတ်နှင့် ကာလရှည် လုပ်ငန်းစဉ် အကြံပြုထောက်ခံချက်များ</u>**

- စတိုင်ပင်အစီအစဉ်၏ အကျိုးသက်ရောက်မှုအား ကာလတိုအနေဖြင့် ၁ နှစ်ကြာပြီး နောက်တွင်လည်းကောင်း၊ ကာလလတ်အနေဖြင့် ၃ နှစ်အကြာတွင် လည်းကောင်း၊ ကာလရှည်အနေဖြင့် ၁၀ နှစ်အကြာတွင်လည်းကောင်း အကဲဖြတ် လေ့လာဆန်းစစ်မှုပြုလုပ်ခြင်း။
- အကဲဖြတ်လေ့လာခြင်းအား မြို့နယ်နှင့် နိုင်ငံတော် အဆင့်နှစ်ဆင့်စလုံးတွင် ပြုလုပ်ခြင်း။

- မြို့နယ်အဆင့် အကဲဖြတ်လေ့လာခြင်းများတွင် ရပ်ရွာလူထု၊ မြို့နယ်ကျောင်းသားရွေးချယ်ရေး ဘုတ်အဖွဲ့ဝင်များနှင့် အကျိုးခံစားခွင့်ရှိသူများအား ပါဝင်စေခြင်း။ နိုင်ငံတော်အဆင့် အကဲဖြတ်လေ့လာခြင်းတွင် မူဝါဒပြုသူများ၊ နိုင်ငံတော်နှင့် တိုင်းဒေသကြီးအဆင့် အကောင်အထည်ဖော်သူများ၊ မြန်မာနိုင်ငံ ပညာရေးသုတေသန ဘုတ်အဖွဲ့မှ ဝန်ထမ်းများ နှင့် မြို့နယ်စတိုင်ပင်ကျောင်းသားရွေးချယ်ရေး ဘုတ်အဖွဲ့ဝင်များ ပါဝင်စေခြင်း။

**<u>စတိုင်ပင်အစီအစဉ်အား ရပ်ရွာအခြေပြု အကောင်အထည်ဖော်စနစ်ဖြစ်စေရန် အကြံပြုထောက်ခံချက်များ</u>**

- စီမံကိန်းအကောင်အထည်ဖော်မှု အဆင့်ဆင့်ဖြစ်သော အမြင်ဖွင့်ခြင်းလုပ်ငန်းစဉ်၊ သတင်းအချက်အလက်ပေးခြင်း၊ အကျိုးခံစားခွင့်ရှိသူ ဦးတည်ရွေးချယ်ခြင်း၊ စီစစ်ရွေးချယ်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း၊ တိုင်ကြားခြင်းနှင့် ပဋိပက္ခဖြေရှင်းမှုစနစ် ပေါ်ထွန်းလာရေး စသည်တို့တွင် ရပ်ရွာလူထုအား ပါဝင်စေခြင်း။ စီမံကိန်းတွင်း ရပ်ရွာလူထုအား ပါဝင်စေခြင်းမှာ လူထုစိတ်ပါလာစေရန်အတွက် အရေးကြီးပြီး ၎င်းတို့၏ ပါဝင်မှုသည် အထိရောက်ဆုံးသော အမြင်ဖွင့်မှုဖြစ်ပြီး စီမံကိန်းအတွင်း ယုံကြည်မှုတည်ဆောက်ရာလည်းကျသည်။
- မြို့နယ်စတိုင်ပင်ကျောင်းသားရွေးချယ်ရေး ဘုတ်အဖွဲ့တွင် အခြေခံပညာ ဦးစီးဌာနမှ ဝန်ထမ်းများ သက်သက်သာ ပါဝင်စေခြင်းထက် ရပ်ရွာလူထု အထူးသဖြင့် နွမ်းပါးသူများ၊ တိုင်းရင်းသား လူမျိုးများကိုပါ ပါဝင်စေခြင်း။ ဘုတ်အဖွဲ့နှစ်ခုစလုံးတွင် ရပ်ရွာကိုယ်စားပြုများ ပါဝင်စေခြင်းသည် ပိုပြီး အမြင်ဖွင့်ရာလည်းရောက်သည်။
- စတိုင်ပင်နှင့် စပ်လျဉ်းသော လုပ်ငန်းဆောင်တာများဆောင်ရွက်ရာတွင် တာဝန်ရှိသည့် ရပ်ရွာအခြေပြု အဖွဲ့အစည်းများတွင် နွမ်းပါးသူများ၊ တိုင်းရင်းသား လူမျိုးများကိုပါ ပါဝင်စေခြင်း။ ကျောင်းကော်မတီအတော်များများတွင် ကော်မတီအပြင် ဆယ်အိမ်မှူးများ ပါဝင်စေခြင်းမှာ အနွမ်းပါးဆုံးနှင့် အားနည်းအုပ်စုများဆီသို့ ရောက်ရှိစေရန် နည်းလမ်းကောင်းဖြစ်သည်ဟု အကြံပြုခဲ့သည်။

**<u>စတိုင်ပင်အပြင် အခြားထောက်ပံ့မှုများအတွက် အကြံပြုထောက်ခံချက်များ</u>**

- မူလတန်းကျောင်းသားများအား အာဟာရပြည့်သော ထမင်းတစ်နပ်ကျွေးမွေးခြင်း (ကျောင်းအုပ်များမှ အကြံပြုထားသည်) နှင့် ကလေးများ ကျောင်းမှန်မှန်တက်ချင်စိတ် ဖြစ်လာစေရန် အစီအစဉ်များ ထည့်သွင်းပေးခြင်း။

- ကျောင်းသားများအား ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်း။ အထူးသဖြင့် မိုးရာသီတွင် ကျောင်းသားတစ်ဦးအတွက် အနည်းဆုံး ကျောင်းဝတ်စုံ ၃ စုံရှိမှသာ တစ်စုံမှာ အမြဲခြောက်သွေ့နေမည်ဖြစ်သည်။

## အပိုင်း ၈. ကျောင်းထောက်ပံ့ကြေး (School Grants) အစီအစဉ် လူမှုလေ့လာဆန်းစစ်မှုမှ အဓိက တွေ့ရှိချက်များ

၂၀၁၂-၂၀၁၃ ခုနှစ်မှ စတင်ပြီး ကျောင်းများတွင် School Grants ထောက်ပံ့မှုများ ရှိကြောင်း တွေ့ရသည်။ မူလတန်းကျောင်းများအတွက် ကျောင်းထောက်ပံ့ငွေပမာဏမှာ ကျောင်းတစ်ကြောင်းစီတွင်ရှိသော ကျောင်းသားအရေအတွက်ပေါ်တွင်မူတည်ပြီး [8] အလက်တန်းနှင့် အထက်တန်းကျောင်းများအတွက်မူ ကျပ် ၅၀၀,၀၀၀ နှင့် ၉၀၀,၀၀၀ အထက် ဟူ၍ သတ်သတ်မှတ်မှတ် သတ်မှတ်ထားသည်ဟု ကျောင်းအုပ်များနှင့် မြို့နယ်ပညာရေးအရာရှိများမှ တင်ပြကြသည်။ မြို့နယ် ၃ ခုရှိ ပညာရေးမှူးများအဆိုအရ အလယ်တန်းနှင့် အထက်တန်းအတွက် ကျောင်းထောက်ပံ့ကြေးများမှာ တစ်နှစ် ၂ ကြိမ်ရရှိသည်ဟု ဆိုသည်။ ဥပမာ- မန္တလေးရှိ ကျောင်းသား ၂,၀၀၀ကျော်သော အထက်တန်းကျောင်း တစ်ကျောင်းတွင် စာသင်နှစ်အစောပိုင်း၌ ကျပ် ၃၀၀,၀၀၀ ရရှိပြီး နှစ်အတွင်းတွင် နောက်ထပ် ကျပ် ၈၅၀,၀၀၀ ရရှိသည်ဟု ဆိုသည်။

ကျောင်းထောက်ပံ့ကြေးများမှာ မူလတန်းကျောင်းများတွင် ကျောင်းသားဦးရေအပေါ် အခြေခံသော်လည်း၊ ထောက်ပံ့ကြေးပမာဏတစ်ခုအတွက် သတ်မှတ်ထားသော ကျောင်းသားအရေအတွက်မှာ မြို့နယ်တစ်ခုနှင့် တစ်ခု မတူညီပေ။ ဇယား ၂၉ တွင် မြို့နယ် ၃ မြို့နယ်ရှိ မူလတန်းကျောင်းသား အရေအတွက်အမျိုးမျိုးအရ မတူညီသော ကျောင်းထောက်ပံ့ကြေးပမာဏများကို ဖော်ပြထားသည်။

ဇယား ၂၉ မြို့နယ် ၆ မြို့နယ်ရှိ ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း မူလတန်းကျောင်းထောက်ပံ့ကြေး ပမာဏများ

| **မြို့နယ်များ** | **ကျောင်းတစ်ကျောင်းရှိကျောင်းသားဦးရေ** | **တန်ဖိုး (ကျပ်)** |
|---|---|---|

[8] မြို့နယ်တစ်ခုနှင့်တစ်ခု ထောက်ပံ့ကြေးပမာဏများမှာ ကွဲပြားလျက်ရှိသည်။ ဥပမာ- အုတ္တလေးမှ ပြောကြားချက်အရ ကျောင်းသား ၁၀၀ အောက်မူလတန်းကျောင်းများအတွက် ထောက်ပံ့ငွေမှာ နှစ်စဉ် ၁၅၀,၀၀၀ ကျပ်၊ ကျောင်းသား ၁၀၀ နှင့် ၂၀၀ ကြားအတွက် ၂၅၀,၀၀၀ ကျပ်နှင့် ကျောင်းသား ၃၀၀ အထက်တွင် ၃၀၀,၀၀၀ ကျပ်ရရှိသည်ဟု ဆိုသည်။ သို့သော် မုဒုံတွင် ကျောင်းသား ၁၀၀ အောက်ကျောင်းများမှာ ၂၀၀,၀၀၀ ကျပ်၊ ကျောင်းသား ၁၀၀ နှင့် ၃၀၀ ကြား အတွက် ၂၅၀,၀၀၀ ကျပ်နှင့် ကျောင်းသား ၃၀၀ ကျော်လျှင် ၃၀၀,၀၀၀ ကျပ်ဟု ဆိုသည်။

| | | |
|---|---|---|
| ကလော | ကျောင်းသား ၁၀၀ အောက် | ၁၀၀,၀၀၀ |
| | ကျောင်းသား ၁၀၀ အထက် | ၁၅၀,၀၀၀ |
| | ကျောင်းသား ၂၀၀ | ၂၀၀,၀၀၀ |
| | ကျောင်းသား ၂၀၀ အထက် | ၂၅၀,၀၀၀ |
| မန္တလေး | ကျောင်းသား ၁၀၀ | ၁၅၀,၀၀၀ |
| | ကျောင်းသား ၁၀၀ နှင့် ၂၀၀ ကြား | ၂၅၀,၀၀၀ |
| | ကျောင်းသား ၃၀၀ | ၃၀၀,၀၀၀ |
| မုဒုံ | ကျောင်းသား ၁၀၀ အောက် | ၂၀၀,၀၀၀ |
| | ကျောင်းသား ၁၀၀ နှင့် ၃၀၀ ကြား | ၂၅၀,၀၀၀ |
| | ကျောင်းသား ၃၀၀ အထက် | ၃၀၀,၀၀၀ |

ဒေတာရယူရာနေရာ - လေ့လာခဲ့သော ၆ မြို့နယ်မှ မြို့နယ်ပညာရေးရုံးများ

တွေ့ဆုံမေးမြန်းခဲ့သော ကျောင်းအုပ်များနှင့် မြို့နယ်ပညာရေးမှူးများအဆိုအရ ကျောင်းထောက်ပံ့ကြေးမှာ သယ်ယူပို့ဆောင်ရေးစရိတ်၊ ကျောင်းစာကြည့်တိုက်အတွက် ဖတ်ဖို့ဖတ်ရာများ၊ လျှပ်စစ်၊ ဖုန်းခေါ်ဆိုမှု၊ စက်ပစ္စည်းပြုပြင်မွမ်းမံမှု နှင့် သန့်ရှင်းရေး သောက်သုံးရေ စသော အခြားအထွေထွေ အသုံးစရိတ်များအတွက် အတိအကျကန့်သတ်ထားသော ဘတ်ဂျက်လိုင်းအတွင်းသာ အသုံးပြုရသည်ဟု ဆိုသည်။

**၁. ထောက်ပံကြေးမည်သို့ သုံးစွဲရမည်ကို ဆုံးဖြတ်ခြင်း**

လေ့လာခဲ့သော ကျောင်းများတွင် ကျောင်းအုပ်များမှသာ ထောက်ပံ့ကြေးမည်သို့သုံးစွဲရမည်ကို ဆုံးဖြတ်ကြသည်ကို တွေ့ရသည်။ ကျောင်းအချို့မှာသာ ထောက်ပံ့ကြေးမသုံးစွဲခင်တွင် ကျောင်းအုပ်များမှ ကျောင်းကော်မတီအား တိုင်ပင်ကြသည်ကို တွေ့ခဲ့သည်။

**၂. ကျောင်းထောက်ပံ့ကြေးများအား မည်သို့ ထုတ်ပေးပေးသနည်း**

မြို့နယ်ပညာရေးမှူးရုံးများအဆိုအရ ဂန်ကြီးဌာနဆီမှ ထောက်ပံ့ကြေးငွေအား မြန်မာ့စီးပွားရေး ဘဏ်မှတဆင့် ရရှိပြီးသည်နှင့် တစ်ပြိုင်နက် ထုတ်ပေးပေးသည်ဟု ဆိုသည်။ တဆက်တည်းမှာပဲ မြို့နယ်ပညာရေးမှူးမှာ ဘတ်ဂျက်လိုင်းအမျိုးမျိုးတွင် သုံးစွဲနိုင်သော သတ်သတ်မှတ်မှတ် ပမာဏများအတွက် ညွှန်ကြားချက်ကို ရရှိတတ်သည်။ ၄င်းနောက် ဘဏ္ဍာငွေရောက်ရှိကြောင်းနှင့် ဘတ်ဂျက်လိုင်း တစ်ခုစီအောက်တွင် သုံးစွဲနိုင်သော ငွေပမာဏများအား အကြောင်းကြားသည်။ ၄င်းနောက် ကျောင်းအုပ်များမှာ အသုံးစရိတ်ပြေစာများနှင့် အသုံးစရိတ်ပေါင်းချုပ် လယ်ဂျာအား

မြို့နယ်ပညာရေးမှူးသို့ တင်ပြပြီး ပညာရေးမှူးမှာ ဘတ်ဂျက်လိုင်းအသီးသီးအောက်တွင် အသုံးပြုခွင့်ပေးထားသော ငွေပမာဏများအရ ထောက်ပံ့ငွေအား ထုတ်ဝေပေးသည်။

**၃. ထောက်ပံ့ကြေးအစီအစဉ်အတွက် ကန့်သတ်ချက်များ**

***ဘတ်ဂျက်လိုင်းတင်းကြပ်ခြင်းမှာ အခြားလိုအပ်သောအသုံးစရိတ်များ သုံးစွဲရန် အဟန့်အတားဖြစ်စေခြင်း***

မြို့နယ်ပညာရေးမှူးများနှင့် လက်ထောက်ပညာရေးမှူးများ၏ အဆိုအရ ကျောင်းထောက်ပံ့ကြေး အတွက် အဓိကအခက်အခဲမှာ ဘတ်ဂျက်လိုင်း ကန့်သတ်ချက် တင်းကြပ်ခြင်းဖြစ်သည်ဟု ဆိုသည်။ ၎င်းအတွက်ကြောင့် ကျောင်းအတွက်လိုအပ်သော အချို့အရာများအား ဝယ်ယူလို့မရပေ။ ဥပမာ-သောက်ရေအိုးများနှင့် ရေပုံးများမှာ နှစ်စဉ်ဝယ်ယူရန်မလိုပေ။ သို့သော်လည်း လျှပ်စစ်ပစ္စည်း ပြင်ဆင်စရိတ်နှင့် အခမ်းအနားစရိတ်များမှာ နှစ်တိုင်း သတ်မှတ်ဘတ်ဂျက်ထက် ကျော်လွန် လျက်ရှိသည်။

အထူးသဖြင့် နွမ်းပါးကျောင်းများမှ ကျောင်းအုပ်အများအပြားမှာ ကျောင်းထောက်ပံ့ကြေးမှာ အလွန်အထောက်အကူဖြစ်ကြောင်း ထောက်ခံခဲ့သည်။ သို့သော်လည်း ဘတ်ဂျက်လိုင်း တင်းကြပ်မှုအခက်အခဲများရှိကြောင်း ပြောကြားခဲ့သည်။ ဘတ်ဂျက်လိုင်းတင်းကြပ်မှုနှင့် စပ်လျဉ်းပြီး ကျောင်းအုပ်နှင့် ပညာရေးမှူးအများအပြားမှာ စိတ်ပျက်လျက်ရှိကြောင်းကို အောက်ပါ ကိုးကားချက်များတွင် တွေ့နိုင်သည်။

*ထောက်ပံ့ကြေးဘဏ္ဍာငွေကို ပြည့်အောင်မသုံးနိုင်ဘူး .... ဘတ်ဂျက်လိုင်းကြပ်တော့ လိုအပ်တာအားလုံး ဝယ်လို့မရဘူး။*

(ကျောင်းအုပ်)

အချို့ကိစ္စရပ်များတွင် အချို့အကျောင်းအုပ်များသည် ဘတ်ဂျက်လိုင်း ကြပ်ခြင်းကြောင့် တလွဲပြတောင်းဆိုထားသည်များလည်း ရှိသည်ဟူသော ကောလဟလများလည်း ကြားခဲ့ရသည်။ အထူးသဖြင့် အခြားကျော်သုံးထားသည်များ ကာမိရန် မသုံးနိုင်သော ဘတ်ဂျက်လိုင်းများတွင် ပြေစာများတင်ပြခြင်းမျိုးဖြစ်သည်။ ထို့ကြောင့် တင်းကြပ်သော ဘတ်ဂျက်လိုင်းစနစ်သည် ပြည်သူ့ဝန်ထမ်းများအား မရိုးမသားလုပ်အောင် တွန်းပို့ရာရောက်လျက်ရှိသည်။

***ကျောင်းအုပ်များနှင့် ဆရာများ၏ ဘဏ္ဍာရေးဆိုင်ရာဗဟုသုတ တိုးမြှင့်ရန်လိုသေး............***

နောက်ထပ်အဟန့်အတားတစ်ခုမှာ ကျောင်းအုပ်များ၏ ဘဏ္ဍာရေးအသိအမြင် နည်းပါးခြင်းဖြစ်သည်။ ၎င်းအား မြို့နယ်ပညာရေးမှူးများနှင့် ပညာရေးလက်ထောက်များမှ တင်ပြခဲ့သည်။ မြို့နယ်နှစ်ခုတွင် ကျောင်းအုပ်များမှာ ထောက်ပံ့ကြေးထုတ်ယူရန် သုံးစွဲထားသော ပြေစာများအား

ကောင်းစွာမတင်ပြနိုင်ခြင်းကြောင့် အိတ်စိုက်ရသည်များရှိသည်ကို တွေ့ရသည်။ မြို့နယ်နှစ်ခုတွင် ကျောင်းအုပ်များမှာ ဘတ်ဂျက်လိုင်း လွှဲမှားသုံးစွဲကြသည်ဟု မြို့နယ်ပညာရေးမှူးများက ဆိုသည်။ မြို့နယ်တစ်ခုတွင် စာရင်းစစ်မှ ၎င်းအမှားအား တွေ့ရှိခဲ့ပြီး ကျောင်းဝန်ထမ်းများအား ၎င်းအမှားအား မည်သို့ပြင်ဆင်ရမည်ကို ညွှန်ကြားပြသခဲ့သည်။ ၎င်းတွေ့ရှိချက်များအရ ကျောင်းထောက်ပံ့ ရေးအစီအစဉ် လိုအပ်ချက်နှင့် ပြည့်မီစေရန် ကျောင်းအုပ်များနှင့် ဆရာ/ဆရာမများအား ဘဏ္ဍာရေးဆိုင်ရာသင်တန်းများပေးရန် ပညာရေးမှူးများမှ အကြံပြုခဲ့သည်။ တင်းကြပ်ဘတ်ဂျက် လိုင်းများအား ပြင်ဆင်သင့်ကြောင်း မြို့နယ် ၅ ခုမှ ပညာရေးမှူးများမှ ပြောကြားခဲ့သည်။

*အကောင်းဆုံးကတော့ ကျောင်းအုပ်ကို လိုအပ်ချက်နှင့်အညီ သုံးနိုင်းပြီး အသုံးစရိတ်ပြေစာတင်ပြနိုင်းတာပဲ။ ဒါဆို ဘတ်ဂျက်လိုင်းကြပ်တာနဲ့ပတ်သက်တဲ့ ရှုပ်ထွေးမှုတွေ လျှော့ချရကျမယ်။*

(မြို့နယ်ပညာရေးမှူး)

**၄. ကျောင်းထောက်ပံ့ကြေးအစီအစဉ်အတွက် ကျိုးကြောင်းတုံ့ပြန်အရေးယူဆောင်ရွက်မှု အစီအမံ**

ကျိုးကြောင်းတုံ့ပြန်ဆောင်ရွက်မှုအစီအမံတစ်ရပ်အား တရားဝင် မထူထောင်ရသေးပေ။ ကျောင်းအုပ်များမှာ ပညာရေးမှူးများအား ကျောင်းထောက်ပံ့ကြေး၏ တင်းကြပ်သော ဘတ်ဂျတ်လိုင်း ကြောင့် မလျော်ကန်မှုများအား လူချင်းရင်းနှီးစွာတင်ပြကြသည်။ ၎င်းတင်ပြချက်များအား လက်ထောက်ပညာရေးမှူးမှ ကျောင်းများသို့လှည့်လည် စစ်ဆေးစဉ်တွင် ကြားသိရတတ်သည်။

**၅. စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်း**

မြို့နယ်နှင့် နိုင်ငံတော်အဆင့် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းအနေဖြင့် မြို့နယ်နှင့် နိုင်ငံတော်အဆင့် စာရင်းစစ်ခြင်းအား တစ်နှစ်တစ်ကြိမ်ပြုလုပ်သည်ဟု အချို့မြို့နယ်များမှဆိုပြီး အချို့မှာ တစ်နှစ် နှစ်ခါဟုဆိုသည်။ သို့သော် မြို့နယ်အားလုံးတွင် အခြေခံပညာဦးစီးဌာနမှ တစ်နှစ်နှစ်ကြိမ် စာရင်းစစ်သည်။ နိုင်ငံတော်နှင့် မြို့နယ်စာရင်းစစ်များသည် အလယ်တန်းနှင့် အထက်တန်းကျောင်းများအား တာဝန်ယူပြီး မူလတန်းကျောင်းများကိုတော့ မြို့နယ်ပညာရေးမှူးရုံးမှသာ စာရင်းစစ်သည်။ စာရင်းစစ်မှုမှာ ကျောင်းအုပ်များတင်သွင်းသော အသုံးစရိတ်ပြောစာများနှင့် လယ်ဂျာများပေါ် မူတည်ပြီး [9] ကျောင်းများမှာ လယ်ဂျာများနှင့် ပြေစာများအား ငွေပြန်ထုတ်ရန်နှင့် စာရင်းစစ်ရန်ကိစ္စရပ်များအတွက် သိမ်းဆည်းထားရသည်။

**၆. ကျောင်းထောက်ပံ့ကြေး အစီအစဉ်အတွက် အကြံပြုထောက်ခံချက်များ**

---

[9] ၎င်းအား မြို့နယ်ပညာရေးမှူးလက်ထောက်ထံမှ သိရှိခဲ့ပြီး မြို့နယ်တွင် ၎င်းနှင့်ပတ်သက်သော သတင်းအချက်အလက်မရရှိပေ။

ဤအကြံပြုထောက်ခံချက်များအား ပညာရေးဝန်ကြီးဌာန မြို့နယ်ပညာရေးမှူးများ၊ ပညာရေးမှူးလက်ထောက်များနှင့် လေ့လာခဲ့သော မြို့နယ်များရှိ ကျောင်းအုပ်များနှင့် တွေ့ဆုံမေးမြန်းချက်များအရ ထောက်ပံ့သည်။ ၎င်းအကြံပြုချက်များသည် ပညာရေးဝန်ကြီးဌာနအတွက် ရည်ရွယ်သည်။

**၁. ထည့်သွင်းစဉ်းစားရန် မူဝါဒအဆင့် အကြံပြုထောက်ခံချက်များ**

**ကာလတိုဆောင်ရွက်မှုများအတွက် အကြံပြုထောက်ခံချက်များ**

- ကျောင်းအဆင့်စီမံကိန်းအကောင်အထည်ဖော်မှုတွင် နွမ်းပါးထိခိုက်လွယ်သူများ တိုင်းရင်းသားလူမျိုးအုပ်စုများ စသည့် လူထုပါဝင်မှုအား အခြေခံထားသော လုပ်ငန်းလုပ်ဆောင်ပုံလက်စွဲပေါ်ထွန်းလာရေး
- ကျောင်းအုပ်များ၊ မြို့နယ်ပညာရေးမှူးများ နှင့် ပညာရေးမှူးလက်ထောက်များအား စာရင်းအင်းနှင့်ပတ်သက်သည့် Book keeping နှင့် စာရင်းဇယားထိန်းသိမ်းမှု recored keeping စသော ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများအား ထောက်ပံ့ပေးရန်။
- ထောက်ပံ့ငွေ ဘတ်ဂျက်လိုင်း ပိုမိုလုပ်သာကိုင်သာရှိစေရန် အချိန်အတိုင်းအတာတစ်ခုအတွင်း သုံးစွဲစေမည့် စုစုပေါင်း ဘတ်ဂျက်လုံးပေါင်းပမာဏ နှင့် သုံးစွဲမည့်အမျိုးအမည်များအား စာရင်းပြုစုထားခြင်း။ ဥပမာ- ပထမနှစ်ဝက်အတွင်း ကျပ် ၂၀၀,၀၀၀ သုံးစွဲခွင့်ပြုထားပြီး ၎င်းအား သတ်မှတ်ထားသော လုပ်ဆောင်ချက်များနှင့် အရာများတွင် သုံးစွဲစေခြင်း။
- အားလုံးပူးပေါင်းပါဝင်ခွင့်ရှိသော စောင့်ကြည့်လေ့လာခြင်းနှင့် ဆန်းစစ်အကဲဖြတ်ခြင်း အစီအမံတစ်ရပ်ပေါ်ထွန်းလာရေးနှင့် ၎င်းအား ထောက်ပံ့ကြေးအစီအစဉ် အကောင်အထည်ဖော်သူများအား အထောက်အကူပြုစေခြင်း။
- အားလုံး ပါဝင်ခွင့်ရှိသော တုံ့ပြန်အရေးယူဆောင်ရွက်မှု၊ ပဋိပက္ခဖြေရှင်းမှု အစီအမံအား ပုံစံနှစ်မျိုးဖြင့်ထူထောင်ရန်ဖြစ်ပြီး ၎င်းတွင် အလွဲသုံးစားမှုနှင့် မတရားမှုဟု ယူဆရသော အရေးကိစ္စများ ကိုင်တွယ်ဖြေရှင်းသည့် လူထုအဆင့် တုံ့ပြန်မှုအစီအစဉ်နှင့် ထောက်ပံ့ကြေးနှင့် ပတ်သက်သည့် မလျော်ကန်သော စည်းမျဉ်းများအား ကိုယ်တွယ်ဖြေရှင်းသည့် စီမံကိန်း အကောင်အထည်ဖော်သူများ၏ တုံ့ပြန်မှုအစီအစဉ် စသည်တို့ပါဝင်စေမည်။ ကျောင်းနှင့် မြို့နယ်အဆင့် အကောင်အထည်ဖော်သူများသို့ ကျောင်းထောက်ပံ့ကြေးအစီအစဉ်လက်စွဲ၊ အားလုံးပါဝင်ခွင့်ရှိသော စောင့်ကြည့်လေ့လာမှုနှင့် ဆန်းစစ်အကဲဖြတ်မှု မူဘောင်နှင့် အားလုံးပါဝင်ခွင့်ရှိသော တုံ့ပြန်မှုနှင့် ပြဿနာကိုင်တွယ်ဖြေရှင်းမှု အစီအမံ စသည်တို့အား သိရှိစေခြင်းနှင့် လက်တွေ့ကျင့်သုံးမှုဆိုင်ရာ သင်တန်းများပေးခြင်း။

**ကာလလတ် ဆောင်ရွက်မှုအတွက် အကြံပြုထောက်ခံချက်များ**

- ကျောင်းထောက်ပံ့ကြေးအစီအစဉ်အား နွမ်းပါး၍ ဝေးခေါင်သောဒေသရှိကျောင်းများသို့ ဦးစားပေးရည်ရွယ်စေခြင်း။ အဘယ်ကြောင့်ဆိုသော် ပြည့်စုံသောဒေသရှိကျောင်းများမှာ ကျောင်းသား/မိဘ အသင်းများမှတဆင့် ဘဏ္ဍာငွေရှာနိုင်သောကြောင့်ဖြစ်သည်။

**<u>ရေရှည်ဆောင်ရွက်မှုအတွက် အကြံပြုထောက်ခံချက်များ</u>**

- သင်ထောက်ကူပစ္စည်းများအတွက် လိုအပ်ချက်အလို့ငှာ ကျောင်းထောက်ပံ့ကြေးပမာဏအား တိုးမြှင့်သင့်ခြင်း။

ဇယား ၂၃ မြို့နယ် စတိုင်ပင် စီစစ်ရွေးချယ်အဖွဲ့များ၏ ဖွဲ့စည်းပုံများ

| ဖွဲ့စည်းပုံများ | ၄င်းဖွဲ့စည်းပုံရှိသော မြို့နယ်အရေအတွက် |
|---|---|
| မြို့နယ် စတိုင်ပင် ဘုတ်အဖွဲ့<br>• မြို့နယ်ပညာရေးမှူး (ဉက္ကဌ)<br>• မြို့နယ်ပညာရေးမှူးလက်ထောက် (အတွင်းရေးမှူး)<br>• အထက်တန်းကျောင်းအုပ်တစ်ဦး (ဒုအတွင်းရေးမှူး)<br>• အထက်တန်းကျောင်းအုပ်များအားလုံး (အဖွဲ့ဝင်)<br>• အလယ်တန်းကျောင်းအုပ်များအားလုံး (အဖွဲ့ဝင်)<br>• မူလတန်းကျောင်း ၁၀ ကျောင်းစီကို ကိုယ်စားပြုထားသော မူလတန်းကျောင်းအုပ်များ (အဖွဲ့ဝင်) | ၁ |
| မြို့နယ် စတိုင်ပင် ကော်မတီ<br>• မြို့နယ်ပညာရေးမှူး (ဉက္ကဌ)<br>• ဒုမြို့နယ်ပညာရေးမှူး (အတွင်းရေးမှူး)<br>• မြို့နယ်ပညာရေးမှူးလက်ထောက်တစ်ဦး (အဖွဲ့ဝင်)<br>• အတက်တန်းကျောင်းအုပ် ၂ ဦး (အဖွဲ့ဝင်)<br>• အလယ်တန်းအကျောင်းအုပ် ၁ ဦး (အဖွဲ့ဝင်)<br>• မူလတန်းကျောင်းအုပ် ၁ ဦး (အဖွဲ့ဝင်) | ၁ |
| မြို့နယ် စတိုင်ပင် ဘုတ်အဖွဲ့ | |

| | |
|---|---|
| • မြို့နယ်ပညာရေးမှူး (ဥက္ကဋ္ဌ)<br>• အထက်တန်းကျောင်းအုပ် ၉ ဦး (ရာထူးသတ်မှတ်ချက် ဖော်ပြခြင်းမရှိ)<br>• အလယ်တန်းကျောင်းအုပ် ၁ ဦး (ရာထူးသတ်မှတ်ချက် ဖော်ပြခြင်းမရှိ)<br>• အုပ်စုအဆင့် မူလတန်းကျောင်းအုပ် ၁ ဦး (ရာထူးသတ်မှတ်ချက် ဖော်ပြခြင်းမရှိ) | ၁ |